မြတ်ဗုဒ္ဓ၏အဆုံးအမတရား

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှ လာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

အချိန်မီဖြန့်ချိ သတင်းစုံသည် မြဝတီ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၆)

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်
၂၀၂၅ ခုနှစ်၊ မေ ၂၈ ရက်၊ ကြာသပတေးနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် ပျဉ်းမနားမြို့ အမှတ်(၁)မြို့မဈေးနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(ပျဉ်းမနား)တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် ပျဉ်းမနားမြို့ အမှတ်(၁)မြို့မဈေးရှိ ပြိုကျပျက်စီးခဲ့သောအဆောက်အဦနေရာများတွင် တပ်မတော်သားများနှင့်ပူးပေါင်းအဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မေ ၂၇**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်အဖွဲ့ဝင်များ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် ပျဉ်းမနားမြို့ အမှတ်(၁)မြို့မဈေးနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(ပျဉ်းမနား)တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မန္တလေးငလျင်ကြီးနှင့် နောက်ဆက်တွဲငလျင်များကြောင့်

**စာမျက်နှာ ၁၆ ကော်လံ ၁ ❐**




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဧပြီ ၂၄ ရက်)

# ပညာသည်သာ အကောင်းဆုံးအရာ

မြန်မာတို့၏ရှေးအစဉ်အလာလောကနီတိကျမ်းတွင် ပညာနှင့်ပတ်သက်၍ အဆိုအမိန့်များ များစွာ ဖော်ပြထားသည်။ “ပျင်းရိသောသူသည် အတတ်ပညာမရနိုင်၊ အတတ်ပညာမရှိသူ ဥစ္စာစီးပွားမရနိုင်၊ ဥစ္စာစီးပွားမရှိသူ အဆွေခင်ပွန်းကောင်းမရနိုင်၊ အဆွေခင်ပွန်းကောင်းမရှိသူ ချမ်းသာသုခမရနိုင်၊ ချမ်းသာသုခမရှိသူ ကောင်းမှုကုသိုလ်မရနိုင်၊ ကောင်းမှုကုသိုလ်မရှိသူသည် နိဗ္ဗာန်ကို အဘယ်မှာ မျက်မှောက်ပြုနိုင်အံ့နည်း”ဟူ၍လည်းကောင်း၊ “ဤလောက၌ အတတ်ပညာနှင့်တူသောဥစ္စာသည် မရှိ၊ အတတ်ပညာကို ခိုးသူတို့မခိုးယူနိုင်၊ အတတ်ပညာသည် မိတ်ဆွေကောင်းဖြစ်၍ ချမ်းသာကိုလည်း ပေးဆောင်နိုင်၏” ဟူ၍လည်းကောင်း၊ “အကြားအမြင်ပညာကို နည်းသည်ဟူ၍ ဘယ်အခါမျှ မအောက်မေ့ရာ၊ လေ့လာဆည်းပူး၍ စိတ်၌သိုမှီးသိမ်းဆည်းထားရာ၏။ ခြ ပုရွက်တို့သည် စုဖို့၍ မြေတောင်ပို့ကိုရသကဲ့သို့လည်းကောင်း၊ ကျဖန်များသောမိုးရေပေါက်များသည် ကြီးမားသောအိုးစရည်းကို ပြည့်စေနိုင်သကဲ့သို့လည်းကောင်း မှတ်ယူအပ်၏”ဟူ၍လည်းကောင်း ပညာနှင့်ပတ်သက်၍ လိုက်နာကျင့်ဆောင်ဖွယ်ရာဖော်ပြထားသည်။

ပညာကိုအဓိကထားသင်ယူရမည့်အရွယ်သည် လူငယ်အရွယ်ဖြစ်သည်။ လူငယ်အရွယ်ကတည်းက ကြိုးစားအားထုတ်၍ ပညာကိုလေ့လာသင်ယူနေရမည်ဖြစ်သည်။ ပညာသင်ယူရမည့်အရွယ်တွင် ပညာကို တတ်မြောက်အောင်သင်ယူထားနိုင်မှသာ မိမိတို့တတ်မြောက်ထားသည့် ပညာအရည်အချင်းအလိုက် နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ အစကောင်းမှအနှောင်းသေချာဆိုစကားကဲ့သို့ လူငယ်တို့သည် ဘဝ၏အစဖြစ်သည်။ ထိုအစသည် ကောင်းမွန်နေမှသာ အနာဂတ်တွင် မိမိအတွက်၊ မိသားစုအတွက်၊ နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည့်သူများဖြစ်လာပေလိမ့်မည်။ မိမိတို့ကိုယ်တိုင်ကြိုးစားသင်ယူတတ်မြောက်ထားသည့်ပညာအရည်အချင်းသည် မိမိတို့ဘဝကိုမြှင့်တင်ပေးသွားမည်သာဖြစ်သည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်နေသည့်ကမ္ဘာတွင် လူငယ်တို့သည်လည်း အရှိန်အဟုန်ဖြင့် လိုက်ပါကြရမည်ဖြစ်သည်။

လူငယ်ဘဝတွင် အရေးကြီးဆုံးသောအရာကိုညွှန်ပြပါဆိုလျှင် အချိန်ကိုအကျိုးရှိစွာအသုံးချတတ်ခြင်းဖြစ်သည်။ စာသင်နှစ်တစ်နှစ်ပြီးမြောက်၍ နွေရာသီကျောင်းပိတ်ရက်ကာလသည် လူငယ်တို့အတွက် ကိုယ်ပိုင်အချိန်များဖြစ်သည်။ ထိုအချိန်များကို အလဟဿကုန်ဆုံးစေမည့်အစား မိမိတို့အတွက်အကျိုးရှိမည့် ပညာရပ်တစ်ခုခုကိုသင်ယူလေ့လာသင့်သည်။ ထိုပညာရပ်သည် မိမိတို့ဘဝတစ်သက်တာအတွက်ဖြစ်သလို နိုင်ငံအတွက်အကျိုးပြုမည့်ပညာရပ်မျိုးဖြစ်သင့်သည်။ လူငယ်တိုင်းမှာ တက်ကြွသောစိတ်ဖြင့် အရာရာကိုသိချင်တတ်ချင်စိတ်များရှိထားပေရာ အဆိုပါနွေရာသီကျောင်းပိတ်ရက်ကာလများတွင် ကောင်းသောပညာဆည်းပူးခြင်းဖြင့် အချိန်ကိုအကျိုးရှိစွာအသုံးချရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်နှစ်တိုင်း နွေရာသီကျောင်းပိတ်ရက်တွင် ရေကြောင်းလူငယ်သင်တန်းများ၊ လေကြောင်းလူငယ်သင်တန်းများဖွင့်လှစ်ပေးလျက်ရှိသည်။ အဆိုပါပညာရပ်များမှာ အနာဂတ်တွင် မိမိအတွက်၊ မိမိနိုင်ငံတော်အတွက်အကျိုးပြုမည့်ပညာရပ်များဖြစ်သည်။ ပညာဆိုသည်မှာ လေ့လာ၍ မကုန်နိုင်သောအရာများသာဖြစ်သည်။ လူငယ်တိုင်းက မိမိနိုင်ငံကို ကာကွယ်ခြင်း၊ စောင့်ရှောက်ခြင်း၊ တိုးတက်ကြီးပွားအောင်စွမ်းဆောင်ခြင်း စသောလုပ်ငန်းများကို မဖြစ်မနေလုပ်ဆောင်ကြရမည့်သူများဖြစ်သည်။ မိမိနိုင်ငံကို နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်ရန်အတွက် လက်တွေ့ကျသောပညာရပ်များကို နိုင်ငံတော်နှင့်တပ်မတော်က သင်ကြားပေးနေခြင်းဖြစ်သည်။

တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုနှင့်ပေါ်ပေါက်လာခဲ့ပြီး ယနေ့တိုင် နိုင်ငံအတွက်အားထားရသောအဖွဲ့အစည်းအဖြစ်ရပ်တည်လျက်ရှိသည်။ ထိုအဖွဲ့အစည်းတွင် ပညာရပ်များ များစွာရှိသည်။ ထိုပညာရပ်များကို တပ်မတော်သားအဆက်ဆက်တို့က လက်ဆင့်ကမ်းထိန်းသိမ်းခဲ့ကြသည်။ ယခုအခါ အဆိုပါပညာရပ်များထဲမှ ရေကြောင်းဆိုင်ရာပညာရပ်များ၊ လေကြောင်းဆိုင်ရာပညာရပ်များကို လူငယ်တို့အား လက်ဆင့်ကမ်းနေခြင်းဖြစ်သည်။ အဆိုပါသင်တန်းများကို ဧပြီလ ၂၂ ရက်မှ မေလ ၂၇ ရက်အထိ သတ်မှတ်ထားသည့် သင်တန်းနေရာအသီးသီးတွင် သင်ကြားပို့ချပေးလျက်ရှိသည်။ သင်တန်းများမှပညာရပ်များကို လူငယ်များအား သင်ကြားပေးထားခြင်းအားဖြင့် လူငယ်တို့အတွက် အဖိုးတန်အမွေကိုမျှဝေခြင်းဖြစ်သည်။

ယနေ့နိုင်ငံတော်တာဝန်အရပ်ရပ်ကို ကျရာနေရာမှပါဝင်ထမ်းရွက်နေသူမှန်သမျှမှာ တစ်ချိန်က ကျောင်းသား၊ ကျောင်းသူလူငယ်များပင်ဖြစ်ကြသည်။ နိုင်ငံတော်တည်ဆောက်ရေး၊ ကာကွယ်ရေးတာဝန်များမှာ လူငယ်များမလွှဲမသွေကြုံရမည့်တာဝန်များဖြစ်သည်။ ထိုတာဝန်များကိုထမ်းဆောင်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်သင်ကြားပေးနေခြင်းမှာ လူငယ်များ၏အရည်အသွေးကိုမြှင့်တင်ပေးနေခြင်းဖြစ်သည်။ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေးကို နိုင်ငံတော်အစိုးရက အလေးထားဆောင်ရွက်လျက်ရှိချိန်တွင် လူငယ်များအနေဖြင့် ယခုကဲ့သို့ ရေကြောင်းအတတ်ပညာ၊ လေကြောင်းဆိုင်ရာအတတ်ပညာများကို သင်ယူခွင့်ရရှိခြင်းသည် အခွင့်အလမ်းကောင်းတစ်ခုဖြစ်သည်။ လူငယ်များအနေဖြင့် တော်သူများ၊ တတ်သူများဖြစ်အောင် မိမိတို့သင်ယူခွင့်ရရှိသည့်ပညာရပ်ကို ကြိုးစားသင်ယူရမည်ဖြစ်သည်။ ရိုးသားကြိုးစား၍ ကျွမ်းကျင်စွာတတ်မြောက်သင်ယူခြင်းဖြင့် မိမိတို့၏အနာဂတ်၊ နိုင်ငံတော်၏အနာဂတ်၊ တပ်မတော်၏အနာဂတ်ကို ပိုမိုလှပအောင်စွမ်းဆောင်ကြရမည်ဖြစ်သည်။ ထို့ကြောင့် ဘဝတွင်ပညာသည်သာအကောင်းဆုံးအရာဖြစ်၍ ပညာပြည့်ဝနလုံးလှအောင်သင်ယူကြရန်ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

# မြဝတီမြို့ကျက်သရေဆောင် ရွှေမြင်းဝန် စေတီတော်မြတ်ကြီး၌ ဥပ္ပါတသန္တိပါဠိတော် ရွတ်ဖတ်ပူဇော်ခြင်း အောင်ပွဲမင်္ဂလာအခမ်းအနားကျင်းပ

မြဝတီ ဧပြီ ၂၃

ကရင်ပြည်နယ် မြဝတီမြို့၏ ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ရွှေမြင်းဝန် စေတီတော်မြတ်ကြီး၌ မြောက်ဘက်မုခ် မဟာမြတ်မုနိရုပ်ပွားတော်မြတ်ကြီးဝင်းအတွင်း၌ ဧပြီလ ၂၂ ရက် နံနက်ပိုင်းတွင် ဥပ္ပါတသန္တိပါဠိတော် ရွတ်ဖတ်ပူဇော်ခြင်း အောင်ပွဲမင်္ဂလာအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ ကျောင်းတိုက်အသီးသီးမှ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များက နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး ကိုးနဝင်းဇောတိရတနာ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိပါလထံမှ မြဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးစိန်သောင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပေးပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မြဝတီမြို့ မြသုခတပ်ဦးကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဒေါက်တာ အရှင်ပညာနန္ဒထံမှအနုမောဒနာတရားနာယူကြည်ညို၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြောင်း သိရသည်။

(၄၀၆)

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါး စိုက်ဧက ၄၀၀ စိုက်ပျိုးပြီးစီး

မိတ္ထီလာ ဧပြီ ၂၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးစိုက်ဧက ၄၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာမြို့နယ်အတွင်းရှိ မိတ္ထီလာကန်၊ မုန်တိုင်၊ ချောင်းကောက်ဆည်ရေများဖြင့် နွေစပါးစိုက်ဧက ၄၀၀ အား စိုက်ပျိုးသွားရန် လျာထားသတ်မှတ်ပြီး စိုက်ပျိုးခဲ့ရာ သတ်မှတ်လျာထားချက်ပြည့်မီရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဒေသခံစိုက်ပျိုးရေးတောင်သူများနှင့်ပူးပေါင်း၍ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် နွေစပါးစိုက်ပျိုးရာတွင် ထမုန်ကန်ကျေးရွာအုပ်စု စက်ပစ်တောင်ကျေးရွာရှိ တောင်သူ ၇၆ ဦးက နွေစပါးစိုက်ဧက ၁၉၀၊ ညောင်ကိုင်ကျေးရွာအုပ်စု ညောင်ကိုင်ကျေးရွာရှိ တောင်သူ ၂၇ ဦးက နွေစပါးစိုက်ဧက ၆၀၊ ကွက်ငယ်ကျေးရွာအုပ်စု ကွက်ငယ်ကျေးရွာရှိ တောင်သူ ၂၈ ဦးက နွေစပါးစိုက်ဧက ၅၀ နှင့် ကန်နီကျေးရွာအုပ်စု မကျီးစုကျေးရွာရှိ တောင်သူ ၄၇ ဦးက နွေစပါးစိုက်ဧက ၁၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

စိုက်ပျိုးရေးအတွက် အခြေခံလိုအပ်ချက်မှာ မျိုး၊ မြေ၊ ရေ၊ နည်းဖြစ်ပြီး မြေကောင်းမြေသန့်ဖြစ်စေရန် မြေဩဇာကို သဘာဝနည်းဖြင့် မှန်ကန်စွာအသုံးချရေး၊ စိုက်ပျိုးရေ အပြည့်အဝရရှိရေးနှင့် ရာသီဥတုနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ တွေ့ကြုံလာသည့် ရာသီဥတုအခြေအနေအပေါ် မူတည်၍ စိုက်ပျိုးနည်းစနစ်များ ပြောင်းလဲစိုက်ပျိုးရန်လိုအပ်ကြောင်း သိရသည်။ (၆၀၂)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၄-၄-၂၀၂၅(ကြာသပတေးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၃၀ | ခံစားနားဆင် မြန်မာသံစဉ် | ၄။ | ၁၇:၀၀ | အနုပညာခရီးလမ်း |
| ၂။ | ၁၀:၀၀ | Internet Pages | ၅။ | ၁၈:၂၀ | Thazin Request Song |
| ၃။ | ၁၄:၃၀ | Live For You | ၆။ | ၂၁:၂၀ | လွမ်းသဝဏ်လွှာ |

မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၂၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂။ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တစ်နှစ်တာကာလအတွင်း ပြည်ပသို့ ရေထွက်ကုန်ငါးမက်ထရစ်တန် လေးသိန်းနီးပါးတင်ပို့နိုင်



ရန်ကုန် ဧပြီ ၂၃

ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့လျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တစ်နှစ်တာကာလအတွင်း ပြည်ပသို့ ရေထွက်ကုန်ငါးမက်ထရစ်တန် လေးသိန်းနီးပါး တင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ပြောဆိုချက်အရ သိရသည်။

"၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်ကနေ မတ်လ ၃၁ ရက်အထိ တစ်နှစ်တာကာလအတွင်း ပြည်ပကို ငါးတင်ပို့မှုအနေနဲ့ မက်ထရစ်တန် ၃၉၃၁၇၄ ဒသမ ၅၄၅ တန် တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၄၂၁ ဒသမ ၉၄၂ သန်းရရှိခဲ့ပါတယ်" ဟု ၎င်းကပြောသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ မတ်လ ၃၁ ရက်အထိ တစ်နှစ်တာကာလအတွင်း ပြည်ပသို့ ရေထွက်ကုန်ငါးတင်ပို့မှုအနေဖြင့် ပုံမှန်ကုန်သွယ်မှုမှ မက်ထရစ်တန် ၁၇၆၆၂၄ ဒသမ ၅၅၆ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၄၁ ဒသမ ၃၃၂ သန်းရရှိခဲ့ကာ နယ်စပ်ကုန်သွယ်မှုမှ မက်ထရစ်တန် ၂၁၆၅၄၉ ဒသမ ၉၈၉ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၈၀ ဒသမ ၆၁ သန်းရရှိသည့်အတွက် ပြည်ပသို့ ငါးတင်ပို့မှုစုစုပေါင်း မက်ထရစ်တန် ၃၉၃၁၇၄ ဒသမ ၅၄၅ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၄၂၁ ဒသမ ၉၄၂ သန်းရရှိခဲ့သည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ကာလတူက ပြည်ပသို့ ငါးတင်ပို့မှုအနေဖြင့် မက်ထရစ်တန် ၃၄၄၃၄၂ ဒသမ ၇၀၈ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၃၈၈ ဒသမ ၀၈၅ သန်းရရှိခဲ့သည်။

ထို့ကြောင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တစ်နှစ်တာကာလအတွင်း ပြည်ပသို့ ငါးတင်ပို့မှုသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက မက်ထရစ်တန် ၄၈၈၃၁ ဒသမ ၈၃၇ တန် ပိုမိုတင်ပို့နိုင်ပြီး အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၈၅၇ သန်း ပိုမိုရရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ပုစွန်အပါအဝင် ရေထွက်ကုန်များကို တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် ဂျပန် စသည့်နိုင်ငံပေါင်း ၄၀ ကျော်သို့တင်ပို့လျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးမှလည်း တိုက်ရိုက်တင်ပို့ကြောင်း သိရသည်။

**စောယု**

# ပွင့်ဖြူမြို့နယ်၌ စားဖိုဆောင်သီးနှံများ ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်

ပွင့်ဖြူ ဧပြီ ၂၃

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စားဖိုဆောင်သီးနှံများ ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက ငရုတ် ၉၉၂ ဧက၊ ကြက်သွန်နီ ၁၁၄၈ ဧက၊ ကြက်သွန်ဖြူ ၃၈ ဧက စုစုပေါင်း စားဖိုဆောင်သီးနှံစုံ ၂၁၇၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စားဖိုဆောင်သီးနှံများကို ပြီးခဲ့သည့် ဖေဖော်ဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ လက်ရှိတွင် ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး အထွက်နှုန်းအနေဖြင့် ငရုတ်တစ်ဧကလျှင် ပိဿာ ၇၅၀ ကျော်၊ ကြက်သွန်နီတစ်ဧကလျှင် ပိဿာ ၅၀၀၀ ကျော်၊ ကြက်သွန်ဖြူတစ်ဧကလျှင် ပိဿာ ၂၉၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။

"ပွင့်ဖြူမြို့နယ်အတွင်း ပြီးခဲ့တဲ့ဆောင်းသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့တဲ့ စားဖိုဆောင်သီးနှံအားလုံး နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ စားဖိုဆောင်သီးနှံတွေ အောင်မြင်ဖြစ်ထွန်းစေဖို့နဲ့ အစားအစာဘေးကင်းလုံခြုံစေဖို့အတွက် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ(GAP)နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင် ကွင်းဆင်းပြီး နည်းပညာတွေ ပံ့ပိုးကူညီပေးခဲ့ပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စားရေရိက္ခာဖူလုံစေရန်နှင့် သီးနှံဝင်ငွေတိုးပွားစေရန် စားဖိုဆောင်သီးနှံစုံ ၂၅၂၅ ဧက လျာထားစိုက်ပျိုးခဲ့ရာ ၂၁၇၈ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ဒေသခံတောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက သီးနှံအထွက်နှုန်းကောင်းမွန်စေရေးနှင့် သီးနှံများစနစ်တကျစိုက်ပျိုးနိုင်ရေး လိုအပ်သောစိုက်ပျိုးရေးနည်းပညာများကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စားဖိုဆောင်သီးနှံများကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားရေရိက္ခာဖူလုံစေရုံသာမက ပိုလျှံသောသီးနှံများကို ရောင်းချနိုင်သဖြင့် ဒေသခံတောင်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စားဖိုဆောင်သီးနှံများကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးနိုင်အောင် ကြိုးပမ်းသင့်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# မုံ့ဒုံမြို့နယ်၌ ဒူးရင်းသီးများစတင်ထွက်ရှိချိန်တွင် ဈေးကောင်းရရှိကာ စိုက်ပျိုးသူများအဆင်ပြေလျက်ရှိ

မုံ့ဒုံ ဧပြီ ၂၃

မွန်ပြည်နယ်၌ ဒူးရင်းသီးများ စတင်ထွက်ရှိချိန်တွင် ဈေးကောင်းရရှိကာ စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

မုံ့ဒုံမြို့နယ်၌ ဒူးရင်းပင်အမျိုးအစားပေါင်း ၂၀ ခန့်စိုက်ပျိုးကြရာ မွန်ထောင်း၊ ချန်နီ၊ မလေးမျိုး (မူဆန်ကင်း)၊ ယိုးဒယားမျိုးတို့ကို ပျိုးပင်များနှင့် ကိုင်းဆက်ကိုင်းကူးနည်းတို့ဖြင့် အဓိကထားစိုက်ပျိုးကြသည်။

ဒူးရင်းပင် ကိုင်းဆက်မျိုးများသည် စိုက်ပျိုးပြီးသုံးနှစ်ခန့်အကြာတွင် အသီးများ စတင်ထွက်ရှိကြောင်း၊ ဒူးရင်းပင်တစ်ဧကလျှင် ပင်ကြားတန်းကြား ပေ ၃၀ ပတ်လည်စိုက်ပျိုးမည်ဆိုပါက ၄၈ ပင်၊ ၂၅ ပေ ပတ်လည်စိုက်ပျိုးမည်ဆိုပါက အပင် ၇၀ ခန့်အထိ စိုက်ပျိုးနိုင်ကြောင်း၊ အပင်များပိုးမကျစေရန်နှင့် သဘာဝမြေဩဇာများကို နည်းစနစ်တကျ ထည့်သွင်းရန်လိုအပ်ကြောင်း၊ ဒူးရင်းမျိုးကောင်းတစ်ဧက စိုက်ပျိုးခြင်းဖြင့် အသီးထွက်ရှိချိန်တွင် တစ်နှစ်လျှင် ငွေကျပ်သိန်း ၁၀၀ ကျော် ရရှိနိုင်ကြောင်း၊ ယခု ဒူးရင်းသီးများစတင်ထွက်ရှိချိန်တွင် အမျိုးအစားပေါ်မူတည်၍ ဈေးရရှိကြောင်း ဘဲရမ်းကျေးရွာမှ ဒူးရင်းသီးစိုက်ပျိုးတောင်သူတစ်ဦးက ပြောသည်။

မုံ့ဒုံမြို့နယ်ဒေသထွက် ဒူးရင်းမျိုးကောင်းမျိုးသန့်များကို ပြည်တွင်းပြည်ပသို့တင်ပို့နိုင်ရန် ဒူးရင်းမျိုးများ သုတေသနပြုစိုက်ပျိုးထားခြင်း၊ သစ်သီးဝလံသုတေသန စိုက်ပျိုးရေးနည်းပညာများကို တောင်သူများထံ ဖြန့်ဝေပေးခြင်းအပြင် သီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူများနှင့်ပူးပေါင်းပြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးရေးလုပ်ငန်းများကို ကိုယ်စီအောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပြီး သို့မှသာ တောင်သူတစ်ဦးချင်းစီ၏ စီးပွားရေးလုပ်ငန်းများ ပြေလည်ကောင်းမွန်မည်ဖြစ်ကြောင်း၊ တစ်ဦးချင်းဝင်ငွေကောင်း၊ အလုပ်အကိုင်ကောင်းမှ နိုင်ငံ့စီးပွားရေး တိုးတက်ကောင်းမွန်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးသည့်အတွက် အလုပ်လုပ်နိုင်လျှင် လုပ်နိုင်သလောက် အကျိုးစီးပွား ဖြစ်ထွန်းမည်ဖြစ်ကြောင်း သိရသည်။

**ရာမည**

မြဝတီ ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ထိုရက်အတွင်း ကျွန်ုပ်၏ရင့်ကျက်သောလက္ခဏာကိုမြင်ရသော ဖခင်၏တပည့်တစ်ယောက်ကမူ (ကျွန်ုပ်ထက် ၁၀ နှစ်ခန့်ကြီးသော်လည်း) 'ကိုဖေသိန်းကိုကြည့်ရတာ ကျွန်တော်ဖြင့် ဒူးထောက်ပြီး ရှိခိုးချင်တဲ့စိတ် ခဏခဏဖြစ်မိတယ် ဆရာရေ့' ဟု ပြောဖူးလေသည်။ မိခင်မှုကား ကျွန်ုပ်ကိုမြင်ရ၍ အားရလှသည်နှင့် တပြုံးပြုံးရှိနေ၏။ ဇနီးမစိုးမူကား ခင်ပွန်းသည်တစ်ယောက် ဆုံးချေတော့မည်ဟူသောစိုးရိမ်မှုဖြင့် မျက်နှာညှိုးငယ်လျက်ရှိ၏။ ဤသို့ဖြစ်ရခြင်းမှာ ကျွန်ုပ်၏စူးစိုက်သောသမာဓိနှင့် ရင့်ကျက်တည်ငြိမ်သောလက္ခဏာတို့ကြောင့် ဖြစ်ပေလိမ့်မည်။ ငါးရက်မြောက်သောညဉ့်တွင် ကျွန်ုပ်သည် 'ငါ' ဟူ၍ အထင်မှားကြရအောင် လှည့်စားသော အကြောင်းရင်းကိုတွေ့ရှိ၍ ဝမ်းသာအားရဖြင့် တုန်ယင်စွာ မိဘများအားနှိုး၍ ပြောပြလေ၏။

### ပီတိတစ်မျိုးပေလော

မိခင်၊ ဖခင်နှင့်တကွ ၎င်းတို့၏တပည့်အပေါင်းမှာ တုန်လှုပ်ချောက်ချားသွားကြလေပြီ။ မိခင်နှင့် ဖခင်တို့အားလည်း ၎င်းတို့၏တရားအမြင်မှာ မစင်ကြယ်သေးကြောင်းပြောပြရာ ဖခင်ကပင် ရှေးဦးစွာသဘောပေါက်၍ ယင်းညဉ့်ပင် မိခင်နားလည်သွားသည်။ ထိုရက်များအတွင်း၌ ကျွန်ုပ်သည် လောကအကြောင်းကိုလည်း ဂရုမစိုက်၊ လောကီနှင့်ပတ်သက်၍လည်း ဘာမျှမပြောတော့ဘဲ ဆိတ်ဆိတ်နေတော့သည်။ တစ်ညဉ့် ဖခင်နှင့်ကျွန်ုပ်သည် ရွာထဲက အလှူတစ်ခုသို့သွားကြရာ မဏ္ဍပ်ထဲတွင် ဖခင်အတွက် သီးသန့်ခုံရှည်တစ်ခုခင်းထား၏။ ဖခင်မှာ ဓမ္မကထိကတစ်ယောက်ဖြစ်၍ သာမှု၊ နာမှုများတွင် တရားဟောလေ့ရှိရာ ထိုညဉ့်တွင်လည်း ဆိုင်းမတီးမီ နာရီဝက်ခန့်တရားဟောဖို့အစီအစဉ်ရှိ၏။ ဓမ္မကထိကဖြစ်သောဖခင်အတွက် ခင်းကျင်းထားသည့် ခုံရှည်ပေါ်၌ သားအဖနှစ်ယောက်ထိုင်ကြရာတွင် ကျွန်ုပ်သည် နောက်ကိုမှီခိုလျက် ပုပုရွရွရှိနေသော ပရိသတ်အားလှမ်းကြည့်ရင်း 'သူတို့ကား သံသရာ၌ ကျင်လည်ကြရရှာဦးမည်၊ ငါ့အဖို့ကား ပြီးပေပြီ' ဟူသောစိတ်အကြံဖြစ်ပေါ်လာသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်တွင် ထူးခြားသောခံစားမှုတစ်ခုဖြစ်ပေါ်လာ၏။ ဥပမာ – အလွန်မြင့်သောတောင်ကြီးကိုတက်၍ အထွတ်သို့ရောက်သောအခါ ဆိုဖာကြီးပေါ်တွင်ထိုင်၍ လေညင်းခံလိုက်သည်၌ ခံစားရသည့်အရသာမျိုးနှင့် နှိုင်းယှဉ်ရမည်ထင်သည်။ ဆိုဖာပေါ်တွင် ငြိမ်းချမ်းခြင်းမှတစ်ပါးဘာကိုမျှသတိမရနိုင်သကဲ့သို့ ကျွန်ုပ်မှာလည်း ယင်းအခိုက်အတန့်တွင် ငါ၌သံသရာတာဝန်ကြီး ပြီးဆုံးပေပြီဆိုကာကြီးစွာသောကျေနပ်ငြိမ်သက်မှုကို ခံစားရဖူးသည်။ (ထိုစဉ်ကမူ ကိုယ့်ဟာကိုယ်အလုံးစုံကိစ္စပြီးပြီကဲ့သို့ မှတ်ထင်လျက်ရှိပါသည်။)

> "ကျွန်ုပ်အဖို့ရာတွင်မူကား သတိလွတ်မှုသေနိုင်သဖြင့် တကယ်သေသွားသည်ဆိုလျှင် ကျွန်ုပ်ကြိုက်၊ မကြိုက် ဆုံးဖြတ်ရန်မလွယ်ကူဘဲဖြစ်နေ၏။ သတိလွတ်ခြင်းကို လွတ်လပ်သည်ထင်ရ၍ သဘောကျမိသော်လည်း ပြန်၍သတိမရတော့ဘဲ တစ်ခါတည်း ဝိညာဉ်ချုပ်သွားပါမူ ဟုတ်မှဟုတ်ပါစဟူသော သံသယဝင်လာခဲ့ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်သည် ဖခင်နှင့် ဇနီးတို့သတိပေးသောဘက်သို့ အားတင်းကာ မိမိကိုယ်ကို နိုးကြားအောင် ကြိုးစားပေးပါတော့သည် . . . "

### ထူးဆန်းသောအဖြစ်မျိုး

နောက်တစ်နေ့တွင်မူကား ကျွန်ုပ်သည် ငြိမ်းချမ်းသောအရသာကို ခံစားရင်းကပင် တစ်ချက်တစ်ချက်သတိလွတ်သွား၏။ သတိလွတ်၍ အတန်ကြာတိုင်း ဖခင်ကဖြစ်စေ၊ မစိုးကဖြစ်စေ သတိရအောင်နှိုးလေ့ရှိ၏။ တစ်ယောက်ယောက်ကနှိုးသဖြင့် သတိရလာသောအခါတွင် ကျွန်ုပ်၏စိတ်ထဲ၌ လွတ်လပ်စွာ လေထဲတွင်နေရာမှ ဖျာလိပ်ခေါင်းထဲသို့ သွတ်သွင်းလိုက်သည့်အလား ကျဉ်းကျုတ်ကျပ်တည်းလှသည်ဟုထင်မိသည်နှင့် ဘာကြောင့် နှိုးချင်ကြသနည်းဟူ၍ပင်ပြောမိ၏။ ဤတွင် ဖခင်နှင့်ဇနီးတို့မှာ ကျွန်ုပ်သေတော့မည်ထင်၍ မဲ့တဲ့တဲ့ဖြစ်ကုန်ကြလေပြီ။ မိခင်ကမူကား 'မသေနိုင်ပါဘူး၊ မပူကြပါနဲ့၊ သေလျှင်ကော ဘာဖြစ်သလဲ၊ ကောင်းသောသေခြင်းပဲ' ဟုဆိုကာ ကြံ့ကြံ့ခိုင်လျက်ရှိပေသည်။ ကျွန်ုပ်အဖို့ရာတွင်မူကား သတိလွတ်မှုသေနိုင်သဖြင့် တကယ်သေသွားသည်ဆိုလျှင် ကျွန်ုပ်ကြိုက်၊ မကြိုက် ဆုံးဖြတ်ရန်မလွယ်ကူဘဲဖြစ်နေ၏။ သတိလွတ်ခြင်းကို လွတ်လပ်သည်ထင်ရ၍ သဘောကျမိသော်လည်း ပြန်၍သတိမရတော့ဘဲ တစ်ခါတည်း ဝိညာဉ်ချုပ်သွားပါမူ ဟုတ်မှဟုတ်ပါစဟူသော သံသယဝင်လာခဲ့ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်သည် ဖခင်နှင့်ဇနီးတို့သတိပေးသောဘက်သို့ အားတင်းကာ မိမိကိုယ်ကို နိုးကြားအောင်ကြိုးစားပေးပါတော့သည်။ ပတ်ဝန်းကျင်ကိုမသိဘဲ သတိလွတ်၍နေခြင်းသည် ငြိမ်းချမ်းခြင်းရှိသည်ကား မှန်သည်။ သို့ရာတွင် ဤအဖြစ်နှင့်ပတ်သက်၍ မကျေနပ်ဖွယ်သောအခြင်းအရာတစ်ခုမှာ မိမိကအလိုရှိသောအခါမှ သတိလွတ်သည်ဆိုလျှင် တော်ပါ၏။ ယခုမူ မိမိ၏လုံ့လပယောဂမစိုက်ဘဲ ခဏခဏသတိလွတ်ခြင်းဖြစ်သောကြောင့် မူမှန်သောလွတ်ခြင်းဟုတ်ပါလေ၏လောဟု သံသယဖြစ်လာသည်။ သို့ဖြစ်၍ ကျွန်ုပ်သည် သမာဓိလွန်ကဲခြင်းဖြစ်တန်ရာသည်ဟု စဉ်းစားမိသည်နှင့် သမာဓိကို လျှော့ချပစ်မည်ဆိုကာ ကျွန်ုပ်တီးနေကျဖြစ်သောစောင်းကိုကောက်၍တီးလိုက်၏။ စောင်းသံသည် ကျွန်ုပ်၏နားတွင် အသာယာဆုံးသောအသံဟု မှတ်ထင်နေကျဖြစ်သော်လည်း ထိုအခါ၌မူ သမံတလင်းကိုကျောက်ခဲနှင့်ခြစ်သောအသံကဲ့သို့ ကြမ်းတမ်း၍ မခံမရပ်နိုင်အောင်ရှိသည်နှင့် စောင်းကို ချက်ချင်းချထားလိုက်ရသည်။ နောက်ဆုံး၌ အကြံတစ်ခုရ၍ အနှိပ်သည်ခေါ်ပြီး ဘဝင်ကိုထောက်ပေးစေသည်တွင်မှ သက်သာရာရပါတော့သည်။

### ဇနီးကို ပြန်ပို့ခြင်း

အနှိပ်ခံပြီးသည့်နောက်၌မူ သတိလွတ်တော့သည်မရှိပါ။ သို့ရာတွင် တရားနှင့်ပတ်သက်သောစကားမျိုးမှတစ်ပါး ဘာမျှမပြောချင်တော့ဘဲ တစ်ယောက်တည်းကိုယ့်အာရုံနှင့်ကိုယ် နေချင်ပါတော့သည်။ မစိုးတို့မောင်နှမမူကား မျက်နှာမသာမယာရှိနေရှာကြလေပြီ။ မိမိ၏သားမယားကြည့်ရှုပါမှ နေတတ်သည့်ဝါသနာရှိသော ကျွန်ုပ်သည် သူတို့၏မျက်နှာညှိုးငယ်ခြင်းကိုမြင်ရသော်လည်း စိတ်၌ဘာမျှမထိခိုက်။ ကိုယ်နှင့်ဘာမျှမဆိုင်သကဲ့သို့ ခပ်အေးအေးပင်နေတတ်လာသည်။ ဤသည်တွင် မိခင်က မစိုးတို့မောင်နှမကို မြတောင်သို့ ခေတ္တအလည်အပတ်သွားစေလျှင် ကောင်းလိမ့်မည်ဟု အကြံပေးသည်နှင့် ကျွန်ုပ်ကိုယ်တိုင် ၎င်းတို့အား လိုက်ပို့ရန်စီစဉ်သည်။ အစီအစဉ်မှာ ရထားနှင့် ကသာရောက်အောင် ကျွန်ုပ်လိုက်ပို့ပြီး ၎င်းတို့အား အစုန်သင်္ဘောဖြင့် မြတောင်သို့တင်ပေးလိုက်ရန်ဖြစ်၏။ သို့ဖြစ်၍ ကျွန်ုပ်နှင့် မစိုးတို့မောင်နှမသည် ဝက်လက်မှ ရထားနှင့်လိုက်ပါသွားရာ ကျွန်ုပ်သည် ရထားပေါ်တွင် ခရီးသည်တွေကို ပီပီသသ သဲသဲကွဲကွဲမမြင်ဘဲ အိပ်မက်ထဲမှာကဲ့သို့ ဝိုးတဝါးဖြစ်နေ၏။ ၎င်းတို့၏လှုပ်ရှားမှုများနှင့် စကားသံများသည် ကျွန်ုပ်အဖို့ ဘာမျှအဓိပ္ပာယ်မရှိ၊ အရိပ်များသဖွယ်ထင်ရ၍ လမ်းတစ်လျှောက်လုံး ဤအတိုင်းပင်ဖြစ်နေ၏။ နံနက်တွင် ကသာသို့ရောက်ကြ၍ ညနေတွင် သူတို့မောင်နှမကို ဗန်းမော်မှလာသော အစုန်သင်္ဘောဖြင့် တင်ပေးလိုက်ရန်ဖြစ်လေသည်။

### ဈာန်လျှောသကဲ့သို့ဖြစ်ရပုံ

ညနေတွင် ကျွန်ုပ်တို့သုံးယောက်သည် မြစ်ဆိပ်သို့လာကြရာ အစီအစဉ်မှာ သူတို့ကို သင်္ဘောပေါ်သို့တင်ပေး၍ ကျွန်ုပ်ကလည်း ယင်းညနေထွက်သည့်ရထားနှင့် ဝက်လက်သို့ ပြန်ရန်ဖြစ်၏။ ရထားဘူတာရုံမှာလည်း (ထိုစဉ်က) သင်္ဘောဆိပ်၌ပင်တည်ရှိ၏။ သင်္ဘောဆိုက်လာသောအခါ ကျွန်ုပ်သည် မောင်နှမနှစ်ယောက်အား သင်္ဘောပေါ်သို့ တင်ပို့ပေးခဲ့ပြီးနောက် ကျွန်ုပ်အတွက် ဘူတာရုံမှလက်မှတ်ယူပြီးလျှင် အသင့်ထိုးထားသည့် ရထားတွဲပေါ်သို့တက်၏။ ရထားနှင့်သင်္ဘောမှာ နီးကပ်စွာရှိကြသည်ဖြစ်၍ သူတို့မောင်နှမနှင့် ကျွန်ုပ်သည် ကောင်းစွာမြင်နိုင်ကြသည်နှင့် တစ်ဖက်နှင့်တစ်ဖက် လှမ်း၍လက်ပြကာ နှုတ်ဆက်ကြသေး၏။ အတန်ကြာသော် သင်္ဘောမှ ဥသြဆွဲ၍ ရထားလည်း ဝီစီမှုတ်လျက်အချက်ပေးကာ တစ်ပြိုင်နက်တည်းထွက်ကြလေ၏။ သူတို့မောင်နှမနှင့် ကျွန်ုပ်သည်လည်း တစ်ဖက်နှင့်တစ်ဖက် လှမ်း၍ကြည့်ကြဆဲပင်ရှိနေခိုက် ကျွန်ုပ်၏စိတ်ထဲ၌ 'သူတို့မောင်နှမသည် ငါ့အတွက်ကြောင့် ပြန်သွားရရှာကြလေပြီတကား' ဟူသော စိတ်ကူးဖြစ်ပေါ်လာသည်နှင့်တစ်ပြိုင်နက် ရင်ထဲ၌ နင့်ခနဲဖြစ်သွားပါတော့သည်။ တစ်ဖက်နှင့်တစ်ဖက် မျက်စိတစ်ဆုံးကြည့်နေကြ၍ သင်္ဘောသည် ဦးလှည့်လိုက်သဖြင့် ကွယ်သွားသည်တွင်မှ ကျွန်ုပ်သည် နေရာတကျထိုင်လိုက်ပါတော့သည်။ ထိုအခါတွင် ကျွန်ုပ်၌ အကြီးအကျယ်ပြောင်းလဲခြင်းဖြစ်သွားသည်ကို တွေ့လိုက်ရသည်။

**ဆက်လက်ဖော်ပြပါမည်။**

---

# ရန်ကင်းမြို့နယ်၌ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းဆောင်ရွက်

ရန်ကုန် ဧပြီ ၂၃

(၇၉) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်အတွင်း မီးလောင်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် ဧပြီလ ၂၃ ရက်တွင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့မှ မီးဘေးလုံခြုံရေးစစ်ဆေးဆောင်ရွက်ကြသည်။

ထိုသို့စစ်ဆေးရာတွင် ရန်ကင်းမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးထိန်လင်းဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ သန္တေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်အတူ အမှတ်(၉) ရပ်ကွက်ရှိ လူနေအိမ်များကို တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေးစစ်ဆေးဆောင်ရွက်ကြသည်။

ရှေးဦးစွာ ရန်ကင်းမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးထိန်လင်းက ရပ်ကွက်နေပြည်သူများအနေဖြင့် မီးဘေးအန္တရာယ်ကြောင့် အသက်အိုးအိမ်စည်းစိမ်များဆုံးရှုံးထိခိုက်မှုမရှိစေရေး နေအိမ်များ၌ မီးချိတ်၊ မီးကပ်များနှင့် သဲအိတ်များထားရှိကြရန်၊ ရှုပ်ထွေးနေသောဝိုင်ယာကြိုးများနှင့် ဆွေးမြည့်နေသောဝိုင်ယာကြိုးများကို လဲလှယ်ခြင်းများပြုလုပ်ကြရန်၊ လျှပ်စစ်မီးဖိုနှင့် ဂက်စ်မီးဖိုများအသုံးပြုရာတွင် မီးပေါ့ဆမှုမဖြစ်ပွားစေရန် လျှပ်စစ်နှင့် တခြားမီးဘေးအန္တရာယ်ဖြစ်ပွားစေနိုင်သည့်အခြေအနေများနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်တို့ကို ဆွေးနွေးပြောကြားခဲ့သည်။

ပြည်သူများအနေဖြင့် မီးဘေးအန္တရာယ်တွေ့ကြုံပါက မီးသတ်တပ်ဖွဲ့ အရေးပေါ်ဖုန်းနံပါတ်များကို ဆက်သွယ်နိုင်ကြောင်း သိရသည်။ **ချမ်းမြေ့**



# နေပြည်တော်-တောင်ငူရထားလမ်းပိုင်းအတွင်း အဆင့်မြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသည့်ဘူတာများ ပြန်လည်ပြင်ဆင်ဆောင်ရွက်နေမှုကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ကြည့်ရှုစစ်ဆေး




နေပြည်တော် ဧပြီ ၂၃

ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက RBE အထူးရထားဖြင့် နေပြည်တော်ဘူတာမှ တောင်ငူဘူတာလမ်းပိုင်း တစ်လျှောက်ရှိ ရထားများအမြန်နှုန်းမြှင့်တင်နိုင်ရေးအတွက် ရထားလမ်းများ၊ တံတားများ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုနှင့် ငလျင်ဒဏ်ကြောင့် ထိခိုက်ထားသည့်ဘူတာများ ပြန်လည်မွမ်းမံတည်ဆောက်ရန်လိုအပ်မှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်ဘူတာမှတစ်ဆင့် ရွာတော်ဘူတာ၊ ပျဉ်းမနားဘူတာ၊ ပြည်ဝင်ဘူတာ၊ ဇလောဘူတာ၊ သာဝတ္တိဘူတာ၊ ရေနီဘူတာ၊ မြို့လှဘူတာ၊ သာဂရဘူတာ၊ ဆွာဘူတာ၊ ကုန်းကြီးဘူတာ၊ ရေတာရှည်ဘူတာ၊ ကျွန်းကုန်းဘူတာ၊ ကျေးတောဘူတာတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြိုကျပျက်စီးသွားသောဘူတာများ ဖြိုချရှင်းလင်းရေး၊ အကြီးစားပြင်ဆင်ရန်၊ အလတ်စားနှင့် အငယ်စားပြင်ဆင်ရန် လိုအပ်သည့်ဘူတာများကို အမြန်ဆုံးပြန်လည်ပြင်ဆင်နိုင်ရေး၊ ဖျက်သိမ်းသင့်သော ဘူတာများဖြစ်နေပါက စနစ်တကျစိစစ်ပြီး တင်ပြဖျက်သိမ်းနိုင်မည့် လုပ်ငန်းစဉ်များဆောင်ရွက်ရန်၊ အသစ်တည်ဆောက်ရမည့်ဘူတာများကို ဘူတာအငယ်၊ ဘူတာအလတ်၊ ဘူတာအကြီး သတ်မှတ်ချက်အတိုင်း ဘူတာအဆောက်အအုံပုံစံဒီဇိုင်းများနှင့် Estimation များ တွက်ချက်၍ အမြန်ပြန်လည်တင်ပြပြီး ခွင့်ပြုချက်ရယူဆောင်ရွက်သွားရန်တို့ကို အသေးစိတ်မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ငူဘူတာတွင် ဘူတာနှစ်ထပ်အဆောက်အအုံ၏အပေါ်ထပ်ရှိ ငလျင်ဒဏ်ထိခိုက်ခံရသည့် ရထားထိန်းချုပ်ရေးရုံးနှင့် မြန်မာနိုင်ငံရထားရဲတပ်ဖွဲ့ရုံးတို့ကို ကြည့်ရှုစစ်ဆေးပြီး ငလျင်ဒဏ်ကြောင့်ပျက်စီးနေသည့် မလိုအပ်သည့် အဆောက်အအုံအစိတ်အပိုင်းအချို့အား ရှင်းလင်းထားရန်နှင့် လိုအပ်သည့်အတိုင်းအတာအလျောက်ပြင်ဆင်ပေးနိုင်ရန်အတွက် ခန့်မှန်းကုန်ကျစရိတ်ကို တွက်ချက်တင်ပြသွားရန်တို့ကို မှာကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ခရီးစဉ်အတွင်း ပြည်ဝင်ဘူတာ၊ ရေနီဘူတာ၊ မြို့လှဘူတာ၊ ကုန်းကြီးဘူတာ၊ ကျေးတောဘူတာနှင့်တောင်ငူဘူတာတို့ရှိ ပို့ဆောင်ရေးဝန်ထမ်းမိသားစုများနှင့်လည်းကောင်း၊ ရထားလမ်းပိုင်းအတွင်း မိုင်နှုန်းမြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေကြသည့် မြို့ပြအင်ဂျင်နီယာ ဝန်ထမ်းများနှင့်လည်းကောင်း တွေ့ဆုံအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# နှစ်သစ်တွင် လူသစ်၊ စိတ်သစ်၊ ခွန်အားသစ်များဖြင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်လျက်ရှိသောဝန်ထမ်းများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တွေ့ဆုံအားပေးစကားပြောကြား




နေပြည်တော် ဧပြီ ၂၃

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် နှစ်သစ်တွင် လူသစ်၊ စိတ်သစ်၊ ခွန်အားသစ်များဖြင့် နိုင်ငံ့တာဝန်များ ထမ်းဆောင်နေကြသည့်ဝန်ထမ်းများနှင့် ယနေ့နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁) အစည်းအဝေးခန်းမ၌တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ရုံးအဆောက်အအုံကို ကျွမ်းကျင်အင်ဂျင်နီယာအဖွဲ့ သုံးဖွဲ့နှင့် စစ်ဆေးမှုများ ပြုလုပ်ထားပြီးဖြစ်သဖြင့် ဝန်ထမ်းများ လုံလုံခြုံခြုံနှင့်စိတ်ချယုံကြည်စွာ နိုင်ငံ့တာဝန်များကို ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ငလျင်ဒဏ်သင့်ဝန်ထမ်းများ၏ လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပြန်လည်တည်ဆောက်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် အခြေချနေထိုင်ရေးလုပ်ငန်းစဉ်များတွင် အားလုံးစုံစုံညီညီဖြင့် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း၊ ပြန်လည်ထူထောင်ရေးအတွက် ပိုမိုအရှိန်မြှင့် လုပ်ဆောင်ကြစေလိုကြောင်းနှင့် ဝန်ထမ်းတစ်ဦးချင်းစီ၏အသိစိတ်ဖြင့် တာဝန်ယူပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဝန်ထမ်းများက နေထိုင်ရေးနှင့်စပ်လျဉ်း၍ တွေ့ကြုံနေရသည့်အခက်အခဲများကိုတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဖြေရှင်းဆောင်ရွက်ပေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် ဧပြီ ၂၃

တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူလေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

# နေပြည်တော်ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် ပင်စင်ထုတ်ပေးနေမှုများအား ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ကြည့်ရှုစစ်ဆေး



နေပြည်တော်  ဧပြီ  ၂၃

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲများ၌ အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာငွေများထုတ်ပေးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မြန်မာ့သင်္ကြန်နှင့် မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်ရှည်ကာလပြီးဆုံးပြီးနောက် ၂၀၂၅ ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် မြန်မာ့စီးပွားရေးဘဏ်များအနေဖြင့် ပင်စင်လစာထုတ်ပေးခြင်းအပါအဝင် ဘဏ်လုပ်ငန်းဆောင်တာများကို စနစ်တကျဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာ့စီးပွားရေးဘဏ် ပျဉ်းမနားမြို့နယ်ဘဏ်ခွဲတွင် ပင်စင်စားဝန်ထမ်း ၁၇၄၆၇ ဦးနှင့် ပုဗ္ဗသီရိမြို့နယ်ဘဏ်ခွဲတွင် ပင်စင်စားဝန်ထမ်း ၆၀၀၈ ဦးရှိပြီး ယင်းတို့၏ ပင်စင်လစာထုတ်ပေးမှုများကို မြန်မာ့စီးပွားရေးဘဏ်များက စနစ်တကျဝန်ဆောင်မှုဆောင်ရွက်ပေးလျက်ရှိသည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့စီးပွားရေးဘဏ် ပျဉ်းမနားနှင့် ပုဗ္ဗသီရိမြို့နယ်ဘဏ်ခွဲများတွင် အငြိမ်းစားဝန်ထမ်းများသို့ ပင်စင်လစာငွေများထုတ်ပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး အငြိမ်းစားဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ ထို့နောက် ပင်စင်လစာများလာရောက်ထုတ်ယူကြသော အငြိမ်းစားဝန်ထမ်းများအား အလှူရှင်များက လှူဒါန်းသည့်ခံကျွေးမွေးမှုကို အားပေးကြည့်ရှုခြင်း၊ အငြိမ်းစားဝန်ထမ်းများနှင့်ဘဏ်ဝန်ထမ်းများအား စားသောက်ကုန်များ ပံ့ပိုးပေးခြင်းများ ဆောင်ရွက်ပေးသည်။

ဆက်လက်၍ လေျှာင်ဘေးဒဏ်ကြောင့် ပျဉ်းမနားမြို့နယ်ဘဏ်ခွဲ၏ ထိခိုက်ပျက်စီးမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မွမ်းမံပြင်ဆင်နေမှုအခြေအနေများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

နေပြည်တော်ရှိမြန်မာ့စီးပွားရေးဘဏ်ခွဲများအနေဖြင့် မြေငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို အချိန်တိုအတွင်း ပြန်လည်ကောင်းမွန်အောင် ပြင်ဆင်ဆောင်ရွက်ခဲ့ကြပြီး ဘဏ်လုပ်ငန်းများ၊ အငြိမ်းစားဝန်ထမ်းများအတွက် အငြိမ်းစားလစာများကို e-Pension ကတ်ဖြင့် ထုတ်ပေးခြင်းနှင့် အခြားဘဏ်ခွဲများတွင် ထုတ်ယူရရှိနိုင်ရေးကိစ္စများကို ပုံမှန်ဆောင်ရွက်ပေးလျက် ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများကို သက်ဆိုင်ရာ အခြေခံပညာကျောင်းများတွင် ဘာသာရပ်ဆိုင်ရာများ ပြန်လည်သင်ကြားပေးမည်

နေပြည်တော်  ဧပြီ  ၂၃

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာညွန့်ဖေသည် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့်အခြေခံပညာကျောင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး၍လိုအပ်သည်များကို မှာကြားသည်။



ဦးစွာပြည်ထောင်စုဝန်ကြီးသည်စစ်ကိုင်းပညာရေးတက္ကသိုလ်၊ စစ်ကိုင်းပညာရေးဒီဂရီကောလိပ်၊ စစ်ကိုင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ် (၃)အခြေခံပညာအထက်တန်းကျောင်းတို့သို့သွားရောက်၍ မန္တလေးငလျင်ကြီးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ကျောင်းဆောင်၊ စာသင်ဆောင်နှင့် အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ်ဖြည့်ဆည်းကာ လိုအပ်သည်များကိုမှာကြားသည်။

ယင်းနောက် ငလျင်ဒဏ်သင့်ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားရာတွင် ပြည်ထောင်စုဝန်ကြီးက မတ်လ ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရာတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့မှ ကျောင်းသား၊ ကျောင်းသူများ၏ တက္ကသိုလ်ဝင်စာမေးပွဲ အဖြေလွှာများ မီးလောင်ပျက်စီးမှုကြောင့် လာမည့်မေလ ၁၆ ရက်တွင် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများကို သက်ဆိုင်ရာ အခြေခံပညာကျောင်းများတွင် ဘာသာရပ်ဆိုင်ရာများ ပြန်လည်သင်ကြားပေးမည်ဖြစ်ကြောင်းနှင့်ကျောင်းသား၊ ကျောင်းသူများအား စိတ်ခွန်အားဖြည့် အားပေးကြစေလိုကြောင်း၊ ပုံနှိပ်ဖတ်စာအုပ်၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ၊ ခဲဖျက်၊ ပေတံများ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျောင်းနေအရွယ်ကလေးများအားလုံး မပျက်မကွက်ပညာသင်ကြားနိုင်ရေးအတွက် မိမိတို့အားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းပြောကြားကာ ဆရာ၊ ဆရာမများထောက်ပံ့ငွေပေးအပ်၍ ကျောင်းအတွက်လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီးရှိ ရတနာပုံတက္ကသိုလ်၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၊ မန္တလေးပညာရေးဒီဂရီကောလိပ်၊ ချမ်းမြသာစည်မြို့နယ် အမှတ် (၇) အခြေခံပညာ အထက်တန်းကျောင်း၊ မဟာအောင်မြေမြို့နယ် အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်း၊ ပြင်ဦးလွင်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(အလက-၁)၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(မဝလ)

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဝန်ထမ်းအိမ်ရာများသို့ ဈေးကားများဖြင့် သက်သာသောဈေးနှုန်းဖြင့် ၂၄ ရက်မြောက်နေ့အဖြစ် လှည့်လည်ရောင်းချပေးလျက်ရှိ

နေပြည်တော်  ဧပြီ  ၂၃

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) တို့၏ စီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိနှင့် ကုန်မျိုးစုံ ဈေးကားများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ ၂၀၂၅ ခုနှစ် မတ်လ ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့တွင် ၂၄ ရက်မြောက်နေ့အဖြစ် ဈေးကားခုနစ်စီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ် မတ်လ ၃၀ မှ ဧပြီလ ၂၃ ရက်အထိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်ဘူတာကြီး၊ စက်ခေါင်းအလုပ်ရုံဌာနဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိဆေးရုံဝန်ထမ်းအိမ်ရာများ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ဓနသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဥာဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေး ဝန်ထမ်းအိမ်ရာ၊ နေပြည်တော်ကောင်စီဝန်ထမ်းအိမ်ရာရှိ ဝန်ထမ်းများအား ဆန်ဖြိ ပြည်ပါ (မနောသုခ-Export Quality) ၉၃၀၆ အိတ်၊ ဆန် ၅ ပြည်ပါ (ဖျာပုံပေါ်ဆန်း) ၂၁၂၈ အိတ်၊ ဆီ ၂၄၁၂၀ ပိဿာ၊ ဆား ၂၅ ကျပ်သားပါအိတ် ၅၆၅၅ ထုပ်၊ ကုလားပဲ ၂၀ ကျပ်သားပါ



အိတ် ၄၈၉၄ ထုပ်၊ ငါးပိ ၂၂၃ ပိဿာ၊ ငါးခြောက် ၁၀ ကျပ်သားပါ ၁၀၉ ထုပ်၊ ကြက်ဥ၊ ဘဲဥများနှင့်၊ ခေါက်ဆွဲခြောက်ထုပ်များကိုလည်း ရောင်းချပေးခဲ့သည်။

ထို့အတူ မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ယနေ့ အထိ ဆန် ၂၄ ပြည်ပါ (မနောသုခ) ၄၉၀ အိတ်၊ စားအုန်းဆီ ၄၁၈၀၀ ပိဿာ၊ ဆား ၂၅ ကျပ်သားပါ ၈၃ ထုပ်၊ ကုလားပဲ ၂၅ ကျပ်သားပါ ၇၀ ထုပ်၊ ငါးပိ ၁၆ ပိဿာ၊ ငါးခြောက် ၁၀ ကျပ်သားပါ ၁၁၃ ထုပ်၊ ကြက်ဥ၊ ဘဲဥများ၊ ခေါက်ဆွဲခြောက်ထုပ်များကို ရောင်းချပေးခဲ့ကြောင်းနှင့် စစ်ကိုင်းမြို့တွင် ဈေးကားလေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း) ၂၇၃ အိတ်၊ စားအုန်းဆီ ၄၄၁၀ ပိဿာ၊ ဆား ၃၆ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါ ၁၇၇ ဘူး၊ ငါးပိ ၁၃ ပိဿာ၊ ငါးခြောက် ၁၃ ပိဿာ၊ ကြက်သွန်နီ ၅၀၅ ပိဿာ၊ အသားတုံ ၂၀ ပိဿာ၊ ကြက်ဥ၊ ဘဲဥများနှင့် ပုစွန်ခြောက်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး ရေသန့်များကိုလည်း အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပဲပုပ်ကို သီးထပ်အဖြစ်တိုးချဲ့စိုက်ပျိုးခြင်းဖြင့် စားသုံးဆီနှင့်တိရစ္ဆာန်အစာ တင်သွင်းမှုကိုလျှော့ချလာနိုင်

ပဲပုပ်သည် အာဟာရဓာတ်ပြည့်ဝသော သီးနှံဖြစ်ပြီး ယေဘုယျအားဖြင့် ပရိုတင်းဓာတ် ၄၀ ရာခိုင်နှုန်းနှင့် အဆီဓာတ် ၂၀ ရာခိုင်နှုန်းပါဝင်သည်။ ပဲပုပ်၏မူရင်းဒေသမှာ တရုတ်နိုင်ငံဖြစ်ပြီးကမ္ဘာတစ်ဝန်းတွင် ပဲပုပ်စိုက်ပျိုးထုတ်လုပ်သောနိုင်ငံပေါင်း ၁၀၄ နိုင်ငံထိရှိပြီး နှစ်စဉ်တန်ချိန် ၃၄၈ ဒသမ ၇ သန်းကျော် စိုက်ပျိုးထုတ်လုပ်သည်။ အမေရိကန်၊ ဘရာဇီးနှင့် အာဂျင်တီးနားနိုင်ငံတို့သည် ပဲပုပ်အဓိကထုတ်လုပ်သောနိုင်ငံများဖြစ်ပြီး ကမ္ဘာ့စိုက်ပျိုးထုတ်လုပ်မှု၏ ၈၀ ရာခိုင်နှုန်းခန့်ရှိသည်။ ပဲပုပ်ကို အဓိကအားဖြင့် လူသားတို့ စားသုံးရန်အတွက် ၂၀ ရာခိုင်နှုန်း၊ တိရစ္ဆာန်အစာအတွက် ၇၆ ရာခိုင်နှုန်းနှင့် စက်ရုံသုံးအတွက် ၄ ရာခိုင်နှုန်း အသုံးပြုကြသည်။

မြန်မာနိုင်ငံတွင် ရှေးယခင်ကတည်းကပင် ပဲပုပ်ကိုစိုက်ပျိုးခဲ့ပြီး ပဲမျိုးစုံသီးနှံများတွင် အထွက်နှုန်းအလားအလာရှိသောသီးနှံဖြစ်သည်။ ပဲပုပ်သီးနှံကို မိုးရာသီတွင် ရှမ်းပြည်နယ်၌ အဓိကစိုက်ပျိုးပြီး မြစ်ရေကျချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မိုးနှောင်းရာသီတွင် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် စပါးရိတ်သိမ်းအပြီး သီးထပ်အဖြစ် စိုက်ပျိုးထုတ်လုပ်သည်။ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ပဲပုပ်သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်မှုအနေဖြင့် စုစုပေါင်း ၃ ဒသမ ၄ သန်းဧကရှိပြီး မိုးရာသီတွင် ၁ ဒသမ ၁ သန်းဧက (စုစုပေါင်းစိုက်ဧက၏ ၃၀ ရာခိုင်နှုန်း)၊ မိုးနှောင်း/ဆောင်းရာသီတွင် ၂ ဒသမ ၃ သန်းဧက (စုစုပေါင်းစိုက်ဧက၏ ၇၀ ရာခိုင်နှုန်း) ရှိသည့်အတွက် ပဲပုပ်သီးနှံကို မိုးနှောင်း/ဆောင်းရာသီတွင် အဓိကစိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ ပဲပုပ်သီးနှံ၏ ပျမ်းမျှအထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၁၈ ဒသမ ၇ တင်းနှုန်းဖြင့် စုစုပေါင်းတန်ချိန် ၅ ဒသမ ၈ သန်းကျော်ထွက်ရှိပြီး ၆၁၈၀ မက်ထရစ်တန်ချိန်ကို ပြည်ပသို့တင်ပို့လျက်ရှိသည်။

ပဲပုပ်သီးနှံသည် ပူနွေးစွတ်စိုသောရာသီဥတုတွင် ကောင်းစွာဖြစ်ထွန်း၍ မိုးရေချိန် ၂၄ မှ ၆၀ လက်မအတွင်းရရှိရန်လိုအပ်သည်။ နေ့တာတိုသီးနှံဖြစ်ပြီး စိုက်ပျိုးသည့်ဒေသ၏ လတ္တီကျုနှင့် မြေမျက်နှာပြင်အနိမ့်အမြင့်တို့ပေါ်တွင် တုံ့ပြန်မှုရှိသောကြောင့် ဒေသရေမြေရာသီဥတု၊ စိုက်ပျိုးရာသီ၊ စိုက်ပျိုးချိန်တို့နှင့် သင့်လျော်ကိုက်ညီသော အထွက်ကောင်းမျိုးများကို ရွေးချယ်စိုက်ပျိုးရန် လိုအပ်မည်ဖြစ်သည်။ မျိုးစေ့အပင်ပေါက်စမ်းသပ်၍ ရာခိုင်နှုန်း ၈၀ အထက်ရှိမှသာ မျိုးအဖြစ်အသုံးပြုစိုက်ပျိုးရမည်ဖြစ်သည်။ မိုးရာသီတွင် စိုက်ပျိုးပါက တောင်ပေါ် / မြေပြန့်ဒေသအားလုံးအတွက် သင့်လျော်သောမျိုးများမှာ ရေဆင်း-၃၊ ရေဆင်း-၆၊ ရေဆင်း-၁၁၊ ရေဆင်း-၁၂၊ ရေဆင်း-၁၄နှင့်ရေဆင်း-၁၅ တို့ဖြစ်သည်။ မိုးနှောင်းရာသီ ကိုင်းကျွန်းမြေများ၌ အောက်တိုဘာလတွင်စိုက်ပျိုးနိုင်ပါကရေဆင်း-၃၊ရေဆင်း-၆၊ရေဆင်း-၁၁နှင့်ရေဆင်း-၁၅ မျိုးတို့ကိုစိုက်ပျိုးနိုင်သည်၊ စပါးပြီး သီးထပ်စိုက်ပျိုးသောဒေသများအတွက် ရေဆင်း - ၆၊ ရေဆင်း - ၁၁ နှင့် ရေဆင်း - ၁၅ မျိုးတို့ကို စိုက်ပျိုးသင့်သည်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ သုတေသနတွေ့ရှိချက်များအရ အဆိုပါ ပဲပုပ်မျိုးများသည် အထွက်နှုန်းတစ်ဧကလျှင် ၂၈-၃၀ တင်းထွက်ရှိသော အထွက်ကောင်းမျိုးများဖြစ်ပြီး တောင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းပါဝင်၍ မျိုးစေ့ထုတ်လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

ပဲပုပ်သီးနှံသည်ရေသွင်းရေထုတ်ကောင်း၍ အစိုဓာတ်ထိန်းနိုင်သည့်မြေဖြစ်ပါက



သဲနုန်းမြေမှ မြေစေးအထိစိုက်ပျိုးနိုင်သည်၊ မြေချဉ်ငန်ဓာတ် (pH) ၅ ဒသမ ၅ မှ ၇ အတွင်းသည် အကောင်းဆုံးဖြစ်ပြီး pH ၅ ဒသမ ၅ ထက်နည်းပါက ထုံးထည့်၍ မြေပြုပြင်ပေးရန်လိုအပ်သည်။

အပင်ပေါက်ကောင်းမွန်စေရန်အစိုဓာတ် လုံလောက်စွာရရှိရန်လိုအပ်ပြီး သီးတောင့်ဖြစ်ထွန်းချိန်နှင့် သီးတောင့်အစေ့အဆန်တည်ချိန်တို့တွင်လည်း အစိုဓာတ် လုံလောက်စွာရရှိမှသာ အထွက်နှုန်းကောင်းစွာရရှိနိုင်မည်ဖြစ်သည်။ မိုးရာသီတွင် ကြာရှည်စွာရေဝပ်ပါက ပဲပုပ်ပင်ကြီးထွားမှုကို ထိခိုက်နိုင်သောကြောင့် သင့်လျော်သောရေနုတ်မြောင်းများပြုလုပ်ထားရန်လိုအပ်သည်။

စိုက်ချိန်အနေဖြင့် တောင်ပေါ်ဒေသ ရှမ်းပြည်နယ်တွင် မေလအတွင်း အများဆုံး စိုက်ပျိုးကြပြီး အရည်အသွေးကောင်း မျိုးစေ့ထုတ်လုပ်မည်ဆိုပါက ဇူလိုင်လကုန်မှ ဩဂုတ်လအတွင်း စိုက်ပျိုးသင့်သည်။ ကိုင်းကျွန်းဒေသများ၌ မြစ်ရေကျချိန် အောက်တိုဘာလအတွင်း စိုက်ပျိုးနိုင်ပြီး စပါးသီးထပ်စိုက်ပျိုးသောဒေသများတွင် နိုဝင်ဘာလအတွင်း အပင်ရေတိုး၍ စိုက်ပျိုးရန်လိုအပ်သည်။ အကယ်၍ ရေသွင်းနိုင်ပါက ဇန်နဝါရီ၊ ဖေဖော်ဝါရီလအတွင်း စိုက်ပျိုးနိုင်သည်။ အမြင့်ဆုံးအထွက်နှုန်းရရှိရန် မိုးရာသီတွင် တန်းကြား ၁ ဒသမ ၅ - ၂ ပေနှင့် ပင်ကြား ၄-၆ လက်မဖြင့် တစ်ဧက အပင်ရေ ၁၀၀၀၀၀-၁၃၀၀၀၀ ရှိသင့်သည်။ မိုးနှောင်းရာသီစိုက်ပျိုးပါက တန်းကြား ၁ ပေနှင့် ပင်ကြား ၄-၆ လက်မဖြင့် စိုက်ပျိုးနိုင်သည်၊ စပါးအပြီး သီးထပ်အဖြစ် ကြဲပက်စိုက်ပျိုးလျှင် ၃ ပေပတ်လည်တွင် အနည်းဆုံး ၂၅-၃၀ ပင် ရှိရမည်။ မျိုးစေ့အတိမ်အနက်ကို ၁ ဒသမ ၅ -၂ လက်မ အနက်ထိသာစိုက်ပျိုးသင့်သည်၊ ပေါင်းမြက်များကြောင့် အထွက်နှုန်း ၄၀-၅၀ ရာခိုင်နှုန်းထိ လျော့နည်းနိုင်သည့်အတွက် စိုက်ပြီး ၃၀-၄၅ ရက်ကြား မဖြစ်မနေ ပေါင်းမြက်ရှင်းလင်းရန်လိုအပ်သည်။ ပိုးမွှားရောဂါကျရောက်သည်နှင့်တစ်ပြိုင်နက် ချက်ချင်းဆေးဖျန်းရန်နှင့်ကြိုတင်ကာကွယ်ရန်လိုအပ်သည်။ ပင်စည်မှ အရွက်များကြွေကျပြီး သီးတောင့်၏ ၉၅ ရာခိုင်နှုန်းခန့်ရင့်မှည့်ကာ အရောင်ပြောင်းသည့်အချိန်တွင် ရိတ်သိမ်း၍ နေလှန်းပြီးခြွေလှေ့ရမည်ဖြစ်သည်။

ပဲပုပ်သည် အာဟာရဓာတ်ပေါကြွယ်ဝစွာပါဝင်သောသီးနှံတစ်ခုဖြစ်ပြီး ပျမ်းမျှအားဖြင့် အသားဓာတ်ပါဝင်မှု ၃၆ ရာခိုင်နှုန်း၊ ဆီပါဝင်မှု ၂၀ ရာခိုင်နှုန်း၊ ကာဗိုဟိုက်ဒရိတ် ၃၀ ရာခိုင်နှုန်း၊ ရေပါဝင်မှု ၉ ရာခိုင်နှုန်းနှင့် ပြာဓာတ်ပါဝင်မှု ၅ ရာခိုင်နှုန်းတို့ အသီးသီးပါဝင်သည်။ ပဲပုပ်သည် လူသားတို့အတွက် အသားဓာတ်ကြွယ်ဝသောအစားအစာဖြစ်သောကြောင့် သက်သတ်လွတ် စားသုံးသူများ၊ အသားကိုလျှော့၍ စားသုံးလိုသူများအတွက် စားသုံးသင့်သောအစားအစာတစ်ခုဖြစ်သည်။ ပဲပုပ်သည် ရှမ်းတိုင်းရင်းသားများ အလွန်ကြိုက်နှစ်သက်စွာ စားသုံးလေ့ရှိသောကြောင့် ရှမ်းရိုးရာအစားအစာ(ရှမ်းပဲပုပ်)ဟူ၍ လူသိများခဲ့သော်လည်း ယနေ့ခေတ်တွင် ရှမ်းတိုင်းရင်းသားများသာမက တိုင်းရင်းသားမျိုးစုံ နှစ်ခြိုက်စွာစားသုံးလာကြသည်။ ပဲပုပ်မှထုတ်လုပ်သည့် လူကြိုက်များထင်ရှားသော အစားအသောက်များမှာ ပဲပုပ်စေ့အား အချဉ်ဖောက်ပြုလုပ်သည့် ပဲငါးပိ၊ ပဲငံပြာရည်၊ ဆီတိုဟူး၊ ပဲနို့၊ တိုဟူးနှင့် အသားတုတို့ဖြစ်သည်။ ပဲပုပ်စားသောက်ကုန်များသည် အာဟာရဓာတ်ပြည့်ဝပြီး နှလုံးကျန်းမာရေး၊ ကိုယ်အလေးချိန်ထိန်းခြင်း၊ အရိုးကျန်းမာရေးနှင့် သွေးတွင်းသကြားဓာတ်ထိန်းခြင်း အပါအဝင် ကျန်းမာရေးအကျိုးကျေးဇူးများစွာကိုပေးဆောင်သည်။

မြန်မာနိုင်ငံတွင် ပဲပုပ်သီးနှံနှင့် ဆက်စပ်ထွက်ကုန်များကို ထုတ်လုပ်ရန် အလားအလာကောင်းများစွာရှိသည်။ ပဲပုပ်ကိုဆီကြိတ်သည့်အခါ ပိဿာ ၁၀၀ ကြိတ်လျှင် ပဲပုပ်ဆီ ၂၀ ရာခိုင်နှုန်းနှင့် ပဲပုပ်ကြိတ်ဖတ် ၈၀ ရာခိုင်နှုန်းထွက်ရှိသည်။ ပဲပုပ်ကြိတ်ဖတ်သည် တိရစ္ဆာန်များအတွက် လိုအပ်သည့် အမိုင်နိုအက်စစ် မြောက်မြားစွာပါဝင်သည့်အတွက် တိရစ္ဆာန်အစာအဖြစ် အသုံးပြုကြသည်။ ၎င်းသည် အစာချေဖျက်မှုလွယ်ကူခြင်း၊ အမျှင်ပါဝင်မှုနည်းခြင်း၊ အသားဓာတ်မြင့်မားစွာပါဝင်ခြင်းတို့ကြောင့် ကြက်၊ ဝက်၊ ငါး စသည့်တိရစ္ဆာန်များအတွက် အစာအဖြစ်အသုံးပြုကြသည်။ မွေးမြူရေးလုပ်ငန်းသည် ဆီကြိတ်ဖတ်ကဲ့သို့သော လူတို့စားသုံး၍မရနိုင်သည့် တန်ဖိုးနိမ့်အသားဓာတ်များကို လူတို့အတွက် အာဟာရဖြစ်စေသည့် တန်ဖိုးမြင့်အသားဓာတ် (အသား၊ နို့၊ ဥများ) အဖြစ် ပြောင်းလဲပေးရသည့် လုပ်ငန်းဖြစ်ပြီး နှစ်စဉ်ဆီကြိတ်ဖတ်တန်ချိန် ၅-၇ သိန်းခန့်အထိ လိုအပ်လျက်ရှိသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အတွက် လယ်ယာစိုက်ပျိုးရေးထွက်ကုန်များကို ပြည်ပသို့တင်ပို့နေသည့်အလျောက် အလားတူ ကုန်ပစ္စည်းများ တင်သွင်းနေမှုကိုလည်း အစားထိုးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ စားသုံးဆီသုံးစွဲမှုပမာဏမှာ တစ်နှစ်လျှင် ခန့်မှန်းခြေအားဖြင့် မက်ထရစ်တန်ချိန် ၁ ဒသမ ၁၇ သန်းရှိသည့်အနက် နှစ်စဉ်တင်သွင်းနေမှုပမာဏမှာ မက်ထရစ်တန်ချိန်သုညဒသမ ၆၉ သန်းရှိသည်။ တစ်နည်းဆိုရသော် ပြည်တွင်းစားသုံးမှုအတွက် နှစ်စဉ်တင်သွင်းနေရသော စားသုံးဆီပမာဏမှာ ၅၈ ရာခိုင်နှုန်းရှိနေသည်။ အဓိကတင်သွင်းနေရသည့် စားသုံးဆီများမှာ စားအုန်းဆီ၊ နေကြာဆီ၊ ပဲပုပ်ဆီ၊ မုန်ညင်းဆီနှင့် သံလွင်ဆီတို့ဖြစ်ကြသည်။ ထို့အတူ မွေးမြူရေးကဏ္ဍအတွက် ပဲပုပ်ကြိတ်ဖတ်ကို တိရစ္ဆာန်အစာအဖြစ် နှစ်စဉ်တင်သွင်းနေမှုပမာဏမှာ မက်ထရစ်တန်ချိန် သုညဒသမ ၆ သန်းရှိသည်။ ပဲပုပ်သီးနှံကို ဟင်းချက်ဆီအဖြစ် ကြိတ်ခွဲအသုံးပြုခြင်းဖြင့် နိုင်ငံတော်၏ စားသုံးဆီဖူလုံမှုအား အထောက်အကူဖြစ်စေမည့်အပြင် တိရစ္ဆာန်အစာအတွက် ပြည်ပမှတင်သွင်းမှုကို လျှော့ချနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံရှိ ပြည်တွင်းတိရစ္ဆာန်အစာထုတ်ကုမ္ပဏီများ၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း တိရစ္ဆာန်အစာထုတ်လုပ်မှု ၂၁၄၁၄၂၈ တန်ဖြစ်ပြီး ရောစပ်ရာတွင်အသုံးပြုရန် ပဲပုပ်ကြိတ်ဖတ်လိုအပ်ချက်မှာ ၅၃၅၃၅၇ တန်ရှိသည့်အတွက် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ပဲပုပ်ကြိတ်ဖတ်ကဲ့သို့သော အစာကုန်ကြမ်းသည်လည်း မရှိမဖြစ်လိုအပ်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ပြည်ပနိုင်ငံများမှ တင်သွင်းမှု လျှော့ချပြီး ပြည်တွင်းစားသုံးဆီဖူလုံမှုရှိစေရန်အတွက် နိုင်ငံတော်မှ စီမံချက်များချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ပဲပုပ်သီးနှံသည် ပြည်တွင်းစားသုံးဆီဖူလုံမှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်သည့်အပြင် ပြည်ပမှ ပဲပုပ်ကြိတ်ဖတ်တင်သွင်းမှုကို လျှော့ချပေးနိုင်သည့်အလားအလာကောင်းသောသီးနှံတစ်ခုဖြစ်သည့်အတွက် တိုးချဲ့စိုက်ပျိုးရမည်ဖြစ်သည်။ ပြည်တွင်းထွက်ကုန်များဖြင့် အစားထိုးအသုံးပြုရန် ပဲပုပ်သီးနှံတိုးချဲ့စိုက်ပျိုးခြင်းများကို လက်ရှိစိုက်ပျိုးထုတ်လုပ်ခြင်းများအပြင် မိုးလယ်ရာသီတွင် ပြောင်းရိတ်သိမ်းအပြီးသာမက မိုးနှောင်းရာသီတွင် စပါးရိတ်သိမ်းအပြီး သီးထပ်အဖြစ် သီးနှံစိုက်စွမ်းအားမြှင့်တင်၍ စိုက်ရန် လိုအပ်မည်ဖြစ်သည်။

ပဲပုပ်သည် အာဟာရဓာတ်ပြည့်ဝသောသီးနှံဖြစ်ပြီး ဒေသအစားအစာများ ပြုလုပ်စားသောက်နိုင်သည်သာမက ပဲနို့နှင့် မိခင်နို့အစားထိုး ကလေးဖြည့်စွက်စာ အပါအဝင် စားသောက်ကုန်အမျိုးမျိုးကိုလည်း ထုတ်လုပ်နိုင်သည့်အတွက် အရည်အသွေးပြည့်မီသည့် ပဲပုပ်မျိုးများဖြင့် စိုက်ပျိုးထုတ်လုပ်၍ အသေးစားနှင့် အလတ်စားလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။ သို့ဖြစ်ပါ၍ ပဲပုပ်သီးနှံတန်ဖိုးကွင်းဆက်တစ်လျှောက်ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ခြင်းဖြင့် စားသုံးဆီနှင့် ပဲပုပ်ကြိတ်ဖတ်တင်သွင်းခြင်းကို အစားထိုးလျှော့ချခြင်းသည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်အကျိုးပြုမည်ဖြစ်သည်။ ။

မာမာဝင်း(စိုက်သု)

# ရာသီဥတုပြောင်းလဲမှုနှင့် လူသားများ၏ ကျန်းမာရေးအန္တရာယ်မှ ကာကွယ်ရန်နည်းလမ်းများ

မျက်မှောက်ခေတ်တွင် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများသည် လူတို့၏ကျန်းမာရေးနှင့် အသက်အန္တရာယ်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သောနည်းဖြင့်သော်လည်းကောင်း ထိခိုက်မှုများရှိနေပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏အဆိုအရ ပြောင်းလဲလာသောရာသီဥတုအခြေအနေများသည် လူတို့တွေ့ကြုံနေရသည့် တစ်ခုတည်းသော အကြီးမားဆုံးကျန်းမာရေးခြိမ်းခြောက်မှုဖြစ်သည်။ ရာသီဥတုဖောက်ပြန်မှု၏သက်ရောက်မှုများကို လူတိုင်းရင်ဆိုင်ရသော်လည်း ဖွံ့ဖြိုးတိုးတက်မှုနည်းသောနိုင်ငံများသည် အခက်ခဲဆုံးစိန်ခေါ်မှုများကို ရင်ဆိုင်ရဖွယ်ရှိသည်။

မကြာသေးမီနှစ်များအတွင်းတွင် ရာသီဥတုသုတေသီများက ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုမြင့်တက်လာခြင်းသည် ပြင်းထန်သောရာသီဥတုပြောင်းလဲမှုများကိုဖြစ်စေကြောင်း တွေ့ရှိခဲ့သည်။ ရာသီဥတုပြောင်းလဲမှုသည် သဘာဝအတိုင်းဖြစ်ပေါ်နိုင်သော်လည်း မကြာသေးမီနှစ်များအတွင်းက တွေ့ကြုံခဲ့ရသည့် ရာသီဥတုပြောင်းလဲမှုအများစုသည် ကျောက်မီးသွေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဲ့သို့သော ရုပ်ကြွင်းလောင်စာများကို မီးရှို့ခြင်းကြောင့်ဖြစ်ကြောင်း တွေ့ရှိခဲ့သည်။ ရာသီဥတုပြောင်းလဲမှု၏သက်ရောက်မှုများကိုဖြေရှင်းရန် နည်းလမ်းများကိုရှာဖွေနေခဲ့ကြသည်။ ရာသီဥတုဖောက်ပြန်မှုများနှင့်လိုက်လျောညီထွေဖြစ်ရန်အတွက် အဓိကစိန်ခေါ်မှုများရှိနေသော်လည်း ရေရှည်တည်တံ့သောကမ္ဘာမြေကြီးကိုတည်ဆောက်ရန် အခွင့်အလမ်းများစွာရှိကြောင်း လေ့လာမှုများကတွေ့ရှိခဲ့သည်။

**"ရာသီဥတုပြောင်းလဲမှုသည် သောက်သုံးရေသန့်ရှင်းမှုအရည်အသွေးကို နည်းလမ်းများစွာဖြင့် သက်ရောက်မှုရှိသည်။ ဥပမာ-မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်ရေကြီးခြင်းသည် မိလ္လာများကိုလျှံတက်စေနိုင်ပြီး သောက်သုံးရေကို ညစ်ညမ်းစေသည်။ သောက်သုံးရေမသန့်ရှင်းမှုကြောင့် ရေမှတစ်ဆင့် ကူးစက်ရောဂါများကို ဖြစ်ပွားစေနိုင်သည်။ အပူချိန်တိုးလာသည်နှင့်အမျှ ခြင်နှင့်တခြားအင်းဆက်ပိုးမွှားများမှ ကူးစက်ပျံ့နှံ့သောရောဂါများဖြစ်သည့် ငှက်ဖျား၊ သွေးလွန်တုပ်ကွေး၊ ဂျပန်တုပ်ကွေး၊ ဆင်ခြေထောက်ရောဂါနှင့် အသားဝါရောဂါကဲ့သို့သော ရောဂါများ ပိုမိုပျံ့နှံ့လာသည်. . ."**

## ရာသီဥတုပြောင်းလဲမှုကြောင့် ကျန်းမာရေးအပေါ်သက်ရောက်မှုများ

ပြောင်းလဲလာသောရာသီဥတုအခြေအနေများသည် လူတို့၏ကျန်းမာရေးကို တိုက်ရိုက်နှင့်သွယ်ဝိုက်သောနည်းများဖြင့် သက်ရောက်မှုရှိနိုင်သည်။ ပြင်းထန်သောရာသီဥတုဖြစ်ရပ်များဖြစ်သည့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ တောမီးများ၊ အပူလှိုင်းများ၊ မိုးခေါင်မှုနှင့် အပူပိုင်းဆိုင်ကလုန်းများ စသည့် သဘာဝဘေးအန္တရာယ်များနှင့် တခြားပြင်းထန်သောရာသီဥတုဖြစ်ရပ်များသည် ထိခိုက်ဒဏ်ရာရခြင်းနှင့်လူတို့၏ရောဂါများ သို့မဟုတ် ကျန်းမာရေးအခြေအနေများကို ဆိုးရွားစေနိုင်ပြီး သေဆုံးမှုများ တိုးမြင့်လာနိုင်သည်အထိ ဖြစ်စေနိုင်သည်။

အပူလှိုင်းများနှင့် အပူချိန်များမြင့်တက်လာခြင်းကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ အပူဒဏ်ကြောင့် သတိလစ်ခြင်းနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာများကို ဖြစ်ပေါ်စေနိုင်သည်။ နှလုံးရောဂါရှိသူများအတွက်လည်း နှလုံးအမောဖောက်ခြင်းကိုဖြစ်ပွားစေနိုင်သည်။ အပူချိန်မြင့်မားမှုကြောင့် ဝတ်မှုန်များထုတ်လုပ်မှုကို တိုးမြင့်လာစေနိုင်ပြီး ဓာတ်မတည့်မှုများကိုဖြစ်စေကာ ပန်းနာရင်ကျပ်ရောဂါကို ပိုဆိုးစေနိုင်သည်။ လေထုညစ်ညမ်းမှု တိုးမြင့်လာခြင်းကြောင့် အရေပြားရောဂါ၊ အဆုတ်ရောဂါနှင့် တခြားသောအသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာများကို ဖြစ်စေနိုင်သည်။ ဗိုင်းရပ်စ်များ၊ ဗက်တီးရီးယားများနှင့် ကပ်ပါးပိုးများသည် မြင့်မားသောအပူချိန်တွင် ပေါက်ပွားရန်ပိုမိုလွယ်ကူပြီး အစာအိမ်ရောဂါ၊ အစာအဆိပ်သင့်ခြင်း၊ အူရောင်ငန်းဖျားရောဂါ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အထက်လှန်အောက်လျှောရောဂါနှင့် ကလေးများတွင် ပိုလီယိုရောဂါများ ပိုမိုပျံ့နှံ့လာနိုင်သည်။

ရာသီဥတုပြောင်းလဲမှုသည် သောက်သုံးရေသန့်ရှင်းမှုအရည်အသွေးကို နည်းလမ်းများစွာဖြင့် သက်ရောက်မှုရှိသည်။ ဥပမာ-မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်ရေကြီးခြင်းသည် မိလ္လာများကို လျှံတက်စေနိုင်ပြီး သောက်သုံးရေကိုညစ်ညမ်းစေသည်။ သောက်သုံးရေမသန့်ရှင်းမှုကြောင့် ရေမှတစ်ဆင့် ကူးစက်ရောဂါများကို ဖြစ်ပွားစေနိုင်သည်။ အပူချိန်တိုးလာသည်နှင့်အမျှ ခြင်နှင့်တခြားအင်းဆက်ပိုးမွှားများမှ ကူးစက်ပျံ့နှံ့သောရောဂါများဖြစ်သည့် ငှက်ဖျား၊ သွေးလွန်တုပ်ကွေး၊ ဂျပန်တုပ်ကွေး၊ ဆင်ခြေထောက်ရောဂါနှင့် အသားဝါရောဂါကဲ့သို့သော ရောဂါများ ပိုမိုပျံ့နှံ့လာသည်။

မကြာသေးမီနှစ်များက ရာသီဥတုနှင့်ဆက်စပ်သောစိတ်ဖိစီးမှု၊ စိုးရိမ်ပူပန်မှုနှင့် တခြားစိတ်ကျန်းမာရေးပြဿနာများ သိသာထင်ရှားစွာ မြင့်တက်လာခဲ့သည်။ စိတ်ကျန်းမာရေးဆိုင်ရာအကျိုးသက်ရောက်မှုများသည် နောက်ဆက်တွဲရောဂါနှင့် သေဆုံးမှုကိုဖြစ်စေနိုင်သည်။

## ရာသီဥတုဖောက်ပြန်မှုကြောင့် ကျန်းမာရေးထိခိုက်နိုင်ခြေအများဆုံးရှိသူများ

ရာသီဥတုဖောက်ပြန်ခြင်း၏ဆိုးကျိုးများကို လူတိုင်းရင်ဆိုင်ရသော်လည်း မွေးကင်းစကလေးများ၊ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ အသက်ကြီးသူများ၊ နာတာရှည်ရောဂါရှိသူများ၊ မသန်စွမ်းသူများ၊ လူမှုစီးပွားရေးအရ ချို့တဲ့သောအသိုင်းအဝိုင်းများ၊ မြို့ပြတွင်နေထိုင်သူများ၊ အပြင်တွင် အချိန်ကြာကြာလုပ်ရသူ အထွေထွေအလုပ်သမားများ၊ မီးသတ်သမားများ၊ သယ်ယူပို့ဆောင်ရေးလုပ်သားများ၊ စိုက်ပျိုးရေးနှင့်ဆောက်လုပ်ရေးလုပ်သားများသည် ကျန်းမာရေးထိခိုက်မှုအန္တရာယ်များကို တွေ့ကြုံရနိုင်ခြေပိုများသည်။ ထို့ကြောင့် ကျန်းမာရေးထိခိုက်မှုအန္တရာယ်များကို ကာကွယ်ရန်နှင့် ဖြစ်ပေါ်လာနိုင်သည့်လက္ခဏာများကို သတိထားရန် အရေးကြီးပါသည်။

## ရာသီဥတုဖောက်ပြန်ခြင်းကြောင့် ကျန်းမာရေးထိခိုက်မှုမှကာကွယ်ရန် နည်းလမ်းများ

ရာသီဥတုပြောင်းလဲမှုသည် မျက်မှောက်ခေတ်တွင် လူသားအားလုံးခံစားရမည့်အလားအလာရှိသော်လည်း ကျန်းမာနေစေရန်အတွက် နေ့စဉ်လုပ်ဆောင်နိုင်သည့် ကြိုတင်ကာကွယ်မှုများရှိကြောင်း လူတိုင်းသိရှိရန်အရေးကြီးပါသည်။

ပြောင်းလဲနေသောရာသီဥတုအခြေအနေများကို သတိပြုပြီး အလွန်အမင်းအပူချိန်မြင့်မားသောအခြေအနေများအတွက် ကြိုတင်ပြင်ဆင်ထားပါ။ အပူချိန်လွန်ကဲနေချိန်တွင် အိမ် သို့မဟုတ် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောအရိပ်ထဲတွင် နားနေပြီး ပြင်ပလှုပ်ရှားမှုများကို တစ်နေ့တာ၏ အပူချိန်လျော့နည်းသောအချိန်များတွင်ပြုလုပ်ပါ။ ခန္ဓာကိုယ်တွင် ရေဓာတ်ပြည့်ဝနေရန် ရေများများသောက်ပေးပါ။ အပြင်ထွက်လျှင် နေရောင်ကာခရင်မ် (SPF 30 နှင့်အထက်) လိမ်းရန်၊ ဦးထုပ်နှင့် အရောင်ဖျော့သောပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ။

ပြင်ပလေထုညစ်ညမ်းမှုနှင့် ထိတွေ့မှုကို လျှော့ချရန် မြို့ကြီးများနှင့် စက်မှုဇုန်များ၌ နေထိုင်သူများသည် အပြင်ဘက်တွင် အချိန်များစွာနေခြင်းကို ရှောင်ကြဉ်သင့်သည်။ အိမ်တွင်းလေထုညစ်ညမ်းမှုများကို ဖယ်ရှားရန်အတွက် ပုံမှန်လေဝင်လေထွက်ရန်ပြင်ဆင်ပါ။ ပြင်ပလေထုညစ်ညမ်းမှုသည် မော်တော်ယာဉ်များ၊ လောင်စာဆီလောင်ကျွမ်းမှုနှင့် စက်မှုလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာသောဓာတ်ငွေ့များကြောင့် ဖြစ်သည်။ ထို့ကြောင့် မြို့ပေါ်တွင် နေထိုင်ပါက လူရှုပ်သောလမ်းများအနီးတွင် လေ့ကျင့်ခန်းပြုလုပ်ခြင်းကို ရှောင်ကြဉ်ပါ၊ လေ့ကျင့်ခန်းပြုလုပ်သည့်အချိန်ပမာဏကိုကန့်သတ်ပြီး လမ်းလျှောက်ခြင်းအစား ပြေးခြင်းကဲ့သို့သော ပြင်းထန်သောလှုပ်ရှားမှုကို ပြုလုပ်ရန် ရည်ရွယ်ပါ။

တစ်ကိုယ်ရေသန့်ရှင်းရေးသတိပြုရန်နှင့် အစားအသောက်ဘေးကင်းရေး လက်ပုံမှန်ဆေးကြောခြင်းကို လေ့ကျင့်ရန်အရေးကြီးပါသည်။ အစားအသောက်ပြင်ဆင်ချက်ပြုတ်ခြင်းမပြုမီ၊ အစာမစားမီနှင့် သန့်စင်ခန်းအသုံးပြုပြီးတိုင်း လက်ကို ဆပ်ပြာနှင့်ရေ သို့မဟုတ် ရေမလိုလက်သန့်ဆေးရည်အသုံးပြု၍ စနစ်တကျဆေးရန်ဖြစ်သည်။ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကိုမစားမီ ဆားနှင့်ရှလကာရည်တွင် မိနစ် ၃၀ ခန့်စိမ်၍ ဆေးကြောခြင်း သို့မဟုတ် အခွံခွာခြင်း၊ အသားများကို သေချာစွာချက်ပြုတ်ခြင်းနှင့် မီးဖိုချောင်နှင့် အစားအစာပြင်ဆင်သည့်နေရာများကို သန့်ရှင်းသပ်ရပ်စွာထားရှိခြင်း စသည့်အစားအသောက်ဘေးကင်းရေး သတိပေးချက်များကိုလည်း လိုက်နာဆောင်ရွက်သင့်ပါသည်။

သောက်ရေသန့် သို့မဟုတ် ရေသန့်စင်ဆေးပြားခတ်ထားသောရေ သို့မဟုတ် ကျိုချက်ထားသောရေကိုသာသောက်သုံးပါ။ သောက်သုံးရေသန့်စင်ခြင်းဆိုင်ရာ စံချိန်စံညွှန်းများနှင့် အလေ့အကျင့်များကို ပျိုးထောင်ပါ။ သန့်ရှင်းသောသောက်သုံးရေ အရင်းအမြစ်များကို ရှာဖွေစုဆောင်းပါ။ ရေကိုထိန်းသိမ်းပါ။ မိုးတွင်း၌ ရေကို ကျိုချက်၍သောက်ပါ။

ခြင်ကိုက်ခံရခြင်းမှကာကွယ်ရန် ခြင်ထောင်ဖြင့်အိပ်ပါ။ အိမ်အတွင်းသို့ ခြင်များဝင်ရောက်ခြင်းမှတားဆီးရန် တံခါးများ၊ ပြတင်းပေါက်များ၊ လေဝင်ပေါက်များနှင့် မီးခိုးခေါင်းတိုင်များတွင် ခြင်လုံဆန်ခါတပ်ထားပါ။ ခန္ဓာကိုယ်ကို တတ်နိုင်သမျှဖုံးအုပ်နိုင်သော အကာအကွယ်အဝတ်အစားများ ဝတ်ဆင်ပါ။ နေအိမ်အနီးတွင် ခြင်များပေါက်ပွားနိုင်သည့်ရေအိုင်များ၊ ရေဝပ်သောနေရာများမရှိစေရန် ရှင်းထားပြီး ရေများစုပုံခြင်းမှကာကွယ်ရန်၊ ရေဆိုးများကို ဖယ်ရှားရန်နှင့် အမှိုက်များကို စနစ်တကျစွန့်ပစ်ရန်လိုအပ်ပါသည်။

စိတ်ကျန်းမာရေးအတွက် နေ့စဉ်လုံလောက်စွာအိပ်စက်ပါ။ ချစ်ခင်နှစ်သက်သည့် အပေါင်းအသင်းမိတ်ဆွေများ၊ သူငယ်ချင်းများနှင့်အတူ ပျော်ရွှင်စရာကောင်းသောလှုပ်ရှားမှုများအတွက် အချိန်ပေးပါ။ ရယ်မောခြင်းဖြင့် ဦးနှောက်မှပျော်ရွှင်စေသော ဟော်မုန်းပမာဏကိုများစေသဖြင့် စိုးရိမ်ပူပန်မှု၊ စိတ်ဖိစီးမှုများကိုလျော့ကျစေသည်။ စိတ်ကျန်းမာရေးကို ထိခိုက်စေသည်ဟု ခံစားရပါက ကျွမ်းကျင်ပညာရှင်ထံမှ အကူအညီရယူပါ။

ရာသီဥတုပြောင်းလဲမှု၏ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကို လျော့ပါးသက်သာစေရန် လက်တွေ့ကျသော လူနေမှုပုံစံအလေ့အကျင့်များကိုလည်း အပြောင်းအလဲများပြုလုပ်နိုင်ပါသည်။ အိမ်တွင်အသုံးပြုသော စွမ်းအင်ကို ရေနံ၊ ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့မှရယူမည့်အစား လေ သို့မဟုတ် နေရောင်ခြည်ကဲ့သို့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြင့်အသုံးပြုပါ။ အိမ်တွင်စွမ်းအင်ချွေတာပါ။ LED မီးသီးများနှင့် စွမ်းအင်သက်သာသော လျှပ်စစ်ပစ္စည်းများကို ပြောင်းလဲအသုံးပြုပါ။ အဝတ်အစားများနှင့် တခြားလူသုံးကုန်ပစ္စည်းများကို လျှော့ဝယ်ခြင်းက ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချနိုင်သည်။ တစ်ခါသုံးပလတ်စတစ်အသုံးပြုမှုကို လျှော့ချရန် ပြန်သုံး၍ရသော ဈေးဝယ်အိတ်ကို ယူလာပါ။ ကားမောင်းမည့်အစား လမ်းလျှောက်ခြင်း သို့မဟုတ် စက်ဘီးစီးခြင်းက ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချပေးမည်ဖြစ်ပြီး ကျန်းမာရေးနှင့် ကြံ့ခိုင်မှုကို အထောက်အကူဖြစ်စေပါသည်။ ဓာတ်ဆီ သို့မဟုတ် ဒီဇယ်စွမ်းအင်သုံးကားမှ လျှပ်စစ်ကားသို့ ပြောင်းခြင်းဖြင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုနည်းပါးစေပြီး လေထုညစ်ညမ်းမှုကို လျှော့ချပါ။

သစ်ပင်စိုက်ပါ။ သစ်ပင်များသည် အစာနှင့်အောက်ဆီဂျင်ကိုပေး၍ လေထုကို သန့်ရှင်းစေပြီး ရာသီဥတုပြောင်းလဲမှုကိုတိုက်ဖျက်ရန် ကူညီပေးသည်။ အသားနှင့်နို့ထွက်ပစ္စည်းများကိုလျှော့စားပြီး အပင်အခြေခံအစားအစာများနှင့် ဒေသထွက်အစားအစာများကိုစားသုံးခြင်းဖြင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုနည်းပါးစေပြီး ပတ်ဝန်းကျင်ထိခိုက်မှုကို သိသိသာသာလျော့ကျစေနိုင်သည်။ အိမ်တွင် အစားအစာစွန့်ပစ်မှုကို လျှော့ချခြင်းဖြင့် ကာဗွန်ခြေရာကိုလျှော့ချနိုင်သည်။ ထို့ကြောင့် အမှိုက်ကို မှန်ကန်စွာစွန့်ပစ်ပါ။ ပတ်ဝန်းကျင်ကို သန့်ရှင်းပါ။

အချုပ်အားဖြင့်ဆိုသော် ရာသီဥတုဖောက်ပြန်မှုနှင့် ပတ်ဝန်းကျင်ကိုကာကွယ်ရန် လူသားအားလုံးတွင် တာဝန်ရှိသည်။ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်လာနိုင်သော ကျန်းမာရေးအန္တရာယ်များမှ ကာကွယ်ရန်အတွက် လူသားအားလုံး အတူတကွ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါသည်။ ထို့ကြောင့် ကြိုတင်ကာကွယ်နိုင်သည့်နည်းလမ်းများကို အသိပညာပေးခြင်းဖြင့် အနာဂတ်မျိုးဆက်များအားလုံး၏ ကျန်းမာရေးကို ထိန်းသိမ်းကာကွယ်ရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

**ဒေါက်တာသီဂီကျော်**

# (၂၉)ကြိမ်မြောက် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေး စောင့်ရှောက်မှုဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေး



**ပဲခူး ဧပြီ ၂၃**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အဖွဲ့ဝင်များသည် ဧပြီလ ၂၂ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့သွားရောက်၍ ၂၉ ကြိမ်မြောက် လစဉ်အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးနေမှုအား ကြည့်ရှုအားပေးကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲခူးမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးဝန်ထမ်းများက စမ်းသပ်စစ်ဆေးကုသပေးနေမှု၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပရဟိတအဖွဲ့အစည်းများမှ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးနေမှုနှင့် ရေသန့်နှင့် ကော်ဖီများ အခမဲ့တိုက်ကျွေးနေမှုများအား လိုက်လံကြည့်ရှုသည်။

ဆက်လက်၍ ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်အားပေးစကားပြောကြားပြီး လစဉ် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား စဉ်ဆက်မပြတ် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးနှင့် ဆေးဝါးလိုအပ်ချက်မရှိစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာ လုပ်ငန်းနယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်ကြသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အငြိမ်းစားယူပြီးနောက် ကျန်းမာပျော်ရွှင် အသက်ရှည်စွာ နေထိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်စီစဉ်မှုဖြင့် လစဉ် တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိ ပြည်သူ့ဆေးရုံကြီးများ၌ ကျန်းမာရေးစောင့်ရှောက်မှုစစ်ဆေးပေးခြင်း၊ လူနာတစ်ဦးလျှင် အခမဲ့ဆေးဝါးတစ်လစာ လစဉ်ပံ့ပိုးပေးခြင်း၊ ကာကွယ်ဆေးထိုးပေးခြင်း၊ အခြေခံစားသုံးကုန်များအား သက်သာသောနှုန်းထားဖြင့် ရောင်းချပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။ **(၄၀၁)၊ တင်စိုး(ပဲခူး)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**မိတ္ထီလာ ဧပြီ ၂၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ခင်တဲအုပ်စု တောင်ဖီလာကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ဧပြီလ ၂၂ ရက် နံနက်ပိုင်းတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့်အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များကို ပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တောင်ဖီလာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးအတွက် ငွေကျပ် ၁၆ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦးအတွက်ငွေကျပ်၃၉ ဒသမ ၁ သန်း စုစုပေါင်း ၉၇ ဦးအတွက် ငွေကျပ်၅၆ သန်းထုတ်ချေးပေးကြောင်း သိရသည်။ (၆၀၂)

# သဲကုန်းမြို့နယ်၌ ၂၀၂၅ ခုနှစ် နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်

**သဲကုန်း ဧပြီ ၂၃**

သဲကုန်းမြို့နယ်တွင် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှကြီးမှူး၍ နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီလ ၂၃ ရက် နံနက်ပိုင်းတွင် အခြေခံပညာအထက်တန်းကျောင်း (သဲကုန်း)၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်သန်းစိန်က အဖွင့်အမှာစကားပြောကြားရာတွင် သင်တန်းတက်ရောက်ခြင်းဖြင့် ဗုဒ္ဓဘာသာသာသနာအား အစဉ်စောင့်ရှောက်ထိန်းသိမ်းလိုသည့်စိတ်များ ရင့်သန်ခိုင်မာလာစေရန်၊ (၃၈)ဖြာ မင်္ဂလာတရားတော်များ၊ ယဉ်ကျေးလိမ္မာစေရေး လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်များကို သိရှိနားလည်စေရန် ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင့်နန္ဒာဌေးက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နွေရာသီအားလပ်ရက်များတွင် အချိန်ကိုအကျိုးရှိစွာအသုံးချတတ်စေရန်၊ အကျင့်စာရိတ္တကောင်းမွန်ပြီး ဗုဒ္ဓ၏ အဆုံးအမစာပေများအား သိရှိနားလည်ပြီး ယဉ်ကျေးသိမ်မွေ့စွာပြောဆိုကျင့်ကြံနေထိုင်တတ်စေရန် ပြောကြားသည်။

သင်တန်းနည်းပြဆရာ ဦးနိုင်လင်းအောင်က ယဉ်ကျေးလိမ္မာသော မျိုးဆက်သစ်လူငယ်များပေါ်ထွန်းလာစေရန်၊ ဘုရားရှိခိုးခြင်း၊ ဆုတောင်းမေတ္တာပို့သခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ခြင်းစသောဗုဒ္ဓစာပေများကို ငယ်စဉ်ကတည်းကပင်သိရှိနားလည်စေရန်ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်းရှင်းလင်းပြောကြားသည်။

အဆိုပါ နွေရာသီယဉ်ကျေးလိမ္မာသင်တန်းကို ဧပြီလ ၂၃ ရက်မှ ၂၆ ရက်အထိ သင်တန်းနည်းပြငါးဦးဖြင့် ကျောင်းသား၊ ကျောင်းသူ ၅၀ ဦးအား ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**ဝေယံကျော်**

## ပရဟိတ ပြုကြသူငါ လူ့ဘဝမှာ

❖ သိစေကွယ်ပရဟိတ
အလှရှိကြစေမြင်
ဘဝအသိပြ ရွှေအသွင်ပါ
ပြေ(ပြည်)တစ်ခွင်ကျင့်သုံး။
လူသားချင်း ရိုင်းပင်းလေတယ်
စိုင်းပြင်းနေ ပါဝင်မဆုံး။

❖ ရှိတာလေး ဝေမျှသည်ကွယ်
မနေကြပြီ အတူသုံး။
မသွေပြည်သီ ဖြူထုံးမို့
လှူအုံး(ဦး) ချစ်စရာ။
အတ္တပယ် ကောင်းမှုပြုပါလို့
အကြောင်းပြုလှ လောကတစ်ခွင်မှာ။

❖ ပရဟိတ ဖွင့်ဆိုပါသော်
ဆင့်ကြိုလာ "တစ်ပါးသူအကျိုး"မို့
အများတူပျိုး ဆောင်ရွက်လေ
နောင်တစ်သက်ရွှေ။
မရှောင်ဖက် ဆောင်မပျက်စေကွယ်
အောင်လျက်ဝေ ဘဝဆက်ဆက်လေး။ ။

**မောင်မောင်ကျော်**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄-၄-၂၀၂၅ (ကြာသပတေးနေ့)

၁။ ၀၆:၀၀ နိုင်ငံတော်သီချင်း
၂။ ၀၈:၀၀ သုတရသစုံလင် ဗဟုသုတပုံပြင်
၃။ ၀၉:၀၀ ကျန်းမာသုတ
၄။ ၁၀:၀၀ နိုင်ငံတကာ သတင်း
၅။ ၁၁:၀၀ မြဝတီရုပ်မြင် သံကြားသတင်း
၆။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု
၇။ ၁၃:၀၀ ဝေမျှဆွေးနွေး လူငယ့်အရေး
၈။ ၁၄:၀၀ Soft Skill
၉။ ၁၅:၀၀ ဇာတ်လမ်းတို
၁၀။ ၁၆:၀၀ စာပေနှင့်အနုပညာ သတင်း
၁၁။ ၁၈:၀၀ နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့
၁၂။ ၁၈:၃၀ ထုတ်လွှင့်ပြန်ကြား သတင်းမှန်များ
၁၃။ ၁၈:၄၀ ပြည်သူ့ကြားက ပြည်သူ့စကား
၁၄။ ၁၉:၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း မောင်ဘစီ**
**သရုပ်ဆောင်- မင်းသူ၊ နေရောင်၊ သဉ္ဇာမြင့်မိုရ်**
**ဒါရိုက်တာ- တင်အောင်စိုး (ပန်းမြို့တော်)**

# ရေစီးရေလာကောင်းမွန်ရေးနှင့် လမ်းပြုပြင်တိုးချဲ့ရေးလုပ်ငန်းများဆောင်ရွက်နေမှု ရန်ကုန်မြို့တော်ဝန်ကြည့်ရှုစစ်ဆေး



ရန်ကုန် ဧပြီ ၂၃

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေးသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်)ဦးညီညီ၊ တာဝန်ရှိသူများနှင့်အတူ ဧပြီလ ၂၃ ရက်တွင် ရေစီးရေလာကောင်းမွန်ရေးနှင့် လမ်းပြုပြင်တိုးချဲ့ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ရန်ကုန်မြို့တော်ဝန်နှင့်အဖွဲ့သည် သာကေတမြို့နယ် ရောဝဏ်လမ်း မြခွာညိုအိမ်ရာဝင်းရှိ အမှတ်(၁၂) မြစ်ထွက်ပေါက်ရေတံခါး ရေစီးရေလာကောင်းမွန်ရေးနှင့် ရေမြှုပ်ပန့်များ တပ်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေတံခါးဝန်းကျင် သန့်ရှင်းသာယာသပ်ရပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ရောဝဏ်လမ်းရှိအမှတ်(၁၃) မြစ်ထွက်ပေါက်သို့ သွားရောက်၍ အင်ဂျင်နီယာဌာန (ရေစီးရေလာစီမံခန့်ခွဲမှု)မှ မြစ်ထွက်ပေါက်အတွင်း အမှိုက်နှင့်နုန်းများ ဆယ်ယူရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ရောဝဏ်လမ်းတစ်လျှောက် သန့်ရှင်းသာယာသပ်ရပ်ရေး ဆောင်ရွက်ရန်မှာကြားသည်။ ယင်းနောက် ဒေါပုံမြို့နယ် ကွန်ကရစ်ဖျော်စက်ရုံဝင်းရှေ့ စက်ရုံလမ်း သန့်ရှင်းသာယာသပ်ရပ်စေရေး မြက်ပင်ချုံနွယ်များရှင်းလင်းနေမှု၊ အမှိုက်၊ သစ်ရွက်ခြောက်များ လှဲကျင်းရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ဒဂုံမြို့နယ် ဦးဝိစာရလမ်း(ဦးဝိစာရအဝိုင်းနှင့် ရွှေတိဂုံဘုရားလမ်းကြား) အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ လမ်းလယ်ကျွန်း ဝဲ/ယာ အရှည် ပေ ၄၄၄၀၊ အကျယ် ၃ ပေရှိ လမ်းသားတိုးချဲ့ ကွန်ကရစ်ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများစံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ရန်နှင့် လမ်းတစ်လျှောက်သန့်ရှင်းသာယာသပ်ရပ်ရေးဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဦးဝိစာရလမ်းရှိ ဦးဥတ္တမပန်းခြံအတွင်း စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှု၊ သစ်ပင်၊ ပန်းပင်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ကန်ရေပြင်ကြည်လင်စေရေး အမှိုက်များ၊ နုန်းများ ဆယ်ယူရှင်းလင်းရန်၊ ပန်းခြံအတွင်း အမှိုက်များ စနစ်တကျစွန့်ပစ်စေရေး အမှိုက်ပုံးများထားရှိရန်တို့ကို မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝန်းရံ**

# ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်အတွက် မြို့သစ်မြို့နယ်၏ ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ ကျင်းပ

မြို့သစ် ဧပြီ ၂၃

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ်၏ ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ်အတွက် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို ဧပြီလ ၂၂ ရက်က မြို့သစ်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းထက်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီအတွင်းရေးမှူး၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းမော်က ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်တွင် စီမံကိန်းရည်မှန်းချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ထားမှုအခြေအနေတို့ကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ထို့နောက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ သစ်တောကဏ္ဍ၊ လျှပ်စစ်ကဏ္ဍနှင့် နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ စသည့်ဒေသန္တရစီမံကိန်းရည်မှန်းချက်တာဝန်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းထက်က သက်ဆိုင်ရာမြို့နယ်အဆင့် ဌာနဆိုင်ရာများသို့ ကဏ္ဍအလိုက် အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းဝင်းထွန်း ( ပြန်/ဆက်)**

# မီးခိုးမြူငွေ့နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြော

ရန်ကုန် ဧပြီ ၂၃

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ဒလမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အသိပညာ ဗဟုသုတများရရှိစေရန် မီးခိုးမြူငွေ့နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဧပြီလ ၂၃ ရက်တွင် ရခိုင်ချောင် (တ) ကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ဒလမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်အေးက ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်းသိကောင်းစရာခေါင်းစဉ်ဖြင့်ဆွေးနွေးပြီး မီးခိုးမြူငွေ့လျှော့ချခြင်း၊ စနစ်တကျအမှိုက်စွန့်ပစ်ခြင်း၊ ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု၊ အိမ်တွင်းညစ်ညမ်းမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကူးစက်ရောဂါအမျိုးမျိုးနှင့် ကြိုတင်ကာကွယ်ခြင်းနည်းလမ်းများ စသည့်အသိပညာ ဗဟုသုတများကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ပလတ်စတစ်အိတ်သုံးစွဲမှု လျှော့ချခြင်း၏ အကျိုးကျေးဇူးများ၊ အမှိုက်အမျိုးအစားများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာများကို ဟောပြောဆွေးနွေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများ၏ သိရှိလိုသည့် မေးမြန်းဆွေးနွေးမှုများကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးကြသည်။

အဆိုပါ မီးခိုးမြူငွေ့နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရခိုင်ချောင် (တ) ကျေးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြကြောင်း သိရသည်။

**သော်ဇင်ထူး**

# တောင်တွင်းကြီးမြို့နယ်၌ စာအုပ်စာစောင်များပြပွဲကျင်းပ



တောင်တွင်းကြီး ဧပြီ ၂၃

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဧပြီလ ၂၂ ရက်က စာအုပ်စာစောင်ပြပွဲကျင်းပကြောင်း သိရသည်။

အဆိုပါ စာအုပ်စာစောင်ပြပွဲကို တောင်တွင်းကြီးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်တွင် အချိန်ကို အကျိုးရှိစွာအသုံးချတတ်စေရန်၊ စာကြည့်တိုက်နှင့်ရင်းနှီးကျွမ်းဝင်မှုရှိစေရန်၊ စာပေဖတ်ရှုသည့်အလေ့အကျင့်ကောင်းများရရှိစေရန်၊ ဗဟုသုတကြွယ်ဝစေရန်နှင့်စာအုပ်စာစောင်များအား တန်ဖိုးထားတတ်စေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

ထို့ပြင် စာကြည့်တိုက်သို့ လာရောက်မဖတ်ရှုနိုင်သည့် စာပေချစ်မြတ်နိုးသူများအတွက်လည်း Mobile Library စနစ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါစာအုပ်စာစောင်ပြပွဲတွင် သုတ၊ ရသ၊ ရုပ်ပြစာအုပ်စာစောင်များ၊ အသိပညာ ဗဟုသုတရရှိစေမည့် စာအုပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုကြကြောင်း သိရသည်။

**နောင်နောင်(ဗိသနိုးမြေ)**

# ပုပ်ရဟန်းမင်းကြီး ဖရန်စစ် ကွယ်လွန်သွားခဲ့ခြင်းအတွက် ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် လက်မှတ်ရေးထိုး

ရန်ကုန် ဧပြီ ၂၃

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ဧပြီလ ၂၁ ရက်တွင် ကွယ်လွန်သွားခဲ့ခြင်းအတွက် အမှတ် ၄၆(စီ) အောင်တော်မူလမ်းသွယ် သံလွင်လမ်း ရွှေတောင်ကြား ဗဟန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီးရှိ မြန်မာနိုင်ငံဆိုင်ရာ ဟိုလီဆီး (ဗာတီကန်မြို့ပြနိုင်ငံ)သံရုံးတွင် ဖွင့်လှစ်ထားရှိသော ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် သွားရောက်လက်မှတ်ရေးထိုးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဟိုလီဆီး (ဗာတီကန်မြို့ပြနိုင်ငံ)သံရုံးမှ သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများအား သံရုံးဧည့်ခန်းမတွင် ခင်မင်ရင်းနှီးစွာတွေ့ဆုံ၍ ပုပ်ရဟန်းမင်းကြီးကွယ်လွန်ခဲ့ခြင်းအပေါ် ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားပါကြောင်း သတင်းစကားပြောကြားခဲ့ပြီး ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ၂၀၁၃ ခုနှစ်တွင် ပုပ်ရဟန်းမင်းကြီးအဖြစ် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးလာရောက်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)



# မလေးရှားနိုင်ငံ ဝန်ကြီးချုပ်ဟောင်း H.E. Tun Abdullah Bin Haji Ahmad Badawi ကွယ်လွန်သွားခဲ့ခြင်းအတွက် ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် လက်မှတ်ရေးထိုး

ရန်ကုန် ဧပြီ ၂၃

မလေးရှားနိုင်ငံ ဝန်ကြီးချုပ်ဟောင်း H.E. Tun Abdullah Bin Haji Ahmad Badawi သည် ဧပြီလ ၁၄ ရက်တွင် ကွယ်လွန်သွားခဲ့ခြင်းအတွက် အမှတ် ၈၂ ပြည်ထောင်စုရိပ်သာလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံရုံးတွင် ဖွင့်လှစ်ထားရှိသော ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်လက်မှတ်ရေးထိုးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မလေးရှားနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများအား သံရုံးဧည့်ခန်းမတွင် ခင်မင်ရင်းနှီးစွာတွေ့ဆုံ၍ မလေးရှားနိုင်ငံ ဝန်ကြီးချုပ်ဟောင်းကွယ်လွန်ခဲ့ခြင်းအပေါ် ဝမ်းနည်းကြောင်းနှင့်စာနာထောက်ထားကြောင်း သတင်းစကားပြောကြားခဲ့ပြီး ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

H.E. Tun Abdullah Bin Haji Ahmad Badawi သည် မလေးရှားနိုင်ငံ၏ ငါးဦးမြောက်ဝန်ကြီးချုပ်အဖြစ် ၂၀၀၃ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ခြောက်နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)











■ ကျောဖုံးမှအဆက်

ဝယ်ယူသုံးစွဲနိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ယခင်ဈေးနှုန်းထက် လျှော့ချကာ စတင်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

အများပြည်သူနှင့် သက်ဆိုင်သည့် အဆောက်အအုံများ၊ ဝန်ကြီးဌာနများ ပြန်လည်တည်ဆောက်ရေးအတွက် ဝယ်ယူမည်ဆိုပါက ယခင်ဘိလပ်မြေ တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ရောင်းချပေးနေရာမှ ယခု တစ်အိတ်လျှင်ငွေကျပ် ၁၇၅၀၀ နှုန်းသို့ လျှော့ချ၍လည်းကောင်း၊ ငလျင်ဘေးသင့်ပြည်သူများ၏ အိုးအိမ်၊ အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် ဝယ်ယူမည်ဆိုပါက ယခင် ဘိလပ်မြေတစ်အိတ်လျှင် ငွေကျပ် ၂၃၀၀၀ နှုန်းဖြင့်ရောင်းချပေးနေရာမှ ယခုတစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းသို့လျှော့ချ၍လည်းကောင်း ယနေ့မှစ၍ ရောင်းချပေးလျက်ရှိသည်။

ယခုကဲ့သို့ ပြန်လည်တည်ဆောက်ရေးကာလတွင် စာသင်ကျောင်း၊ ဆေးရုံ၊ အစိုးရဌာန အဆောက်အအုံများအပါအဝင် အများနှင့်သက်ဆိုင်သောနေရာများ အမြန်ဆုံးပြန်လည်အသုံးပြုနိုင်ရေးနှင့် ငလျင်ဘေးဒဏ်သင့်ပြည်သူများ၏နေအိမ်အဆောက်အအုံများ မိုးမကျမီအမြန်ဆုံး ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ သင့်တင့်သက်သာသည့် နှုန်းထားတစ်ခုသို့လျှော့ချကာ ယခုကဲ့သို့ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း အဆိုပါစက်ရုံမှတာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ထိုသို့ ဈေးနှုန်းများအား လျှော့ချပေးသည့်အတွက် တစ်ဖက်တွင်လည်း ထုတ်လုပ်မှုအပိုင်း၊ ဖြန့်ချိမှုအပိုင်းနှင့် အရည်အသွေးအပိုင်းထိခိုက်မှုမရှိစေရေး၊ လျှော့ကျမှုမရှိစေရေးနှင့်သုံးစွဲသူများ လက်ဝယ်အမှန်တကယ်ရောက်ရှိစေရေး နေ့စဉ် စနစ်တကျ ကြပ်မတ်စစ်ဆေးထုတ်လုပ်လျက်ရှိကြောင်း သတင်းရရှိသည်။

မြနန္ဒာ

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံတို့ စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ ငလျင်ဒဏ်သင့်ပြည်သူများစောင့်ရှောက်ရေးစခန်း၌ ကျန်းမာရေးဆိုင်ရာများဆောင်ရွက်ပေးနေမှု ကို ကြည့်ရှုစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် မဟာမုနိဘုရားကြီး၌ အပျက်အစီးများဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့်ဘုရားကြီးကျောင်းတော်ကြီး၏ ထီးတော်ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်ရေး စီမံထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် ကျောက်ဆည်မြို့ Modular House များလှူဒါန်းပေးအပ်ပွဲနှင့်ကျောက်သေတ္တာစေတီပြုပြင်ထိန်းသိမ်းရေး အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် အလှူရှင်တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် ချမ်းအေးသာစံမြို့နယ်ရှိ Golden City Hotel နေရာ၌ အပျက်အစီးများနှင့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဧပြီ ၂၃**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့်ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့၊ နန်းဦးမြို့သစ်နှင့် ပါရမီရပ်ကွက်ရှိ ငလျင်ဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်းသို့ သွားရောက် ထောက်ပံ့ပစ္စည်းများ ပေးဝေနေမှုအားလည်းကောင်း၊ သောတာပန်ရပ်ကွက်ရှိ သုတေသကသီလရှင်ကျောင်းတိုက်၊ ဇနကာရာမကိုးကန့်ကျောင်းတိုက်၊ ပန်းဘဲတန်းရပ်ကွက်နှင့် ရွာထောင်ရပ်ကွက်တို့ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိကအဆောက်အအုံများ၊ လူနေအဆောက်အအုံများကို စုပေါင်းရှင်းလင်းဖယ်ရှားနေမှုများအားလည်းကောင်း၊ ပါရမီရပ်ကွက်နှင့် ရန်နိုင်ရပ်ကွက်တို့ရှိ ငလျင်ဒဏ်သင့်ပြည်သူများစောင့်ရှောက်ရေးစခန်းများ၌ ကျန်းမာရေးဆိုင်ရာများအားလည်းကောင်း၊ စီတီးရပ်ကွက်ရှိ ရာဇာမဏိစူဠာကောင်းမှုတော်စေတီနှင့်ကျောက်ဆစ်ရပ်ကွက်ရှိနည်းပညာတက္ကသိုလ်(စစ်ကိုင်း)တို့၌ ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများအားလည်းကောင်း၊ စစ်ကိုင်းတောင်ရိုးရှိဆွမ်းဦးပုညရှင်စေတီတော်နှင့် ရှင်ဖြူရှင်လှစေတီများသို့ သွားရောက်ကာ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများ၊ အရံစေတီများကို ဖယ်ရှားရှင်းလင်းနေမှုတို့ကိုလည်းကောင်း၊ စစ်ကိုင်းမြို့အတွင်းရှိ သာသနိကအဆောက်အအုံများကို ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ရန်အတွက် တပ်မတော်(ကြည်း/ရေ/လေ) မိသားစုများမှလှူဒါန်းသည့်ဘိလပ်မြေအိတ် (၁၈၀)တန်ရောက်ရှိနေမှုကိုလည်းကောင်း၊ သောတာပန်ရပ်ကွက်ရှိ လေးကျွန်းမာရ်အောင်စေတီတော်၌ ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများ ဖယ်ရှားရှင်းလင်းနေမှုကိုလည်းကောင်း၊ ပိုးတန်းရပ်ကွက်ရှိ လူနေအဆောက်အအုံနှင့် မြို့မရဲစခန်းတို့တွင် ပြိုကျပျက်စီးနေသော အဆောက်အအုံများရှင်းလင်းဖယ်ရှားနေမှုတို့ကိုလည်းကောင်း၊ ပါရမီရပ်ကွက်ရှိ ပြိုကျပျက်စီးနေသော စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနစစ်ကိုင်းခရိုင်စီမံကိန်းဦးစီးရုံး၏ဝန်ထမ်းအိမ်ရာကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတောင်တော်ဆုတောင်းပြည့်စေတီတော်၊ စန္ဒာမုနိဘုရားများသို့သွားရောက်ဖူးမြော်ကြည်ညို၍ ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းနေမှုနှင့်ဆောင်ရွက်ပြီးစီးမှုအခြေအနေများအား ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် ချမ်းမြသာစည်မြို့နယ်ရှိမဟာမုနိဘုရားကြီး၌ အပျက်အစီးများအား ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ မဟာမုနိဘုရားကြီးကျောင်းတော်ကြီး၏ ထီးတော်ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်ရေး စီမံထားရှိမှုအခြေအနေများအား ထီးတော်အနီးထိ ကရိန်း၊ ဒရုန်းတို့ဖြင့်လည်းကောင်း အနီးကပ်ပတ်လည်ကြည့်ရှုစစ်ဆေး၍ ရှေးမူမပျက် မူလအတိုင်း ပြန်လည်ပြုပြင်တည်ဆောက်ရေး၊ အန္တရာယ်ကင်းရှင်းစွာဆောင်ရွက်နိုင်ရေးတို့ကိုတာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည်မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်ရှိ ရွှေကျီးမြင်ဘုရား၊ ချမ်းအေးသာစံမြို့နယ်ရှိ မဟာသကျသီဟဘုရား၊ မဟာအောင်မြေမြို့နယ်ရှိ သာသနာ့ပိုင်ကျောင်းတိုက်ရတနာစံကျောင်းဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ချမ်းအေးသာစံမြို့နယ်ရှိ Golden City Hotel နေရာများသို့သွားရောက်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများအရှိန်အဟုန်မြှင့်ဆောင်ရွက်နေသည်များကိုလည်းကောင်း၊ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ ဘုရားစေတီပုထိုးများတွင် ရှေးမူမပျက်ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း (ကျောက်ဆည်)၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် မြို့မိမြို့ဖများစုပေါင်း၍ ပြိုကျပျက်စီးသွားသော အပျက်အစီးများကို ဖယ်ရှားရှင်းလင်းနေမှုများ၊ ကျောင်းအတွင်း/အပြင်သန့်ရှင်းရေးလုပ်အားပေးဆောင်ရွက်နေမှုများအား ကြည့်ရှုပြီး အချိုရည်နှင့်ရေသန့်ကတ်များ ပေးအပ်သည်။

ထို့နောက် ကျောက်ဆည်မြို့၊ မြင်စိုင်းမြို့ဟောင်းမြို့ကွက်(၈)အတွင်းရှိ ငလျင်ဒဏ်ကြောင့် ကွဲအက်ပျက်စီးသွားသော ရှေးဟောင်းသမိုင်းဝင် နန်းဦးဘုရားအား သွားရောက်ကြည့်ရှု၍ နန်းဦးဘုရားအား ရှေးမူမပျက်ပြုပြင်ထိန်းသိမ်းရန် ဆောင်ရွက်မည့် အစီအမံများနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ သောကြာကြယ်ပရဟိတပညာရေးအကူအညီ ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော်အားဖူးမြော်၍ ဆန်နှင့် ဝတ္ထုငွေများပေးအပ်လှူဒါန်းပြီး ကျောင်းသား၊ ကျောင်းသူ (၈၀၀)ဦးခန့် နေထိုင်စားသောက်ရေးအဆင်ပြေစေရေးအတွက် တာဝန်ရှိသူများနှင့် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက်ကျောက်ဆည်မြို့၊ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သည့် Modular House များ လှူဒါန်းပေးအပ်ပွဲနှင့် ကျောက်သေတ္တာစေတီ ပြုပြင်ထိန်းသိမ်းရေး အလှူငွေပေးအပ်ပွဲအခမ်းအနားသို့တက်ရောက်၍ အလှူငွေအားလက်ခံပြီး လှူဒါန်းပေးမှုအပေါ် ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်သည်။

၎င်းနောက် ကျောက်ဆည်မြို့၊ စုကြီးရပ်ကွက်၊ (၁၅)လမ်းပေါ်ရှိ အန္တရာယ်ရှိအဆောက်အအုံများရှင်းလင်းနေမှုနှင့် စဉ့်ကိုင်မြို့၊ ရန်နိုင်ရပ်ကွက်၊ ဗိုလ်တေဇလမ်းပေါ်ရှိ အန္တရာယ်ရှိ အဆောက်အအုံများရှင်းလင်းနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# တန်ခူး = တာကူး

**မောင်လူမွေး (မြန်မာမှု)**

**တန်းခူး**ဝေါဟာရအရေးကို ပုဂံခေတ်က ဝိသဇ္ဇနီမပါဘဲ **"တန်ခူ"** ဟု ရေးလေသည်။ အင်းဝခေတ်ရောက်သောအခါ **"တန်းခူး"** ဟု ဝိဇ္ဇသနီပါပြီး ရေးလာကြသည်ကိုတွေ့ရပေသည်။ **"တန်" = "တန်း"** ပုဒ်သည် ထန်းပင်ဟောပုဒ်ဖြစ်ပါ၏။

တပို့တွဲလ၊ တပေါင်းလအဖွင့်တွင် **"တန်"** ပုဒ်ကို ကျောက်စာ၊ မင်စာ၊ နိုင်ငံလူမျိုးများနှင့် တိုင်းရင်းသားဘာသာစကားဘာသာဗေဒများဖြင့် ဖွင့်ပြခဲ့ပေပြီ။ **"ခူး"** မှာ ဆွတ်ခြွေခြင်းအနက်ပင်ဖြစ်ပေသည်။ ထို့ကြောင့် **ထန်းခူး = တန်ခူ** ထန်းဆွတ်သည်၊ ထန်းသီးဆွတ်သည့်လဟု အဓိပ္ပာယ်ရလေသည်။

ရှေးမြန်မာတို့သည် ထန်းပင်နှင့်ပတ်သက်၍ အလွန်တန်ဖိုးထားခဲ့ကြကြောင်းကို ပုဂံခေတ်၊ အင်းဝခေတ်ကျောက်စာ၊ မင်စာတို့တွင်ထန်းစိုက်ခြင်း၊ ထန်းလှူခြင်း၊ ထန်းပင်တို့ကို ဝေခွဲချထားခြင်း စသောအကြောင်းအရာများက သက်သေခံနေပေသည်။

ထို့ကြောင့် ဆယ့်နှစ်လရာသီများအနက် **တပို့တွဲ၊ တပေါင်း၊ တန်ခူး** သုံးလတို့၏အမည်များကို ထန်းလုပ်ငန်းနှင့်ပတ်သက်၍ စွဲမှတ်ခေါ်ဆိုခြင်းပြုခဲ့ကြပေသည်။ သို့သော် နောက်ပိုင်းတွင် တန်ခူး ဝေါဟာရတွင် တန်ခူးလနေရာ၌ **တာကူး** ဟုလည်း ရေးလာကြပေသည်။ မည်သို့ခေါ်စေ၊ ရေးစေ ထိုသုံးလသည် ရှေးမြန်မာတို့တန်ဖိုးထားခဲ့သည့် ထန်းပင်ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသောလများသာဖြစ်ပေသည်။

**တာကူး** ဟူသောအရေးကမူ ဗေဒင်ပညာရပ်ဆိုင်ရာမှ ဆင်းသက်လာသည်ဟု ဆိုရပေမည်။ **အတာကူး၊ တာကူး၊ အတာစား၊ အတာသင့်၊ အတာပြောင်း၊ အတာရာသီ**စသည်ဖြင့် **အတာ**နှင့် ဆက်စပ်ဝေါဟာရအများစုရှိပေသည်။

**❖ မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအစဉ်အလာ ရှေးကျ၍ ကြီးမားခဲ့သော တိုင်းပြည်ကြီးနှစ်ခုကြား တွင် ရာစုနှစ်ပေါင်းများစွာ ရပ်တည်ခဲ့ပါသည်။ ယဉ်ကျေးမှုအမျိုးမျိုးရှိသည့်အနက် မိမိတို့မြန်မာနိုင်ငံနှင့် သင့်တင့်လျောက်ပတ်သော ယဉ်ကျေးမှုများကို နည်းယူ၍ တည်ဆောက်ခဲ့ကြလေသည်။**

**❖ သင်္ကြန်ယဉ်ကျေးမှုနှင့် သင်္ကြန်တွက်ရိုးတို့သည်လည်း ဤသို့ပင်တည်ဆောက်လာခဲ့ပေသည်။**

**"တာ"** ဝေါဟာရမှာ အချိန်အခါဟောနှင့် နယ်ပယ်ဒေသအဓိပ္ပာယ်ဖြစ်သည်။ သင်္ကြန်စာတွင် ရေးသော ဘာဏုရာဇာနေမင်းကြီးသည် မိန်ရာသီ ရေဝတီနက္ခတ်မှ မိဿရာသီ အဿဝနီနက္ခတ်သို့ စတင်ဝင်ရောက်သည် စသည်ဖြင့်ရေးသားရာ မိန်ရာသီမှ မိဿရာသီသို့ဝင်ရောက်သည့် ကာလခြားရာအချိန်အတိုင်းအတာကို ဖော်ညွှန်းသလို နယ်ပယ်ခြားရာ ဒေသခြားရာကိုလည်း အဓိပ္ပာယ်ဆောင်ပေသည်။ ဤသဘောကို ဒုတိယကျော်အောင်စံထားဆရာတော်က သူ၏ ဝေါဟာရတ္ထပကာသနီကျမ်းတွင်–

"သင်္ကြန်အတာဟူသည်ကား ရောက်သောအဖို့ တာဝန်ဟူသောအနက်ယူသင့်၏။ ဤ၌ သဘောအားဖြင့် နှစ်သစ် နှစ်ဦးဆန်းခြင်းသည် တနင်္ဂနွေ၊ တနင်္လာစသည်ဖြင့် အလှည့်အလှယ်ရောက်သောအဖို့ တာဝန်ဖြစ်၍ တနင်္ဂနွေအတာ၊ တနင်္လာအတာစသောဆိုမိန့်ခြင်းဖြစ်၏။" ဟု ဖွင့်ဆိုဖော်ပြထားလေသည်။ ထို့အတူပင် လေ့သင်းအတွင်းဝန်မင်းကလည်း ဝေါဟာရလီနတ္ထဒီပနီကျမ်းတွင်–

"အချို့သူတို့မှာ မိန်ရာသီမှ မိဿရာသီသို့ တနင်္ဂနွေဂြိုဟ် သင်္ကြန်အတာကူးပြောင်းသောကြောင့် **တာကူးလ** ဆိုသည်ယူကြ၏" ဟု ဖွင့်ဆိုလေသည်။

ဤ၌ **"တန်ခူး"** နှင့် **"တာကူး"** အရေးအခေါ်နှစ်ခုမှာ ရှေးမြန်မာကြီးများသည် ထန်းပင်ကို အကြောင်းပြု၍ တပို့တွဲ၊ တပေါင်း၊ တန်ခူးလတို့ကို တွဲ၍ ခေါ်ဝေါ်လာခဲ့ကြသော်လည်း မြန်မာတို့ ယဉ်ကျေးမှုနယ်ပယ်သို့ ဝေဒနှင့်ဆက်စပ်သော ဟိန္ဒူသက္ကတ စာပေယဉ်ကျေးမှုများနှင့် ဆက်စပ်လာသောအခါ **"တန်ခူး"** နေရာတွင် **"တာကူး"** ဟု ထပ်ဆင့်၍ ဖြစ်ပေါ်ခေါ်ဝေါ်လာကြသည်ဟု သုံးသပ်ရာ၏။

တန်ခူးလမှာ ထန်းသီးဆွတ်သည့်လဟု အဘိဓာန်ဖွင့်ဆိုရာ၏။ တာကူးလမှာ နှစ်ပြောင်းသည်၊ နှစ်ကူးသည်၊ အချိန်ကာလပြောင်းသည်။ မိန်ရာသီဒေသမှ မိဿရာသီဒေသသို့ ကူးပြောင်းသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုရာ၏။

ထိုသို့ကူးပြောင်းခြင်းများကို အကြောင်းပြု၍ သင်္ကန္တဟူသော သက္ကတ–ပါဠိစာပေမှ ပါဠိပျက်အနေနှင့် "သင်္ကြန်" ဟု ခေါ်ဝေါ်လာခြင်းဖြစ်သည်။ မြန်မာလိုဆိုပါက ကူးပြောင်းခြင်းဖြစ်သည်၊ ထို့ကြောင့် ကျော်အောင်စံထားဆရာတော်နှင့် လေ့သင်းအတွင်းဝန်မင်းတို့၏ ဝေါဟာရအဖွင့်ကျမ်းတို့တွင် ကာလ (အချိန်တာ) နယ်ပယ်ဒေသ (ရာသီတစ်ခုမှ ရာသီတစ်ခုသို့ကူးပြောင်းသောနယ်ပယ်တာ) ဟုဖွင့်ဆိုထားခြင်းဖြစ်ပေသည်။

ဝေဒကျမ်းအရ ၁၂ လရာသီတွင် သင်္ကြန် ၁၂ ခါရှိပေသည်။ သို့သော် မိန်ရာသီမှ မိဿရာသီသို့ တနင်္ဂနွေဂြိုဟ်ပြောင်းသော နယ်ပယ်တာ ကာလတာ **တာကူးလ** ကိုသာ သင်္ကြန်ရေသဘင်ပွဲကြီး ဆင်နွှဲကြလေသည်။ တာကူးသင်္ကြန်နှင့် ရေသဘင်သည် ဒွန်တွဲနေပါ၏။

ဤသို့ ရေသဘင်သင်္ကြန်ကျင်းပကြသည့်သမိုင်းကို ပုဂံဒေသ စေလှဝန်းကျောက်စာတွင် အရိပ်အမြွက် တွေ့ရပေသည်။ ပုဂံသမိုင်းကို ယေဘုယျအားဖြင့် အေဒီ–၁၁ ရာစု (အနော်ရထာမင်းဆက်မှသည် အေဒီ–၁၃ ရာစု နရသီဟပတေ့မင်းလက်ထက်) အထိယူရာ ပုဂံခေတ်တွင် သင်္ကြန်ရေသဘင်ရှိနေကြောင်းကို နရသီဟပတေ့မင်းနှင့် မိဖုရားစောလုံ၏ ရာဇဝင်ဖြစ်စဉ်က သက်သေခံနေပေသည်။ (ဦးကုလားမဟာရာဇဝင်ရှု)

ဗုဒ္ဓဝင်လာ သကျသာကီဝင်မင်းမျိုးနွယ်တို့ နှစ်သစ်ကူးသမယတွင် ရေကစားကြသည်ကို တွေ့ရပေသည်။ ဗိုလ်မှူးဘရှင်၏ အနော်ရထာအရင်က မြန်မာနိုင်ငံအပါအဝင် သမိုင်းစာအုပ်များအရ အေဒီ–၉ ရာစုကပင် သင်္ကြန်ရေကစားသဘင်ရှိခဲ့ကြကြောင်း သိရပေသည်။

**"တန်ခူး"** ဝေါဟာရသည်အဓိပ္ပာယ်ရှင်းသလောက် **"တာကူး"** ဝေါဟာရသည် အဓိပ္ပာယ်နက်နဲလှပေသည်။ စာပေ၊ သင်္ချာ၊ ဝေဒ၊ နက္ခတ်ဆိုင်ရာ ရာသီဥတုနည်းပညာများနှင့် ပြက္ခဒိန်ဆိုင်ရာများ အကြောင်းအရာများ နက်နဲစွာပါဝင်နေပေသည်။

ကမ္ဘာသုံးရာသီစက်ဝန်းများ(International Zodiac)တွင် Aries ဆိတ်ရုပ်၊ Taurus နွားရုပ်၊ Gemini လူစုံတွဲရုပ်၊ Cancer ကဏန်းရုပ်၊ Leo ခြင်္သေ့ရုပ် စသည်ဖြင့် အရုပ် ၁၂ မျိုးရှိ၏။ တရုတ်ရိုးရာ ရာသီခွင်တွင်လည်း ကြွက်၊ နွား၊ ကျား၊ ယုန်၊ နဂါး..စသည်ဖြင့် ၁၂ ကောင်ရှိပေသည်။

အနောက်တိုင်းက တနင်္ဂနွေဂြိုဟ်ကူးပြောင်းမှုကို အခြေခံ၍လည်းကောင်း၊ တရုတ်၊ ဂျပန်၊ ကိုရီးယားတို့ကမူ ကြာသပတေးဂြိုဟ်ကိုအခြေခံ၍လည်းကောင်း တည်ဆောက်ထားပေသည်။

မြန်မာတို့ကမူ စန်းကိုပါထည့်သွင်း၍ ၁၂ လရာသီ၊ နှစ်အမည်၊ လအမည်များကို ပေးလေသည်။ ပုဂံ၊ ပင်းယ၊ အင်းဝမှသည် ကုန်းဘောင်ခေတ်တိုင်ကျောက်စာ၊ မင်စာ၊ ပေစာများတွင်နှစ်၊ လ အမည်များကို ရေးထိုးခဲ့ကြ၏။ သင်္ကြန်သင်္ချာတွက်ရိုး၊ ဝေဒတွက်ရိုးအရ နှစ်၊ လ အမည်များမှာ အောက်ပါအတိုင်းဖြစ်ပေသည်။

| နှစ်အမည် | လအမည် |
|---|---|
| ဇယ၊ ဇယျ | စိတြ |
| ဝိသာခါ | ဝိသာခါ |
| ဇေဋ္ဌ | ဇေဋ္ဌ |
| အာပဃ | အာသဠ္ဍီ |
| ကြဝဏ | သရဝဏ် |
| အဒြ၊ ဘဒြ | ဘဒြပိုဒ် |
| အဿယုဇ္ဇ | အဿဝနီ |
| ကြတ္တိကာ | ကြတ္တိကာ |
| မိဂသီ | မိဂသီ |
| ဖုဿျ | ဖုဿျ |
| မာဃ | မာဃ |
| ဖဂ္ဂုဏ | ဖလဂုနီ |

အရှေ့တိုင်းဘာသာရပ်၊ မြန်မာစာ၊ သမိုင်း၊ ရှေးဟောင်းသုတေသနများအဖို့ မသိမဖြစ်အကြောင်းအရာဖြစ်ပေသည်။ သင်္ကြန်စာဖတ်သည်နှင့် နှစ်၊ လအကြောင်းတွင် မည်သည့်နှစ်ဖြစ်သည်။ လကို မည်သည့်အကောင်စောင့်သည် စသည်တို့မှာ ထိုသဘောများကိုရေးထားခြင်းဖြစ်သည်။

ထိုနှစ်၏ရာသီဥတု လယ်ယာစိုက်ပျိုးရေးဆိုင်ရာများနှင့် တိုင်းနိုင်ငံဒေသအခြေအနေများကို ဂြိုဟ်ယှဉ်၊ ဂြိုဟ်ပူး၊ ဂြိုဟ်မြင်၊ ကောဇာဂြိုဟ်သွားများနှင့် ရေးသားထားခြင်းဖြစ်လေသည်။ ထိုအကြောင်းအရာကိုရေးရာ၌ အာသီမည်သော ဖြဟ္မာဦးခေါင်း၊ ဒေဝီနတ်သမီးခုနစ်ဖော်၊ အဝတ်တန်ဆာအရောင်အဆင်း၊ မျက်နှာမူသောအရပ်ဒေသ၊ ဝင်ရာအရပ် စသည်တို့ကို ကဝိလမိုင်းဇာတ်လမ်းခင်း၍ ရေးသားထားပေသည်။ ဇာတ်လမ်းပါ ဇာတ်ကောင်များသည် အမှန်တကယ်မဟုတ်ဘဲ ဂြိုဟ်ပရိယာယ် နှစ်၊ လ၊ နေ့တို့၏ "သင်္ကေတ" (Symbol) မျှသာဖြစ်သည်ကို သိရာ၏။

ထိုအကြောင်းအရာကို ဖော်ပြရန်အတွက် (သို့) ဟောချက်အတွက် မဟာသင်္ကြန်တွက်ရိုးကျမ်းများကို အဓိကထားရလေသည်။ အဠ္ဌသရဏီကျမ်း (တိုင်း၊ ပြည်နယ်၊ ဒေသ တိတ်စွဲဆိုင်ရာ)၊ ဗြို့ဟစ်သံဟိတကျမ်း၊ နာရဒသံဟိတာကျမ်း၊ ပါရာသျှတ္တာရကျမ်း၊ ဘူမိစာလနိဒါန်းကျမ်း၊ (မြေလျှင်စသည့်အဟော၊ ကိတ်အဟော) သရကျမ်း၊ နေမိတ္တကဝိဇ္ဇာကျမ်း၊ ဇောတိတတ္တဗေဒင်ကျမ်း စသည်များမှာ ထင်ရှားလှပါ၏။

ထိုကျမ်းများပါအကြောင်းအရာများကို တတ်သိနားလည်သော ပြက္ခဒိန်တော်ဆက် ဝေဒပညာရှင်များက လွှတ်တော်သို့တင်ပြရသည်။ မင်းသို့တင်ပြရသည်။ မင်းမိန့်ဖြင့် သင်္ကြန်စာကိုကြေညာသည်။ ရှေးမြန်မာမင်းလက်ထက်တော်မှ ယနေ့တိုင် ခေတ်အဆက်ဆက် ပြက္ခဒိန်တော်ဆက်အဖွဲ့ရှိလေသည်။

သင်္ကြန်ကျ၊ အတာကျ၊ အတာတက်၊ အတာပြောင်း၊ အတာစား စသည်များနှင့် ဝါဆို၊ ဝါကပ်ဆိုင်ရာများ၊ ဝါထပ်ရက်ငင်၊ ဝါကြီးထပ်၊ ဝါငယ်ထပ်၊ ပထမဝါ၊ ဒုတိယဝါ စသည်တို့မှာ လွန်စွာမှသိမ်မွေ့လှပေ၏။ ပိဋကတ် ဝိနည်းတော်များနှင့် သင်္ကြန်တွက်ရိုးများကိုညှိ၍ လွှတ်တော်နှင့်မင်းက ဝါဆို၊ ဝါကပ်ဆိုင်ရာကို ထုတ်ပြန်ရ၏။

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအစဉ်အလာရှေးကျ၍ ကြီးမားခဲ့သော တိုင်းပြည်ကြီးနှစ်ခုကြားတွင် ရာစုနှစ်ပေါင်းများစွာရပ်တည်ခဲ့ပါသည်။ ယဉ်ကျေးမှုအမျိုးမျိုးရှိသည့်အနက် မိမိတို့ မြန်မာနိုင်ငံနှင့် သင့်တင့်လျောက်ပတ်သော ယဉ်ကျေးမှုများကို နည်းယူ၍တည်ဆောက်ခဲ့ကြလေသည်။

သင်္ကြန်ယဉ်ကျေးမှုနှင့် သင်္ကြန်တွက်ရိုးတို့သည်လည်း ဤသို့ပင် တည်ဆောက်လာခဲ့ပေသည်။ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက် ဖြဟ္မာဦးခေါင်းကို နတ်သမီးတို့ပိုက်ရခြင်း၊ သိကြားမင်းဆင်းခြင်းစသည်တို့သည် ယုတ္တိမရှိကြောင်းကိုသိ၍ ပိဋကတ်ကျမ်းဂန်လာ ဟုတ်၊ မဟုတ်ကို သာသနာပိုင်ကို လျှောက်ထားခဲ့လေသည်။ သာသနာပိုင်ကလည်း ပိဋကတ်ကျမ်းဂန်လာမဟုတ်ကြောင်းကိုလည်း ဖြေကြားခဲ့ပါသည်။

ရှေးမြန်မာမင်းများလက်ထက်တွင် ယနေ့ခေတ်ကဲ့သို့ သတင်းမီဒီယာ ပြန်ကြားရေးမရှိရကား တိုင်းပြည်ရေးရာကိစ္စများ၊ တောင်သူလယ်သမား စိုက်ပျိုးရေးရာကိစ္စများ၊ မိုးလေဝသဆိုင်ရာကိစ္စများသည် ဤသင်္ကြန်စာကို အားကိုးယုံကြည်ကြပေသည်။ ထို့ကြောင့် ဘိုးတော်ဘုရားသည် မင်းမိန့်ဖြင့်မပယ်ဖျက်ပဲ သိအောင်သာလုပ်ခဲ့ခြင်းဖြစ်ရာ၏။

သင်္ကြန်စာပါအကြောင်းအရာများနှင့် သင်္ကြန်ပွဲကို ယနေ့ခေတ်တွင် အစစအရာရာ ရှုထောင့်ကွဲပြားစွာ ဝေဖန်ရေးသားပြောကြားကြ၏။ ပုဏ္ဏားများက ဟိန္ဒူနည်းများဖြင့် ရှေးမြန်မာတို့ကို ဂျင်းထည့်ခဲ့သည်ဟုစွပ်စွဲ၍ သင်္ကြန်စာနှင့် အတာနှစ်သစ်ကူးပွဲသဘင်ကို ဝေဖန်တိုက်ခိုက်ခဲ့သည်ကို ဖေ့ဘွတ်တွင်တွေ့ရသည်။ သင်္ကြန်ရေသဘင်ပွဲကို ဖျက်ပစ်မည်အထိ စီစဉ်ခဲ့ကြသည်ကိုပင် တစ်ဆင့်စကားကြားသိခဲ့ရသည်။

**သုတပညာ၊ နည်းတုံရာဝယ်**
**ဝါစာနှုတ်ကောင်း၊ တထောင်းထောင်းနှင့်**
**ဒေါင်းမရှိက၊ ကျီးနက်လှသို့**
**ဗာလဟူသော၊ လူ့ငှက်ပျောကား**
**နှုတ်ပြောမျှသာ၊ နှစ်မပါဘူး...** ဆိုသည့်အတိုင်း မိမိတို့ယဉ်ကျေးမှုကို မမြတ်နိုးနိုင်သော၊ မသိကျိုးကျွန်ပြုသော၊ အနှစ်မပါသော၊ အလှမရှိသောကျီးနက်များသဖွယ်ဖြစ်သူများ လှနေကြ၏။

အကြောင်းအရာတစ်ခုကို အကောင်းဘက်ကမကြည့်နိုင်ကြ။ ပါရာဒိုင်း (Paradigm) အမြင့်ဖြင့် မကြည့်တတ်သောအခါ တစ်မျိုးဖြစ်သွားနိုင်၏။ တချို့ယဉ်ကျေးမှုများ ပျောက်သွားနိုင်သည်။ ကမ္ဘာကျော် ဟိတောပဒေသစာပေကို ပုံဝတ္ထုအနေနှင့် မြင်နေသမျှကာလပတ်လုံး ပုံပြင်ဖတ်သောအဆင့်အနေသာရှိနေပေမည်။ဟိတောပဒေသကို အကြောင်းပြု၍ အာသောကမင်းဆက်ကို တည်ဆောက်ခဲ့သည့် သမိုင်းကြောင်းကိုသိရာ၏။

သင်္ကြန် တာကူး နှစ်ကူးရေသဘင်ကို ပျော်ပွဲရွှင်ပွဲမျှသာမကဘဲ ထိုနောက်ကွယ်တွင်ရှိသော ယဉ်ကျေးမှုဆိုင်ရာစာပေ၊ နက္ခတ်ပညာ၊ သင်္ချာတွက်ရိုး ရှုထောင့်အမျိုးမျိုးဘက်ကလည်း လေ့လာသုံးသပ်ကြည့်ရှုနိုင်ကြပါစေဟု ဆန္ဒပြုနိုဂုံးချုပ်အပ်ပါသည်။ ။

# မန္တလေးငလျင်ကြီးလှုပ်ခတ်ပြီးချိန် ပုဂံတွင်ရှိသော ရှေးဟောင်းစေတီများအား ကွင်းဆင်းစစ်ဆေးပြီး ကြံ့ခိုင်ရေးလုပ်ငန်းများ မြန်ဆန်စွာဆောင်ရွက်နိုင်ခဲ့



ရန်ကုန် ဧပြီ ၂၃

မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့်မန္တလေး၊ စစ်ကိုင်း၊ နေပြည်တော်နှင့် အချို့ဒေသများတွင် လူနှင့်အဆောက်အအုံများစွာ ထိခိုက်ပျက်စီးမှုရှိခဲ့သော်လည်း ပုဂံဒေသတွင်လည်း ရှေးဟောင်းဘုရား၊ စေတီ၊ ပုထိုးများ အနည်းငယ်သာထိခိုက်မှုရှိခဲ့ပြီး အချိန်နှင့်တစ်ပြေးညီ ကြံ့ခိုင်ရေးလုပ်ငန်းများ မြန်ဆန်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း ပုဂံရှေးဟောင်းသုတေသနပြုပြင်ထိန်းသိမ်းရေးဌာနမှ သိရသည်။

“ပုဂံမှာငလျင်လှုပ်တော့ အင်္ဂတေပိုင်း အနည်းအကျဉ်းပဲထိပါတယ်။ ပွဲကျ၊ ပြိုကျ၊ ပြုတ်ကျတာမရှိပါဘူး။ ငလျင်လှုပ်တဲ့နေ့မှာပဲ အဖွဲ့တွေခွဲပြီး ချက်ချင်းကွင်းဆင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်ကတည်းက UNESCO နဲ့ပူးပေါင်းပြီး ငလျင်လှုပ်ခဲ့ရင် နံရံဆေးပန်းချီတွေကို ဘယ်လိုထိန်းသိမ်းမလဲ၊ ဘာတွေစပြီးလုပ်ဆောင်မလဲ၊ ဘယ်လိုကြိုတင်ကာကွယ်မလဲဆိုပြီး လုပ်ဆောင်ခဲ့ကြတာရှိပါတယ်။ ၂၀၁၆ ခုနှစ် ငလျင်လှုပ်ပြီးချိန်မှာလည်း ချက်ချင်းစာရင်းကောက်ယူပြီး စနစ်တကျ ကြံ့ခိုင်ရေးလုပ်ငန်းတွေ လုပ်ဆောင်နိုင်ခဲ့တာရှိပါတယ်။ ယခုငလျင်ကလည်း ကြာကြာလေးလှုပ်ခတ်ခဲ့ပေမယ့် ကွင်းဆင်းကြည့်တဲ့အခါမှာ အုတ်ကြိုအုတ်ကြားက အမှုန်အမွှားကျတာနဲ့ အုတ်နံရံအချို့ အက်ကြောင်းအနည်းငယ်ဖြစ်ပေါ်တာပဲ ရှိပါတယ်။ စေတီ၊ ပုထိုးများဟာ အတွင်းပိုင်း သိပ်သည်းမှုရှိတာကြောင့် အပြင်ပိုင်း အနည်းငယ်အက်ကြောင်းဖြစ်တာရှိပေမယ့် အန္တရာယ်မရှိသလို အုတ်တွေပွဲကျတာလည်းမရှိခဲ့ပါဘူး”ဟု ပုဂံရှေးဟောင်းသုတေသန ပြုပြင်ထိန်းသိမ်းရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်လင်က ပြောကြားသည်။

ငလျင်လှုပ်ခတ်သော မတ်လ ၂၈ ရက် မွန်းလွဲ ၁၂ နာရီကျော်အချိန်တွင် ပုဂံဒေသရှိ ရွှေစည်းခုံ၊ ထီးလိုမင်းလိုအပါအဝင် အထင်ကရစေတီတော်တို့၏ ထီးတော်များ လှုပ်ယမ်းခဲ့သော်လည်း ထိခိုက်ပျက်စီးမှုမရှိခဲ့ဘဲ စေတီသုံးဆူရှိ နံရံဆေးပန်းချီအချို့ အနည်းငယ်ထိခိုက်မှုအား ပြန်လည်ပြုပြင်ကုသိုလ်ယူနိုင်ရန် ကုသိုလ်ရှင်များအား ပုဂံရှေးဟောင်းသုတေသနပြုပြင်ရေးဌာနမှ ဖိတ်ခေါ်ထားသည်။

၂၀၁၉ ခုနှစ် ဇူလိုင်လ ၆ ရက်တွင် Azerbaijan နိုင်ငံ Baku မြို့တော်၌ ကျင်းပသည့် (၄၃)ကြိမ်မြောက် UNESCO World Heritage Committee အစည်းအဝေးတွင် မြန်မာနိုင်ငံရှိ ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသမှ ဘုရား၊ စေတီများအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခဲ့ပြီး ရှေးဟောင်းသုတေသနဦးစီးဌာနအနေဖြင့် UNESCO နှင့်လက်တွဲ၍ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းမှုတွင် ပူးပေါင်းလုပ်ဆောင်လျက်ရှိသည်။

**ခတ်ပုံ - ကနူး**
**ညိမ်းသူ(သတင်းစဉ်)**

# မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ တာဝန်ရှိသူများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း လက်ခံတွေ့ဆုံ



နေပြည်တော် ဧပြီ ၂၃

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မြတ်နှင့် တာဝန်ရှိသူများအား ယနေ့ နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာနရုံးအမှတ်(၃၀) ပြည်ထောင်စုဝန်ကြီးရုံးခန်း၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ငလျင်ဒဏ်သင့် အစိုးရအဆောက်အအုံများနှင့် မြို့ပြအဆောက်အအုံများ စစ်ဆေးခြင်းဆောင်ရွက်ရာတွင် UN-Habitat ၏ လမ်းညွှန်ချက်များနှင့် အညီဆောင်ရွက်ရန်ကိစ္စရပ်များ၊ အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ငလျင်ဒဏ်ခံနိုင်ပြီး ကြံ့ခိုင်မှုရှိစေရန်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက်ကျွမ်းကျင်ပညာရှင်အင်ဂျင်နီယာများမှ နည်းစနစ်နှင့်အညီ စစ်ဆေးတည်ဆောက်ရန် ကိစ္စရပ်များ၊ အဆောက်အအုံများတည်ဆောက်ရာတွင် အသုံးပြုသည့်ပစ္စည်းများ၏ အရည်အသွေးများနှင့်အသုံးပြုသည့်နည်းစနစ်များ စံချိန်စံညွှန်းပြည့်မီစေရေးနှင့်အဆင့်မီဖြစ်စေရေး သတ်မှတ်ဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ မြို့ပြအဆောက်အအုံများသာမက စက်မှုဇုန်များ အကောင်အထည်ဖော်တည်ဆောက်ရာတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ဖွဲ့စည်းထားရှိသည့် အသင်းအဖွဲ့အသီးသီး၏ အသိအမှတ်ပြုလက်မှတ်ရဘာသာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက စစ်ဆေးအတည်ပြု ဆောင်ရွက်နိုင်ရေးတို့အတွက် ဥပဒေ၊ နည်းဥပဒေများတွင် သတ်မှတ်ပြဋ္ဌာန်းနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးနှင့် ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ငလျင်အပြီး ဆောင်ရွက်သင့်သည့် သုတေသနများ၊ ပြင်ဆင်ဆောင်ရွက်သင့်သည့်လုပ်ငန်းများ စီမံဆောင်ရွက်



နေပြည်တော် ဧပြီ ၂၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ယနေ့နံနက်ပိုင်းတွင် ရေဆင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာန Farmer Channel Studio အစည်းအဝေးခန်းမ၌ စိုက်ပျိုးရေးသုတေသီများနှင့် တွေ့ဆုံ၍ မန္တလေးငလျင်ကြီးအပြီး တောင်သူများနှင့် တွဲဖက်ဆောင်ရွက်ရမည့် သုတေသနလုပ်ငန်းများ၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်သင့်သည့်လုပ်ငန်းများကို ဆွေးနွေးမှာကြားသည်။

ဆွေးနွေးပွဲ၌ မိုးစပါးရာသီနီးကပ်လာပြီဖြစ်၍ ငလျင်ကြီးနှင့်ငလျင်ငယ်များ ဗဟိုပြုသည့်နေရာဒေသများတွင်ဆည်ရေသောက်နှင့် မိုးကောင်းသောက်စပါးများ စိုက်ပျိုးပါက မြေဆီလွှာအရည်ပျော်ခြင်း သို့မဟုတ် နွံပေါက်ခြင်းကို အထောက်အကူဖြစ်ကာ ထွန်စက်များ၊ ရိတ်သိမ်းခြွေလှေ့စက်များ ကျွံခြင်းအပြင် အခန့်မသင့်ပါက မြေပြို၍ လယ်ယာမြေများ ဆုံးရှုံးနိုင်သည့်အန္တရာယ်ရှိနိုင်ခြင်းများကြောင့် အခြားယာသီးနှံများ၊ ပဲစင်းငုံ၊ မိုးရေသောက်ဝါများကို ရေထုတ်ရလွယ်ကူစေရန် ပေါင်မြောင်းစနစ်ဖြင့် စိုက်ပျိုးရန်လိုကြောင်း၊ လိုအပ်ချက်အရစပါးစိုက်ပျိုးမည်ဆိုပါကလည်း မြေဆီလွှာကို ထိခိုက်ပျက်စီးမှုအနည်းဆုံးနှင့် စိုက်ပျိုးရန်အတွက် တိုက်ရိုက်အစေ့ချခြင်း၊ ပေါင်ကြီးတင်စနစ်ဖြင့်စိုက်ပျိုးခြင်း၊ ရေအနည်းလိုစပါးမျိုးများကို ပြောင်းလဲစိုက်ပျိုးခြင်း၊ ရေလွှမ်းရေသွင်းစနစ်ကိုမသုံးခြင်း၊ စိုတစ်ခါခြောက်တစ်လှည့်စနစ် ကျင့်သုံးခြင်းတို့ကို လူထုအခြေပြုပုံစံဖြင့် ထုတ်လုပ်မှုနှင့် သုတေသန တစ်ပြိုင်နက်တည်း ကျယ်ပြန့်စွာဆောင်ရွက်ကြရန်နှင့်ငလျင်လွတ်ကင်းသည့်ဒေသများတွင် မိုးစပါးအထူးအထွက်တိုးလုပ်ငန်းများ၌ မျိုး၊ မြေ၊ ရေ၊ နည်းအချိုးညီစွာကြိုးပမ်းသွားကြရန် လမ်းညွှန်ချက်နှင့်အညီ သုတေသီများပူးပေါင်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**(မြဝတီ)**

# နေပြည်တော်၊ မန္တလေးနှင့် စစ်ကိုင်းမြို့တို့တွင် ကြက်ဥနှင့်အသားငါးများကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိ

နေပြည်တော် ဧပြီ ၂၃

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ပူးပေါင်း၍ နေပြည်တော်ကောင်စီနယ်မြေအတွင်း ဝန်ထမ်းအိမ်ရာများ၊ ရုံးများနှင့်ဈေးများ၌ ကြက်ဥနှင့်ကြက်သားတို့ကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိရာ ၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက်မှ ယနေ့အထိ ကြက်ဥအလုံးရေ ၁၆၃၆၅ လုံးနှင့် ကြက်သား ၆၇ ဒသမ ၁၀ ပိဿာ ရောင်းချနိုင်ခဲ့ပြီး အပတ်စဉ် တနင်္လာနေ့နှင့် ကြာသပတေးနေ့တို့တွင် ရောင်းချပေးသွားမည်ဖြစ်သည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ပူးပေါင်း၍ မန္တလေးမြို့ မန်းမြို့ညဈေးဝင်း၌ ယနေ့မှစ၍ အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် စနေနေ့တို့တွင် နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရောင်းချပေးလျက်ရှိရာ ယနေ့တွင် ကြက်ဥ၊ ကြက်သား၊ ဆိတ်သားနှင့်အမဲသားတို့ကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးရာ ကြက်ဥအလုံး ၃၇၀၀၊ ကြက်သားပိဿာ ၁၆၀၊ ဆိတ်သား ၁၀ ပိဿာနှင့်အမဲသား ၁၀ ပိဿာရောင်းချပေးနိုင်ခဲ့သည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံးတွင်လည်း ရောင်းချပေးနိုင်ခဲ့ကြောင်းနှင့် တစ်ပတ်လျှင်တစ်ရက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြဝတီ)**

# ပြည်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်တို့ ဆေးကုသမှုခံယူနေသူတစ်ဦး၏ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားစဉ်။

နေပြည်တော် ဧပြီ ၂၃

ပဲခူးတိုင်းဒေသကြီး၊ပြည်မြို့ရှိတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ခိုင်ချိုနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ကဆေးရုံတက်လူနာများအတွက် ချီးမြှင့်ငွေကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရန်ကုန်တိုင်းဒေသကြီးတို့၌ စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးများကျင်းပ



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်း ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဧပြီ ၂၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့၊ အမှတ်(၄) ရပ်ကွက်ရှိစစ်မှုထမ်းဟောင်းကြီးကြပ်ရေးရုံးခန်းမ၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်များမှစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ နာယကတိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး နှစ်ပတ်လည်အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပကြသည်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး၊ စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကို ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အနော်ရထာခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး၊ စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ နာယကတိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့သို့ ချီးမြှင့်ငွေနှင့် ဆန်အိတ်များကိုလည်းကောင်း၊ တိုင်းမှူးက စားသောက်ဖွယ်ရာများကိုလည်းကောင်း ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ၎င်းနောက်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့၊ ရင်ပြင်နီ၌ ကျင်းပပြုလုပ်မည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်မည့် ဗိုလ်မှူးချုပ်မျိုးဆက်အောင် ဦးဆောင်သောမြန်မာ့တပ်မတော် ကိုယ်စားပြုစစ်ရေးပြအဖွဲ့ ထွက်ခွာ



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့်တာဝန်ရှိသူများက မြန်မာ့တပ်မတော် ကိုယ်စားပြု စစ်ရေးပြအဖွဲ့အား လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။

နေပြည်တော် ဧပြီ ၂၃

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့၊ ရင်ပြင်နီ၌ ၂၀၂၅ ခုနှစ်၊ မေလ ၉ ရက်တွင် ကျင်းပပြုလုပ်မည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ်စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်ရန် ဗိုလ်မှူးချုပ်မျိုးဆက်အောင် ဦးဆောင်သော မြန်မာ့တပ်မတော် ကိုယ်စားပြုစစ်ရေးပြအဖွဲ့သည် ယနေ့ နေ့လယ်ပိုင်းတွင် မန္တလေးမြို့၊ တံတားဦးလေဆိပ်မှ ရုရှားနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသည်။

ထိုသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့၊ ရင်ပြင်နီ၌ ၂၀၂၅ခုနှစ်၊ မေလ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ်စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်ရန်သွားရောက်သည့် ဗိုလ်မှူးချုပ်မျိုးဆက်အောင် ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားပြု စစ်ရေးပြအဖွဲ့အား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများက တံတားဦးလေဆိပ်သို့ သွားရောက်ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# (၁၂)လရာသီပွဲတော်များနှင့် ပန်းများအထိမ်းအမှတ် Block stamp အထူးထုတ် (၂၄၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုးရောင်းချပေးမည်



နေပြည်တော် ဧပြီ ၂၃

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ **(၁၂) လရာသီပွဲတော်များနှင့် ပန်းများအထိမ်းအမှတ်Block stamp အထူးထုတ်** (၂၄၀၀ ကျပ်တန်)စာပို့တံဆိပ်ခေါင်းသစ်(၁)မျိုးအား **၂၀၂၅ ခုနှစ်၊ ဧပြီလ (၂၈) ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၂ရက်(တနင်္လာနေ့)နံနက်၉ နာရီ၌** မှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် **၂၀၂၅ ခုနှစ်၊ ဧပြီလ (၂၈)ရက် (တနင်္လာနေ့)**တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# မြို့မဈေးကြီးအသစ်ပြန်လည်တည်ဆောက်မည့်ကာလတွင် ပျဉ်းမနားမြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်းအနီးရှိ အောင်မင်္ဂလာဝင်းအတွင်း ယာယီဈေးဖွင့်လှစ်ရောင်းချသွားမည်ဖြစ်





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ငလျင်ဒဏ်ကြောင့်ပျဉ်းမနားမြို့ အမှတ်(၁)မြို့မဈေး ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

❒ **ရှေ့ဖုံးမှအဆက်**

ထိခိုက်ပျက်စီးဆုံးရှုံးခဲ့သည့် ပျဉ်းမနားမြို့ အမှတ်(၁)မြို့မဈေးရှိ ပြိုကျပျက်စီးခဲ့သည့် အဆောက်အဦ A အဆောင်နှင့် B အဆောင် နေရာများတွင် တပ်မတော်သားများနှင့် ပူးပေါင်းအဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းနေမှု၊ ထိခိုက်မှုအနည်းငယ်သာရှိသည့် ဈေးအဆောက်အဦ C အဆောင်နှင့် D အဆောင်ရှိ ဆိုင်ခန်းများ၏ ကြံ့ခိုင်မှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာတာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ပျဉ်းမနား အမှတ်(၁) မြို့မဈေးသည် ၁၉၉၅ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး မြေဧက ၄ ဒသမ ၃၇၅ ဧက ကျယ်ဝန်းပြီး ဈေးအဆောက်အဦ A၊ B၊ C နှင့် D အဆောင်တို့မှ ဆိုင်ခန်းပေါင်း ၁၃၆၉ ခန်းရှိသည့်အနက် ငလျင်ဒဏ်ကြောင့် A အဆောင်နှင့် B အဆောင်တို့ ဈေးဆိုင်ခန်းပေါင်း ၃၉၃ ခန်း



ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် ပျဉ်းမနားမြို့ အမှတ်(၁)မြို့မဈေးရှိ ပြိုကျပျက်စီးခဲ့သောအဆောက်အဦနေရာများတွင် တပ်မတော်သားများနှင့်ပူးပေါင်းအဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းစဉ်။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(ပျဉ်းမနား)ရှိ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် မိသားစုများကို တွေ့ဆုံအားပေးစကားပြောကြားစဉ်။

ပျက်စီးသွားကြောင်း သိရသည်။ ထို့ပြင် ထိခိုက်မှုအနည်းငယ်သာရှိသည့်ဈေးအတွင်းမှ အဆောက်အဦ C အဆောင်နှင့် D အဆောင်ရှိဆိုင်ခန်းများကို အခွန်ကင်းလွတ်ခွင့်ဖြင့် ဆက်လက်ရောင်းချခွင့်ပြုထားကြောင်း၊ မြို့မဈေးကြီးအသစ်ပြန်လည်တည်ဆောက်မည့်ကာလတွင် ပျဉ်းမနားမြို့နယ်ရန်ကုန်-မန္တလေးလမ်းဟောင်းအနီးရှိ အောင်မင်္ဂလာဝင်းအတွင်း ယာယီဈေးဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့ရွှေချီရပ်ကွက်ရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(ပျဉ်းမနား)သို့ ရောက်ရှိကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က အဆိုပါကျောင်းဝင်းအတွင်း ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးဆုံးရှုံးခဲ့သည့် ရှေးဟောင်းသမိုင်းဝင် အဆောက်အဦများနှင့် အခြားကျောင်းအဆောက်အဦများကိုရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့သည့်လယ်ယာစက်မှုဌာန အဆောက်အဦ(ရာပြည့်အဆောက်အဦ)၊ ကျောင်းအုပ်ကြီးရုံး၊ ကရမက်ဆောင်၊ ဧည့်ရိပ်သာ၊ ယင်းမာဆောင်၊ သရဖီဆောင်၊ ရွှေရောင်ခြည်ခန်းမနှင့် စာသင်ဆောင်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ပျက်စီးခဲ့သည့်စာသင်ဆောင်များ ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် မူလအဆောက်အဦပုံစံအတိုင်းဆောက်လုပ်ရေး၊ မဆောက်လုပ်မီ မြေအနေအထားစမ်းသပ်ပြီးမှ ဆောက်လုပ်ရေး၊ အနည်းငယ်ပြုပြင်ရမည့် စာသင်ဆောင်အဆောက်အဦများ ကြံ့ခိုင်ရေးစစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးပြုပြင်ခြင်းအား ဇွန်လကျောင်းဖွင့်ချိန်အမီ ပြုပြင်သွားရန်၊ အရေးကြီးစာရွက်စာတမ်းများနှင့် သင်ထောက်ကူပစ္စည်းများကို စနစ်တကျထိန်းသိမ်းထားရှိရန်နှင့် အခြားလိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အဆိုပါကျောင်းရှိ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့်မိသားစုများကို တွေ့ဆုံအားပေးစကားပြောကြားပြီး ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းမိသားစုများက နေထိုင်စားသောက်မှုအခြေအနေနှင့် အခြားလိုအပ်သည်များ တင်ပြရာ ဒုတိယဝန်ကြီးချုပ်က အခြေခံစားသောက်ကုန် တစ်လစာထောက်ပံ့ပေးမည့်အခြေအနေနှင့် ယာယီကျောင်းရုံးခန်းအဆင်ပြေစေရေး Modular House များဖြင့် စီမံဆောင်ရွက်ပေးမည့်အခြေအနေများကို ပြောကြားကာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(ပျဉ်းမနား)တွင် အဆောက်အဦ ၉၂ လုံးရှိသည့်အနက် ရှေးဟောင်းအဆောက်အဦ ၅ လုံးအပါအဝင်အခြားအဆောက်အဦ ၃ လုံး စုစုပေါင်း ၈ လုံး လုံးဝပျက်စီးဆုံးရှုံးခဲ့ပြီး နှစ် ၁၀၀ ပြည့် ရှေးဟောင်းအဆောက်အဦ ၁ လုံးအပါအဝင် အခြားအဆောက်အဦ ၄ လုံး စုစုပေါင်း ၅ လုံး အန္တရာယ်ရှိသည့်အဆင့် ထိခိုက်ပျက်စီးခဲ့ကြောင်းနှင့် ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် ကျောင်းသား၊ ကျောင်းသူ ၄၆၁ ဦးရှိပြီး စာသင်ဆောင်များ





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ငလျင်ဒဏ်ကြောင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ (ပျဉ်းမနား)ရှိအဆောက်အဦများ ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ငလျင်ဒဏ်ကြောင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ (ပျဉ်းမနား)ရှိအဆောက်အဦများ ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။





စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(ပျဉ်းမနား)ရှိအဆောက်အဦများ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးမှုအခြေအနေများကို တွေ့ရစဉ်။

လိုအပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါကျောင်းရှိ လယ်ယာစက်မှုဌာန အဆောက်အဦ(ရာပြည့်အဆောက်အဦ) သည် အေဒီ ၁၉၂၃ ခုနှစ်တွင် ကျောင်းသစ် အဖြစ် ဆောက်လုပ်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများကို သံဂဟေဆက်ခြင်း၊ မော်တာစက်ပြင်ခြင်း၊ ပန်းပဲလုပ်ငန်း၊ သစ်သားလုပ်ငန်းများကို ပစ္စည်းအပြည့်အစုံ ဖြင့် သင်ကြားပေးခဲ့သည့်နေရာဖြစ်ကြောင်း၊ ကရမက်ဆောင်သည် အေဒီ ၁၉၂၆ ခုနှစ် တွင် ဆရာများနေထိုင်ရန် ဆောက်လုပ်ခဲ့ ပြီး ဗမာ့ကာကွယ်ရေးတပ်မတော် (BDA) ပျဉ်းမနားတပ်ရင်းတပ်ခွဲရုံးခန်းစခန်းချခဲ့ သည့် ရှေးဟောင်းအဆောက်အဦတစ်ခုဖြစ် ကြောင်း၊ ယင်းမာဆောင်သည် အေဒီ ၁၉၂၈ ခုနှစ်တွင် ကျောင်းသားများနေထိုင်ရန် ဆောက်လုပ်ခဲ့ပြီး ဗမာ့ကာကွယ်ရေး တပ်မတော်(BDA) ပျဉ်းမနားတပ်ရင်း တပ်ခွဲရုံးစခန်းချခဲ့သည့်ရှေးဟောင်းအဆောက် အဦတစ်ခုဖြစ်ကြောင်း၊ သရဖီဆောင်သည် အေဒီ ၁၉၃၈ ခုနှစ်တွင်ဆောက်လုပ်ခဲ့ပြီး ဗမာ့ ကာကွယ်ရေးတပ်မတော်(BDA)ပျဉ်းမနား တပ်ရင်းတပ်ခွဲရုံး စခန်းချခဲ့သည့်ရှေးဟောင်း အဆောက်အဦတစ်ခုဖြစ်ကြောင်းသတင်း ရရှိသည်။

(၁၀၀)

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of National Natural Disaster Management Committee Vice Chairman of SAC Deputy Prime Minister Vice-Senior General Soe Win inspects Myoma Market No. (1) and Agricultural and Veterinary Science Institute (Pyinmana) in Pyinmana Town damaged by earthquake in Nay Pyi Taw Council Area





Vice-Senior General Soe Win inspects damage caused by the earthquake in Myoma Market (No. 1).

NAY PYI TAW April 23

Chairman of the National Natural Disaster Management Committee Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win, along with Union ministers, the Chairman of the Nay Pyi Taw Council, the Commander of the Nay Pyi Taw Command, and other officials, visited and inspected Pyinmana Town's Myoma Market No. (1) and the Agricultural and Veterinary Science Institute (Pyinmana), which were damaged by an earthquake in the Nay Pyi Taw Council area this afternoon. Necessary instructions were given.

First, the Vice-Senior General, and the entourage inspected the collapsed buildings in Market Halls A and B of Myoma Market No. (1), which were severely damaged by the Mandalay earthquake and subsequent tremors. They observed the clearance operations being carried out by military personnel, joint teams, and volunteer groups. They also examined the structural stability of Market Halls C and D, which suffered minor damage, operating with Tex exemptions, and provided guidance to the responsible officials.

Myoma Market No. (1) was constructed in 1995, covering an area of 4.375 acres. Out of 1,369 shop stalls in Market Halls A, B, C, and D, 393 stalls in Halls A and B were destroyed by the earthquake. Meanwhile, shops in Halls C and D, which sustained minor damage, have been permitted to continue operating with tax exemptions. Plans are underway to temporarily relocate the market to the Aung Mingalar compound near the old Yangon-Mandalay road in Pyinmana Township while a new market is being reconstructed.

Next, the Vice-Senior General, and party visited the Agricultural and Veterinary Science Institute (Pyinmana) in Shwe Chi Ward, Pyinmana. Union Minister for Agriculture, Livestock, and Irrigation U Min Naung reported on the historic buildings

See Page - 19 ●●



Vice-Senior General Soe Win inspects damage caused by the earthquake at Agricultural and Veterinary Science Institute (Pyinmana).



Vice-Senior General Soe Win inspects damage caused by the earthquake at Agricultural and Veterinary Science Institute (Pyinmana).

●● From Page - 18

and other school structures damaged by the earthquake.

Subsequently, the Vice-Senior General and party inspected the Agricultural Machinery Department building (Centenary Building), the principal's office, the Karamek Hall, the guesthouse, the Yinma Hall, the Tharaphi Hall, the Shwe Yaung Kyi Hall, and the classrooms. They issued instructions that before reconstructing the damaged classrooms, the ground conditions must be tested, and the buildings should be restored according to their original design. For classrooms requiring minor repairs, structural reinforcement inspections must be carried out by a technical team, and all repairs should be completed before schools reopen in June. Additionally, important documents and teaching aids must be systematically preserved, and other necessary measures were also directed.



Vice-Senior General Soe Win inspects damage caused by the earthquake in Myoma Market (No. 1).

Later, the Vice-Senior General and party met with the school's principal, teachers, staff, and their families to offer encouragement. Upon hearing their concerns about living conditions, the Vice-Senior General assured them of one month's worth of basic food supplies and temporary modular housing for office and residential use.

At the Agricultural and Veterinary Science Institute (Pyinmana), out of 92 buildings on campus, a total of 8 structures - including 5 historic buildings and 3 other structures - were completely destroyed. Additionally, 5 buildings - including one century-old historic structure and 4 other buildings - suffered dangerous levels of damage. The institute currently has 461 first-year, second-year and third-year students who are still in need of proper classroom facilities following the damage.

The school's agricultural machinery department (Centenary Building) was constructed in 1923 AD as a new training facility, fully equipped to teach students welding, motor repair, blacksmithing, and carpentry. The Karamek Hall, built in 1926 AD, for teachers served as the headquarters of the Burma Defence Army (BDA) Pyinmana Battalion. The Yinma Hall, built in 1928 AD for teachers, and the Tharaphi Hall, built in 1938 AD, were also historic BDA battalion headquarters.

**100**

# YeU Township completes cultivation of 2,763 acres of green gram

YEU April 23

A total of 2,763 acres of green gram crops have been successfully planted in YeU Township, Sagaing Region, during the winter crop planting season, according to statistics from the YeU District Agriculture Department,

For the 2024-2025 winter crop season, a total of 350 acres of green gram was planned in YeU Township. Planting started in October 2024, and as of today, 2,763 acres have been completed.

"The target for the winter crop season in YeU Township was to plant 350 acres of green gram. Today, 2,763 acres have already been completed. We are able to expand planting beyond the planned acreage. We will provide educational support for expanding green gram cultivation, ensuring better yields, and advising on the use of good quality seeds," said U Zaw Myint Tun, Head of YeU District Agriculture Department.

The YeU Township Agriculture Department is also offering training for green gram farmers in the region, focusing on selecting suitable varieties, following proper agricultural techniques, preventing pests, using fertilizers correctly, and maximizing yield.

During this year's winter crop planting season, efforts are being made in collaboration with farmers to provide the necessary resources for good quality seed, efficient cultivation methods, and the latest technologies for improving yields.

**SK**

# Katha District exceeds target, cultivates over 5,000 acres of soybeans

KATHA April 23

A total of 5,339 acres of soybeans has been planted in Katha District, Sagaing Region, exceeding the target acreage, according to the Department of Agriculture for Katha District.

In the 2024-2025 winter crops planting season, 5,280 acres of soybeans have been planted in Katha District, and planting has begun since October 2024, and 5,339 acres have been planted to date.

"We will also provide education to prevent pests. Education will also be provided to prevent pest infestation. We have also encouraged farmers to obtain the necessary seeds," said Daw Khin Myat Myat Oo, head of the Department of Agriculture for Katha District.

In Katha District, the total area of soybean cultivation by township is as per following: 345 acres in Katha Township, 205 acres in Indaw Township, 4,655 acres in Htigyaing Township, and 134 acres in Bamauk Township, totalling 5,339 acres.

In Katha District, the Township Department of Agriculture is educating soybean farmers on the importance of obtaining good varieties suitable for the region, obtaining clean varieties, proper planting methods, pest control, systematic use of fertilizers, and good yields.

**SMK**

# Pigeon pea harvest completed on more than 21,820 acres in KhinU Township

KHINU April 23

According to records from the KhinU Township Agriculture Department, the pigeon pea crops cultivated during the monsoon season have now been fully harvested on 21,820 acres of croplands.

During the monsoon planting season, a total of 21,820 acres of pigeon peas were cultivated in KhinU Township. The harvesting process, which began in December 2024, has now been completed. The average yield per acre was reported to be 18.02 baskets.

"The entire 21,820 acres of pigeon pea crops planted in KhinU Township have now been fully harvested. There is potential to expand the cultivation area further, and efforts are being made to improve productivity. Farmers grow pigeon peas both as a separate crop and through intercropping," said U Nay Win Naing, Head of the KhinU Township Agriculture Department.

The township's Agriculture Department is assisting pigeon pea farmers by providing guidance on high-quality seed selection, proper planting techniques, pest control measures, and yield improvement strategies.

Moreover, the department is promoting cost-effective fertilizer use by encouraging farmers to mix urea and lime fertilizers. This technique has been found to reduce farming expenses, protect crops from pests, and improve plant growth.

**SK**

# China advances crewed Moon landing mission

BEIJING April 23


China is currently making successful progress in preparing for a crewed mission to the Moon, with key mission equipment in the stages of development and prototype testing, Deputy Director of the China Manned Space Agency (CMSA) Lin Xiqiang said on Wednesday.

"As of today, all work related to the preparation of the crewed lunar mission is progressing successfully. The Long March-10 launch vehicle, the Mengzhou manned spacecraft, the Lanyue lunar lander, the Wangyu lunar landing spacesuit and the Tansuo manned lunar rover are all undergoing prototype research and development testing as planned," Lin told a press conference.

China plans to land astronauts on the Moon by 2030 to carry out scientific research.

China's lunar exploration program, dubbed Chang'e, consists of several phases, including orbiting the Earth's artificial satellite, landing on the Moon and returning to Earth. The first lunar satellite, Chang'e-1, was launched in 2007 and operated until 2009. The data it collected allowed Chinese scientists to create, among other things, the first heat map of the Moon.

**Sputnik**



# 151 injured due to panic, jumping incidents in Istanbul's earthquake: Governor's Office



ISTANBUL April 23

The Istanbul Governor's Office reported that 151 people were injured due to panic and incidents of jumping from heights during the 6.2-magnitude earthquake on Wednesday.

The injured individuals are currently receiving treatment in hospitals, and their conditions are not life-threatening, the office stated, adding that no deaths were reported as of 3:30 p.m. local time (1230 GMT).

The Governor's Office confirmed that no residential buildings across the city collapsed, except for one abandoned building in the Fatih District.

There have been no disruptions to energy supply, natural gas distribution, or drinking water and sewage infrastructure that would impact daily life, and field assessments are ongoing, according to the office.

Earlier in the day, the Disaster and Emergency Management Presidency announced that the earthquake epicenter was located in the Silivri district on the European side of Istanbul in the Marmara Sea, at a depth of 6.92 km.

**Xinhua**

# Electric buses help cut $CO_2$ emissions in Chilean capital: officials

SANTIAGO April 23

Santiago's public transport system accounts for only 3.3 percent of the Chilean capital's total carbon dioxide emissions related to transport, thanks largely to its fleet of more than 2,500 Chinese-made electric buses, said Chilean officials Tuesday.

The environmental benefits of these electric buses are enormous, said Transport and Telecommunications Minister Juan Carlos Munoz.

Between 2018 and 2023, the city's switch to electric buses saved more than 60 million liters of diesel and significantly reduced air pollution equivalent to removing emissions from 2,900 wood-burning stoves, Munoz added.

The electric buses have also helped cut the capital city's noise pollution by up to 44 percent along major routes like Alameda Avenue. The Chilean government plans to add 1,800 electric buses, raising the total number to over 4,400 units by the end of this year, or about 68 percent of Santiago's public bus fleet.

Private cars and motorcycles still account for about 90 percent of Santiago's transport emissions, according to a newly released report on the electromobility situation in Santiago.

Paola Tapia, head of Santiago's Metropolitan Public Transport Directorate, said the electromobility policy has spanned three administrations and now stands as a consolidated national commitment.

"Electromobility is here to stay," Tapia said.

**Xinhua**



# Putin announces Russia's major initiative to help Africa combat epidemics

MOSCOW April 23

Russian President Vladimir Putin on Wednesday welcomed the participants of the first Russian-African international exercises of rapid response eams for sanitary and epidemiological emergencies, noting that Russia is conducting a large-scale program to assist Africa in combating epidemics.

"Following the results of the second Russia-Africa Summit, we are implementing a large-scale program to help African friends in the fight against epidemics, including those with pandemic potential," Putin said in a telegram published by the Kremlin.

In less than two years, the program has trained more than 150 African specialists, conducted joint research on dozens of dangerous infections, and dispatched six mobile laboratories to African countries, the Russian leader added.

Sanitary and epidemiological services from Russia and 15 African countries, as well as representatives of various international and regional organizations, are taking part in the exercises, the telegram said. The event raises cooperation to a new level and provides an excellent opportunity to exchange professional experience, practice the joint use of specialized equipment and improve methods of responding to outbreaks of dangerous communicable diseases, Putin added.

"I am confident that the exercise will be very useful for all the services involved and will make it possible to improve their readiness to protect people's health and well-being. I sincerely wish you success and all the best," Putin said.

The exercise is taking place from April 23-25 in the Ethiopian capital of Addis Ababa.


The second Russia-Africa Summit and Economic and Humanitarian Forum took place in the Russian city of St. Petersburg from July 27–28, 2023.

**Sputnik**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# CATL's New LFP Battery Beats BYD's 5-Minute EV Charging Speeds




The race is on to make the electric vehicle experience as convenient as owning gas-powered cars. China's battery giants are in a head-to-head battle on that front. BYD recently unveiled its Super-e Platform, which can add 248 miles (400 kilometers) of range in five minutes. Now just days before Auto Shanghai—which is set to be bigger than any recent American auto show in scale and excitement—CATL claims it has outpaced BYD's charging speeds.

Welcome back to Critical Materials, your daily roundup of the biggest stories shaping the future of electric cars and tech. Also on deck today: Tesla will report its first-quarter earnings on Tuesday and shareholders will want answers about its progress on robotaxis, sliding global sales and delays to its long-promised affordable EV. But not every market is cooling. In at least one country, Tesla is still holding strong, thanks mostly to a lack of compelling alternatives.

**30 percent: CATL's Auto Shanghai Battery Blitz**

The world's largest battery maker made big announcements ahead of Auto Shanghai. Contemporary Amperex Technology Limited (CATL)—which supplies batteries to Tesla, Ford, General Motors and more—just unveiled three major innovations.First up is the second-gen Shenxing lithium-iron phosphate (LFP) battery, which it claims charges even faster than BYD's new Super-e Platform. It also announced the "Freevoy Dual Power Battery," which combines two packs for a whopping 932-mile range. And finally, a world first: a sodium-ion EV battery, aimed at better cold weather performance and diversifying beyond lithium.

BYD's megawatt charging battery shook the auto industry when it was revealed last month, even prompting automakers like Hyundai to start developing its own cells—vertical integrations help companies speed up research and development. Now CATL clearly has no interest in being number two, so it has revealed a battery with a maximum charging power exceeding 1.3 megawatts.

CATL's second-gen Shenxing LFP battery can deliver a range of 497 miles on a single charge and is capable of charging at a rate of 12C. For reference, a rate of 1C translates into one hour of charging time, whereas 2C is 30 minutes.

This new 12C battery can add 2.5 kilometers of range per second allowing drivers to get 323 miles of range in just five minutes of charging—more than BYD's 248 miles in around the same time. Even at -10 degrees Celsius (14 degrees Fahrenheit), it can go from 5 percent to 80 percent in just 15 minutes.

As InsideEVs previously reported, a five-minute charging time is more of a nice-to-have thing than a critical necessity. Charging time between 10-15 minutes for a 20-80 percent charge tends to be the sweet spot, with typical refreshment breaks taking that long anyway. But for drivers in a rush, hyper-fast charging speeds that take just as long as filling up a gas tank could be useful.

The next big announcement is the Freevoy Dual Power Battery that combines two batteries into one big pack. The company likened this concept to dual-engine aircraft, with one main energy area and an extended-range battery also in the same pack. The range extension zone of the battery uses different cell materials, with no graphite in the anode.

And finally, it also revealed the world's first mass-production sodium-ion battery, which can deliver 124 miles of range on plug-in hybrids and 310 miles of range on EVs. Unlike lithium-ion cells, sodium-ion batteries are theoretically more resistant to extreme temperatures. CATL said it can maintain 93 percent of usable capacity even at -30C (-22F) and even charge from 30 percent to 80 percent in 30 minutes in those temperatures.

Don't expect any of this tech to hit U.S. shores anytime soon. While CATL could eventually license its innovations to American automakers, trade tensions are running high. China has already halted exports of rare earths and magnets to the U.S. as the tariff war drags on. Without a breakthrough deal, China may prefer to keep the good stuff at home.

**60 percent: Tesla To Face Tough Questions At Earnings Call**

Tesla will hold its quarterly earnings call on Tuesday and is expected to face tough questions about its dwindling sales worldwide and whether its Robotaxi launch plans are still on schedule. The automaker is facing a historic sales slump amid CEO Elon Musk's role in the government and a growing number of new and affordable models from Tesla's competitors.

One analyst told Reuters that the global debuts at the Auto Shanghai could hurt Tesla sales even further as a dozen "Model Y killers" are expected amid a "tsunami of pressure" as Chinese automakers reveal high-quality and low-cost alternatives at a rapid clip.

The automaker is nonetheless having a busy year. Deliveries of the refreshed Model Y are now underway in the U.S. and many other countries. Musk said a driverless ride-hailing service will launch in Austin in June this year. But such announcements tend to get delayed nearly every single time in typical Tesla fashion. Tesla engineers have also hinted that upgrades are coming to the Model X and Model S.

My guess is that Tesla executives will likely shift the focus on AI and humanoid robots as they have on recent earnings calls, rather than sharing any concrete updates on its passenger vehicle business, robotaxi plans or how it would make the Full-Self Driving software actually safe for humans.

**90 percent: Tesla Sales Grow In Japan**

Tesla isn't losing ground in all markets, though. Things are looking up in Japan with some notable growth in the first quarter.

Tesla doesn't release regional sales figures, but Nikkei reported on Monday citing data from the Japan Automobile Importers Association that an import category labeled "others" grew 56 percent in the first quarter, reaching 2,120 units. March saw an 89 percent growth. The outlet reported that Tesla usually makes up for most of the vehicles in this ambiguous category.

Japan has been conservative in its EV adoption. Buyers there have few options, like the aging Nissan Leaf and the Toyota bZ4x, which hasn't really struck a chord with the masses. The refreshed Model Y and Model 3 are far superior comparatively.

This growth may not be sustainable. Both BYD and Hyundai recently launched new models in Japan this year. BYD brought the Model Y-rivalling Sealion 07 and Hyundai now sells its cheapest EV, the US$-18,000 Inster EV in the country. Plus, the new generation Nissan Leaf and upgraded Toyota EVs are also expected to launch in the country soon.

**100 percent: Should CATL Be Allowed To Sell Its EV Tech In The U.S.?**

Even before the Trump era, the U.S. had strict barriers on Chinese auto imports, including a 100 percent tariff. Now, that's been bumped to 145 percent. Meanwhile, Chinese companies are making undeniable technological leaps: 5-minute charging, ultra-long-range batteries and game-changing tech for EVs and PHEVs. Should the U.S. ease import restrictions and let some of this cutting-edge tech in? Should American automakers license more innovations from CATL, BYD and others to stay competitive? **IEVs**

# MOBILE

## မိုးပြာရောင်အရောင်သစ်နဲ့ထွက်ပေါ်လာမယ့် iPhone 17 Pro

အပ်ပဲကုမ္ပဏီက ဒီနှစ်ထဲမှာ iPhone 17 ကိုထုတ်လုပ်သွားဖို့ရှိနေပါတယ်။ သူတို့က တစ်နှစ်ကိုထင်ရှားတဲ့အရောင်တစ်မျိုးနဲ့ ဖုန်းတွေကိုထုတ်လုပ်လေ့ရှိတာပါ။ ဒီနှစ်မှာတော့ အပ်ပဲက iPhone 17 Pro ကိုမိုးပြာရောင်အရောင်နဲ့ ထွက်ပေါ်လာမယ်လို့သတင်းတွေထွက်နေပါတယ်။ ဒီသတင်းကိုထုတ်ပြန်လိုက်တာက Majin Bu ဆိုတဲ့ဝက်ဆိုက်ပါ။ သူတို့က အပ်ပဲထုတ်ကုန်တွေနဲ့ပတ်သက်ပြီး နောက်ဆုံးသတင်းတွေကိုထုတ်ပြန်လေ့ရှိပါတယ်။

အခုသူတို့ရဲ့ထုတ်ပြန်ချက်ထဲမှာဖော်ပြထားတာက iPhone 17 Pro နဲ့ Pro Max တို့အတွက် ထင်ရှားတဲ့အရောင်က M4 MacBook Air အရောင်နဲ့ ဖြစ်လာမယ်လို့ဆိုပါတယ်။ အပ်ပဲက M4 MacBook Air ကို ပြီးခဲ့တဲ့လကမှ ထုတ်လုပ်လိုက်တာပါ။

ဒါ့အပြင် သူတို့ရဲ့ထုတ်ပြန်ချက်က မှန်ကန်ကြောင်း သက်သေပြနိုင်တဲ့အချက်တစ်ချက်က အပ်ပဲအနေနဲ့ iPhone 17 Pro ကို ရှေ့ပြေးပုံစံတွေထုတ်လုပ်နေပြီလို့ အတွင်းသတင်းတွေကဖော်ပြထားတာကိုလည်းတွေ့ရပါတယ်။

အပ်ပဲက သူတို့ရဲ့ဖုန်းတွေကိုအပြာနရောင်နဲ့မထုတ်လုပ်တာကြာပါပြီ။ ၂၀၂၁ ခုနှစ်ကတည်းကပါ။ အဲဒီအချိန်တုန်းက အပ်ပဲရဲ့ iPhone 13 Pro တွေကို Sierra Blue လို့ခေါ်တဲ့ အပြာနရောင်ကိုအသုံးပြုခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ အဲဒီအရောင်ကိုအသုံးမပြုခဲ့ဘဲ အခုမှပဲ မိုးပြာရောင်နဲ့ဖုန်းထုတ်လုပ်ဖို့ လုပ်လာတာဖြစ်ပါတယ်။

Ref: GA
K.H




## ဘက်ထရီစွမ်းအင် ၇၀၀၀ အားနဲ့ထွက်လာမယ့် Oppo K13

Oppo ကုမ္ပဏီက K13 မော်ဒယ်ဖြင့် ဖုန်းကိုမိတ်ဆက်ခြင်းအားဖြင့် K series စမတ်ဖုန်းတွေထုတ်လုပ်မှုကို တိုးချဲ့လိုက်ပါပြီ။ အခုမိတ်ဆက်လိုက်တဲ့ K13 ဖုန်းမှာ အထူးခြားဆုံးက သူ့ရဲ့ဘက်ထရီပါ။

ဘက်ထရီပမာဏကို ၇၀၀၀ အားထည့်သွင်းပေးထားပြီးတော့ ဒီလောက်များတဲ့ ဘက်ထရီအားအတွက် အားအင်မြန်စေဖို့ကို ဝပ်အား ၈၀ အားသွင်းစနစ်ကိုအသုံးပြုထားပါတယ်။ ဒီအတွက်ကြောင့် ၁၀၀ ရာခိုင်နှုန်းအထိ အားအပြည့်သွင်းမယ်ဆိုရင် အချိန်အားဖြင့် ၅၆ မိနစ်ပဲကြာမယ်လို့ဆိုပါတယ်။

စက်လည်ပတ်မှုအတွက် Snapdragon 6th Generation ကို RAM 8 GB နဲ့တွဲပြီး အသုံးပြုပေးထားတာပါ။ သိုလှောင်မှုစနစ်အတွက်ကိုတော့ 128 GB နဲ့ 256 GB ဆိုပြီးရွေးချယ်စရာနှစ်မျိုးပေးထားပါတယ်။ ဒါ့အပြင် စက်လည်ပတ်မှုစနစ်ကိုအပ်ဒိတ်ဖြစ်စေဖို့ နှစ်နှစ်အထိအာမခံချက်ပေးထားပြီး လုံခြုံရေးပိုင်းနဲ့ပတ်သက်ရင်လည်း သုံးနှစ်အထိအာမခံချက်ပေးထားပါတယ်။

မျက်နှာပြင်အတွက်ဆိုရင် ၆ ဒသမ ၆၇ လက်မရှိတဲ့ FullHD+ 120Hz AMOLED display ကို ရှေ့ကင်မရာ 16 MP၊ နောက်ကင်မရာ 50 MP တို့နဲ့တွဲဖက်ပေးထားတာဖြစ်ပါတယ်။

Ref: GA
K.H



# AUTOMOBILE

## ဟွာ့ဝေ-ချယ်ရီပူးပေါင်းမှုနဲ့ ၁၆၂၇ ကီလိုမီတာခရီးသွားနိုင်မယ့် Luxeed R7




တရုတ်နိုင်ငံရဲ့ နည်းပညာဂုဏ်ကြီးဖြစ်တဲ့ ဟွာ့ဝေကုမ္ပဏီနဲ့ မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီဖြစ်တဲ့ ချယ်ရီတို့က Luxceed ဆိုတဲ့ သူတို့ရဲ့ လျှပ်စစ်ကားအမျိုးအစားထဲမှာ R7 ဆိုတဲ့မော်ဒယ်အသစ်ကို ထပ်မံထည့်သွင်းလိုက်ပါပြီ။

Max နဲ့ Ultra ဆိုပြီး အမျိုးအစားနှစ်မျိုးနဲ့ထွက်ပေါ်လာမယ့် Luxeed R7 က အသုံးပြုသူများကို အလွန်ဝေးကွာတဲ့ခရီးတစ်ခုဆီခေါ်ဆောင်သွားနိုင်စေဖို့ ကတိပြုမှုနဲ့အညီ ထုတ်လုပ်ထားတဲ့ကားပါ။

Luxceed အမျိုးအစားကားတွေက လျှပ်စစ်ကားတွေဖြစ်ပေမယ့် R7 ကတော့ အင်ဂျင်နဲ့လျှပ်စစ်စွမ်းအင်ပေါင်းစပ်ထားတဲ့ကားတစ်စီးပါ။ အမျိုးအစားနှစ်မျိုးစလုံးမှာ ၆၇ လီတာဆန့်တဲ့ဆီတိုင်ကီနဲ့အတူ ၁ ဒသမ ၅ လီတာအင်ဂျင်ကို ၅၃ ဒသမ ၄ ကီလို ဝပ်နာရီရှိတဲ့ ဘက်ထရီနဲ့ ပေါင်းစပ်ပေးထားတာကြောင့် ၁၆၂၇ ကီလိုမီတာအထိခရီးပေါက်စေမှာဖြစ်ပါတယ်။

Ref: AE K.H

## BYD ရဲ့ Sealion အမျိုးအစားထဲမှာ 06 လည်းပါဝင်လာ



BYD ဆိုတာ လျှပ်စစ်ကားလောကမှာ ရောင်းအားအကောင်းဆုံး ကားကုမ္ပဏီတစ်ခုဖြစ်ပါတယ်။ အလားတူပဲ သူ့ကုမ္ပဏီကထုတ်လုပ်တဲ့ Sealion ဆိုတာကလည်း နာမည်ကျော် လျှပ်စစ်ကားအမျိုးအစားတစ်မျိုးဖြစ်ပါတယ်။

အခု BYD က သူတို့ရဲ့နာမည်ကျော် Sealion လျှပ်စစ်ကားအမျိုးအစားထဲမှာ Sealion 06 ဆိုတဲ့ မော်ဒယ်တစ်မျိုးကို ထပ်မံ ထည့်သွင်းပေးလိုက်ပါပြီ။ ဒီမော်ဒယ်မှာတော့ အရင်လိုမျိုးလျှပ်စစ်ကားစွမ်းအင်သက်သက်ကိုသာ အသုံးပြုထားတဲ့မော်ဒယ်တစ်မျိုးတည်းမဟုတ်ဘဲ လျှပ်စစ်မော်တာနဲ့ အတွင်းလောင်အင်ဂျင်ကို ပေါင်းစပ်အသုံးပြုထားတဲ့ မော်ဒယ်ကိုပါ ထုတ်ဖော်ပြသလိုက်တာပါ။

အမြန်နှုန်းအနေနဲ့ လျှပ်စစ်စွမ်းအင်သီးသန့်သုံးကားက တစ်နာရီမှာ ၁၈၅ ကီလိုမီတာနှုန်းနဲ့သွားနိုင်ပြီး စွမ်းအင်နှစ်မျိုးစပ်သုံးကားက ကီလိုမီတာ ၁၈၀ နှုန်းနဲ့သွားနိုင်မှာဖြစ်တယ်လို့ သူတို့ရဲ့ထုတ်ပြန်ချက်ထဲမှာဖော်ပြထားပါတယ်။

Ref: AE
K.H

## ဥရောပအတွက် Nio က သီးသန့်ထုတ်လုပ်ပေးလိုက်တဲ့ Firefly EV

Nio ကုမ္ပဏီက Firefly EV ဆိုတဲ့ လျှပ်စစ်ကားအမျိုးအစားတစ်မျိုးကို ဖန်တီးထုတ်လုပ်လိုက်ပါတယ်။ တန်ဖိုးအားဖြင့် ယူရို ၁၅၁၀၀ မှ ယူရို ၁၅၉၀၀ အထိရှိတဲ့ Firefly EV ကိုတော့ ဥရောပဈေးကွက်အတွက်သာ ရည်မှန်းထားတယ်လို့ Nio ကုမ္ပဏီက ထုတ်ပြန်ထားပါတယ်။

Nio က Firefly EV ကို Nio Day 2024 မှာစတင်မိတ်ဆက်ခဲ့တာပါ။ အဲဒီအချိန်တုန်းက သူ့ရဲ့တန်ဖိုးကို ယူရို ၁၈၇၇၀ လို့သတ်မှတ်ခဲ့ပေမယ့် နောက်ပိုင်းမှာ ဈေးနှုန်းကို ၂၀ ရာခိုင်နှုန်းအထိ လျှော့ချပေးလိုက်တာဖြစ်ပါတယ်။




Firefly EV ရဲ့ပုံစံကတော့ Nio ရဲ့သမားရိုးကျပုံစံကနေကွဲထွက်နေပြီး အမြင်မှာစွဲမက်စေမယ့် ရှေ့မီးလုံးနဲ့နောက်မီးလုံးဒီဇိုင်းတွေနဲ့ အလှဆင်ထားတာပါ။ အတွင်းပိုင်းမှာ ခေတ်မီနည်းပညာနဲ့သက်သောင့်သက်သာရှိမှုတို့ကိုပေါင်းစပ်ပေးထားတာဖြစ်ပြီး ခရီးအကွာအဝေး ၄၂၀ ကီလိုမီတာအထိသွားနိုင်ပါတယ်။

Ref: AE
K.H

# တရုတ်နိုင်ငံက လပေါ်တွင် နျူကလီးယားဓာတ်အားပေးစက်ရုံတည်ဆောက်ရန်စဉ်းစားနေ

ရှန်ဟိုင်း၊ နည်းပညာ


တရုတ်နိုင်ငံက ရုရှားနိုင်ငံနှင့်ပူးတွဲတည်ဆောက်ရန်စီစဉ်နေသည့် အပြည်ပြည်ဆိုင်ရာ လသုတေသနစခန်းကို လျှပ်စစ်ဓာတ်အားပေးနိုင်စေရေးအတွက် လ ပေါ်တွင် နျူကလီးယားဓာတ်အားပေးစက်ရုံတစ်လုံးကို တည်ဆောက်ရန်စဉ်းစားနေကြောင်း အရာရှိကြီးတစ်ဦး၏ ဧပြီလ ၂၃ ရက်တင်ပြချက်တစ်ခုတွင် ဖော်ပြထားသည်ကိုတွေ့ရသည်။

တရုတ်နိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် လပေါ်သို့ အာကာသယာဉ်မှူးများကိုစေလွှတ်ပြီး လူနေထိုင်နိုင်သော အမြဲတမ်းအခြေစိုက်စခန်းတစ်ခုကို တည်ဆောက်ရန်ဆောင်ရွက်လျက်ရှိသည်။

မူလက လပေါ်တွင်လိုအပ်သောလျှပ်စစ်ဓာတ်အားများအတွက် အလွန်ကြီးမားသော ဆိုလာပြားများကိုတပ်ဆင်အသုံးပြုသွားမည်ဟု တရုတ်နိုင်ငံကရည်ရွယ်ထားသည်။ ထိုအချိန်က လပေါ်တွင်နျူကလီးယားဓာတ်အားပေးစက်ရုံတည်ဆောက်၍ လျှပ်စစ်ဓာတ်အားပေးရန် ရုရှားအစိုးရက အဆိုပြုခဲ့ခြင်းဖြစ်သည်။

ယခုအခါ ရှန်ဟိုင်းမြို့တွင်လုပ်ဆောင်ပြီး နိုင်ငံပေါင်း ၁၇ နိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှတာဝန်ရှိသူများတက်ရောက်သည့်အခမ်းအနားတစ်ခု၌ တရုတ်တာဝန်ရှိသူတစ်ဦးဖြစ်သည့် ပိုင်ကျိုးယုက လပေါ်တွင် နျူကလီးယားဓာတ်အားပေးစက်ရုံတည်ဆောက်သွားမည်ဟု အတည်ပြုပြောခဲ့ခြင်းဖြစ်သည်။

အနာဂတ်တွင် အပြည်ပြည်ဆိုင်ရာလသုတေသနစခန်း၌ လက်တွဲအလုပ်လုပ်ရန် နိုင်ငံပေါင်း ၅၀၊ သုတေသနအဖွဲ့ ၅၀၀ နှင့် ပြည်ပသုတေသီ ၅၀၀၀ တို့ကို တရုတ်အစိုးရကဖိတ်ခေါ်သွားမည်ဖြစ်သည်။ Ref: BP



## ထိုင်းနိုင်ငံက ဘေးအန္တရာယ်သတိပေးချက်စနစ်ကိုစမ်းသပ်မည်

ဘန်ကောက်၊ ပြည်တွင်းရေး

ထိုင်းနိုင်ငံက လက်ကိုင်ဖုန်းများမှတစ်ဆင့် ဘေးအန္တရာယ်သတိပေးချက်စနစ်ကိုစမ်းသပ်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ဧပြီလ ၂၃ ရက်တွင်ပြောသည်။

အဆိုပါစနစ်ကို လက်ကိုင်ဖုန်းမှတစ်ဆင့်သတိပေးစနစ်ဟုခေါ်ဆိုပြီး လာမည့်လတွင် ဘန်ကောက်မြို့အပါအဝင် နယ်မြေအချို့၌ စမ်းသပ်သွားမည်ဖြစ်ကြောင်း သဘာဝဘေးကြိုတင်ကာကွယ်ရေးနှင့် လျော့ပါးရေးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဖာဆာကွန်ဘွန်းယာလက်ကပြောသည်။

ထိုစနစ်သည် မိုဘိုင်းကွန်ရက်သုံးခုကို အသုံးပြု၍ သတိပေးချက်များပေးပို့သွားမည်ဖြစ်ပြီး သဘာဝဘေးအန္တရာယ်သာမက လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုများကိုလည်း သတိပေးသွားမည်ဖြစ်ကြောင်း ၎င်းကသတင်းစာရှင်းလင်းပွဲ၌ပြောသည်။

ထိုစနစ်အရ လက်ကိုင်ဖုန်းများတွင် ထိုင်း-အင်္ဂလိပ် နှစ်ဘာသာဖြင့်သတိပေးစာသားများနှင့်အတူ ဥသြဆွဲသံများလည်း ထွက်ပေါ်လာမည်ဖြစ်သည်။ ထိုစနစ်စမ်းသပ်မှုကို မေလ ၂ ရက်မှစ၍ မေလ ၁၃ ရက်အထိလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ Ref: Xinhua




## ဟားမတ်အဖွဲ့ လက်နက်များလွှဲပြောင်းပေးရန် ပါလက်စတိုင်းခေါင်းဆောင်ပြော

ရာမလာ၊ လုံခြုံရေး

ဟားမတ်အဖွဲ့အနေဖြင့် ဂါဇာကမ်းမြောင်ဒေသအတွက် တာဝန်ယူတာဝန်ခံသည့်အနေဖြင့် ၎င်းတို့၏လက်နက်များကို ပါလက်စတိုင်းလုံခြုံရေးအဖွဲ့ထံ လွှဲပြောင်းပေး၍ ထိုအဖွဲ့ကိုနိုင်ငံရေးပါတီအဖြစ်သာ ပြောင်းလဲဖွဲ့စည်းရန် ပါလက်စတိုင်းခေါင်းဆောင် မာမွတ်အဘတ်က ဧပြီလ ၂၃ ရက်တွင်ပြောသည်။

ဟားမတ်အဖွဲ့က ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၇ ရက်တွင် အစ္စရေးကိုတိုက်ခိုက်ခြင်းသည် အစ္စရေးအနေဖြင့် ဂါဇာကို ချေမှုန်းရန် အခွင့်ကောင်းရသွားစေသောကြောင့် ထိုတိုက်ခိုက်မှုကို အပြစ်တင်ဝေဖန်ကြောင်း မာမွတ်အဘတ်ကပြောထားသည်။

ဟားမတ်အဖွဲ့သည် အမေရိကန်နှင့်အစ္စရေးတို့၏တောင်းဆိုချက်ဖြစ်သော လက်နက်များကိုလွှဲပြောင်းပေးရန်တောင်းဆိုချက်ကိုလည်း အစောပိုင်းတွင်ငြင်းပယ်ထားသည်။ ထို့အတူ မာမွတ်အဘတ်က အစ္စရေးနှင့်ငြိမ်းချမ်းရေးရရန်ကြိုးပမ်းနေခြင်းသည် အနောက်ဘက်ကမ်းဒေသရှိ စစ်သွေးကြွအဖွဲ့များကို ချေမှုန်းရန်လုပ်ဆောင်နေခြင်းသာဖြစ်ကြောင်း ပြောထားသည်ဟုသိရသည်။

Ref: RTA

## သတင်းတိုကဏ္ဍ

### စာသင်ကျောင်းရှိဒုက္ခသည်စခန်းကို အစ္စရေးတိုက်ခိုက် အနည်းဆုံးလူ ၁၇ ဦးသေဆုံး

ဂါဇာဒေသအတွင်း စာသင်ကျောင်းရှိဒုက္ခသည်စခန်းကို အစ္စရေးကတိုက်ခိုက်သည့်အတွက် အနည်းဆုံးလူ ၁၇ ဦးသေဆုံးကြောင်း ဂါဇာအရပ်ဘက်ကာကွယ်ရေးဌာနက ဧပြီလ ၂၃ ရက်တွင်ထုတ်ပြန်သည်။

အစ္စရေးအစိုးရက ၎င်းတို့တပ်မတော်အနေဖြင့် ဝိုင်းပတ်ပိတ်ဆို့ထားသည့် နယ်မြေအတွင်းသို့ ဝင်ရောက်ခွင့်ပိတ်ပင်တားမြစ်ထားသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများကို ဝင်ခွင့်ပြုရန် ဂျာမနီ၊ ပြင်သစ်နှင့် ဗြိတိန်တို့က တိုက်တွန်းထားသည်။

အစ္စရေးတပ်မတော်သည် ဂါဇာဒေသအပေါ်စစ်ဆင်ရေးကြီးကို မတ်လ ၁၈ ရက်ကတည်းက ပြန်လည်စတင်လုပ်ဆောင်နေခြင်းဖြစ်သည်။

ယင်းမတိုင်မီက အစ္စရေးနှင့်ဟားမတ်တို့ကြားအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိထားပြီး ထိုကာလအတွင်း ဂါဇာမှဓားစာခံ ၃၃ ဦးကိုပြန်လွှတ်ကာ အစ္စရေးက ပါလက်စတိုင်းအကျဉ်းသား ၁၈၀၀ ကို ပြန်လွှတ်ပေးခဲ့ကြောင်းသိရသည်။

Ref: BP

### အစ္စတန်ဘူလ်၌ ပြင်းအား ၆ ဒသမ ၂ ရစ်(ခ်)တာစကေးရှိ မြေငလျင်တစ်ခုလှုပ်ခတ်

တူကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့၌ ပြင်းအား ၆ ဒသမ ၂ ရစ်(ခ်)တာစကေးရှိ မြေငလျင်တစ်ခုလှုပ်ခတ်မှုဖြစ်ပွားကြောင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာဌာနက ထုတ်ပြန်ထားသည်။ ယခုလှုပ်ခတ်သောငလျင်သည် ပြီးခဲ့သည့်နှစ်များစွာအတွင်း အစ္စတန်ဘူလ်မြို့၌လှုပ်ခတ်သည့် အလွန်အင်အားပြင်းငလျင်များအနက် တစ်ခုအပါအဝင်ဖြစ်လာသည်။

ငလျင်သည် အစ္စတန်ဘူလ်မြို့အနောက်ဘက် မိုင် ၅၀ အကွာရှိ ဆီလီဗရီဒေသ၏ မြေအောက်အနက် ၄ ဒသမ ၃ မိုင်ကိုဗဟိုပြု၍ ဒေသစံတော်ချိန်မွန်းလွဲ ၁၂ နာရီ ၄၉ မိနစ်တွင်လှုပ်ခတ်ခြင်းဖြစ်သည်။

ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ဆုံးရှုံးမှုအခြေအနေများကို မသိရသေးသော်လည်း ပြည်သူများအနေဖြင့်ဘေးကင်းရာတွင်နေထိုင်ရန် တာဝန်ရှိသူများကထုတ်ပြန်ထားသည်။ ၂၀၂၃ ခုနှစ်တွင် တူကီယဲနိုင်ငံ၌ ပြင်းအား၇ ဒသမ ၈ ရစ်(ခ်)တာစကေးရှိငလျင်လှုပ်ခတ်မှုကြောင့်လူ ၅၅၀၀၀ ကျော်သေဆုံးထားသည်။ Ref: TST

### ကက်ရှမီးယားဒေသ၌ အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် သေဆုံးသူ ၂၆ ဦးအထိရှိ

အိန္ဒိယနိုင်ငံဘက်ခြမ်းရှိကက်ရှမီးယားဒေသ၌ ဧပြီလ ၂၂ ရက်တွင် အကြမ်းဖက်သမားများ၏ပစ်ခတ်တိုက်ခိုက်မှုကြောင့် သေဆုံးသူခရီးသွား ၂၆ ဦးအထိမြင့်တက်ပြီး ဒဏ်ရာရရှိသူ ၁၇ ဦးအထိရှိကြောင်း ရဲတပ်ဖွဲ့က ဧပြီလ ၂၃ ရက်တွင်ထုတ်ပြန်ထားသည်။

ယခုကဲ့သို့တိုက်ခိုက်မှုသည် ၂၀၀၈ ခုနှစ် မွမ်ဘိုင်းတိုက်ခိုက်မှုဖြစ်ပြီးနောက် အကြမ်းဖက်သမားများကြောင့်လူသေဆုံးမှုအများဆုံးသော တိုက်ခိုက်မှုတစ်ခုဖြစ်ကြောင်း ရဲတပ်ဖွဲ့၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားရာနေရာသည် ပြီးခဲ့သည့်နှစ်အနည်းငယ်အတွင်း တိုက်ပွဲများမရှိဘဲငြိမ်းချမ်းနေသည့် ခရီးသွားများကိုဆွဲဆောင်ရာနေရာတစ်ခုဖြစ်သော ပါဟယ်ဂမ်ဒေသ၌ဖြစ်ပွားခြင်းဖြစ်ကြောင်းနှင့် သေဆုံးသူများမှာ အိန္ဒိယနိုင်ငံသား ၂၅ ဦးနှင့် နီပေါနိုင်ငံသားတစ်ဦးတို့ဖြစ်ကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်ကြောင့် ဆော်ဒီအာရေဗျသို့ခရီးသွားနေသည့် အိန္ဒိယဝန်ကြီးချုပ်က နိုင်ငံသို့ချက်ချင်းပြန်လာကြောင်းသိရသည်။ Ref: TST

### အမေရိကန်၏ ယူကရိန်းငြိမ်းချမ်းရေးအစီအစဉ် နောက်ဆုံးကမ်းလှမ်းချက်ထွက်ပေါ်လာ

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏ ယူကရိန်းငြိမ်းချမ်းရေးအစီအစဉ်အတွက် နောက်ဆုံးကမ်းလှမ်းချက်ထွက်ပေါ်လာကြောင်း Axios သတင်းဌာနကဖော်ပြထားသည်။

ဒေါ်နယ်ထရမ့်၏ကိုယ်စားလှယ် စတိဝစ်ကော့က ယခုအစောပိုင်းတွင် ရုရှားသမ္မတဗလာဒီမာပူတင်နှင့် လေးနာရီကြာဆွေးနွေးပြီးနောက် စာမျက်နှာတစ်မျက်နှာသာပါသည့် အဆိုပါကမ်းလှမ်းချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

ထိုကမ်းလှမ်းချက်တွင် ခရိုင်းမီးယားကို ရုရှား၏ပိုင်နက်အဖြစ် တရားဝင်အသိအမှတ်ပြုကာ လူးဟန့်၊ ဒန်းညက်၊ ခါဆန်နှင့် ဇာပိုရိုရီးဒေသတို့ကိုလည်း ရုရှား၏ ထိန်းချုပ်ခံဒေသအဖြစ် သဘောထားပေးမည်ဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ်နောက်ပိုင်း ရုရှားအပေါ်ချမှတ်ခဲ့သည့် ပိတ်ဆို့မှုများကိုဖယ်ရှားပြီး နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်သွားမည်ဖြစ်ကြောင်း၊ ယူကရိန်းကိုလည်း NATO တပ်ဖွဲ့သို့ဝင်ခွင့်ပြုမည်မဟုတ်ကြောင်း၊ ယူကရိန်းဘက်ကိုမူ လုံခြုံရေးအာမခံကြောင်း ဖော်ပြထားသည်ဟုသိရသည်။ Ref: RT

# လျှင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပစေတနာရှင်ပြည်သူများက အလှူငွေနှင့်အလှူပစ္စည်းများလှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း































၁။ ၂၈-၃-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံပြည်တွင်း မန္တလေးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်း လျှင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့် အလှူပစ္စည်းများပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့်လှူဒါန်းလိုပါက KBZ Pay, CB pay, AYA Pay, OK$, Wave Money တို့၏ QR များကို Scan ဖတ်၍လည်းကောင်း၊ KBZ Pay QR code နံပါတ် 70157401001 သို့လည်းကောင်း၊ Wave Money ဖြင့် လှူဒါန်းလိုပါက ဖုန်းနံပါတ်(၀၉-၂၅၅၀၀၁၅၄၂ နှင့် ၀၉-၂၅၅၀၀၁၅၄၃)တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း လှူဒါန်းခြင်းများဆောင်ရွက်နိုင်ပါသည်။ ထို့ပြင် ဗဟိုဘဏ်မှ ခွင့်ပြုထားသော မိမိနှစ်သက်ရာ မည်သည့် Digital Wallet သို့မဟုတ် ဘဏ် Mobile Application မှမဆို KBZ Pay MMQR နှင့် CB Pay MMQR၊ OK$ MMQR များကို Scan ဖတ်၍ လှူဒါန်းနိုင်ပါသည်။

၃။ ဘဏ်များမှ လှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကိုဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြားမြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့်ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှတစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများမှ စာရင်းပြောင်း (Account transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ ၎င်းအပြင် နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ် (EDN-600018)သို့လည်း အောက်ပါနည်းလမ်းများဖြင့်လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်၊

(ဂ) ပြည်တွင်း/ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့် -

**– SWIFT CODE** **– MYEBMMMY**

**– Beneficiary Name** **– Natural Disaster Management Fund**

**– Beneficiary A/C No** **– EDN-600018** သို့ လှူဒါန်းနိုင်ပါသည်။

၅။ အလှူငွေနှင့်အလှူပစ္စည်းများလှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည် -

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၃၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | ဒေါ်သက်သက်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၀၀၅၀၂၀၅၆ |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | - | - |

၆။ အလှူပစ္စည်းများကို အောက်ပါအတိုင်း ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည် -

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(ခ) ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်။

(ဂ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။

(ဃ) ဗဟိုသိုလှောင်ရုံ(မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ (၆၅)လမ်း၊ ၃၄x ၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# မြေငလျင်ကြီးမားစွာလှုပ်ခတ်မည်ဖြစ်ကြောင်း Tiktok အကောင့်မှတစ်ဆင့် မဟုတ်မမှန် သတင်းအမှားဖြန့်ဝေခဲ့သူ John(Palmistry)အကောင့်ပိုင်ရှင် ဂျွန်မိုးသဲအား ဖမ်းဆီးရမိ




ဂျွန်မိုးသဲ အသုံးပြုသည့် Tiktokအကောင့်မှ မြေငလျင်နှင့်ပတ်သက်၍ Post တင်ထားမှုမှတ်တမ်းဓာတ်ပုံ။




JOHN (Palmistry)Tiktok Account ၏ Profile ပုံနှင့် Account ပိုင်ရှင်၏ဓာတ်ပုံ။






မဟုတ်မမှန်သတင်းအမှားများ ဖြန့်ဝေခဲ့သူ ဂျွန်မိုးသဲ၊ ၂၁ နှစ်



နေပြည်တော် ဧပြီ ၂၃

၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၁ ရက်တွင် မြေငလျင် ကြီးမားစွာလှုပ်ခတ်မည်ဟု Tiktok အကောင့်မှတစ်ဆင့် မဟုတ်မမှန် သတင်းအမှားဖြန့်ဝေနေကြောင်း သတင်းအရ ဧပြီလ ၂၂ ရက် ၁၀၀၀ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ မုံရွာမြို့၊ မြဝတီရပ်ကွက်၊ တိုးချဲ့ကွက်သစ်ရပ်၊ နယ်မြေ(၂၁)၊ ရွှေညောင်ပင်လမ်းရှိ နေအိမ်သို့ သွားရောက်ရှာဖွေခဲ့ရာ တရားခံ John (Palmistry) အကောင့်ပိုင်ရှင် ဂျွန်မိုးသဲအား ဖမ်းဆီးရမိခဲ့ပါသည်။


ဖမ်းဆီးရမိတရားခံအား စိစစ်ဖော်ထုတ်ချက်အရ ၎င်းသည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နောက်ပိုင်း မုံရွာမြို့ပေါ်၌ပြုလုပ်သည့် ဆန္ဒပြပွဲများတွင် ၂၀ ကြိမ်ခန့် လိုက်ပါဆောင်ရွက်ခဲ့သဖြင့် မုံရွာနယ်မြေရဲစခန်းမှ ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူခဲ့သော်လည်း အသက်မပြည့်သူ ကလေးသူငယ်ဖြစ်သဖြင့် မိဘအုပ်ထိန်းမှုအောက်တွင် ကောင်းမွန်စွာနေထိုင်ရန် မုံရွာခရိုင်တရားရုံးမှ အမိန့်ချမှတ်ခြင်းခံခဲ့ရသူဖြစ်ကြောင်း သိရှိရပါသည်။


၎င်းအပြင် ၂၀၂၁ ခုနှစ်၊ မေလ ၂၈ ရက်တွင် ကော့ကရိတ်မြို့မှတစ်ဆင့် KNDO တပ်ရင်း(၆)သို့ သွားရောက်ခဲ့ပြီး အဆိုပါ KNDO တပ်ရင်း(၆)၌ ဖွင့်လှစ်သည့် အကြမ်းဖက်သင်တန်းအား သင်တန်းသား ၇၅ ဦးနှင့်အတူ တက်ရောက်ခဲ့ကြောင်း၊ ၎င်းနောက် အကြမ်းဖက်အဖွဲ့အစည်းများအတွက် အွန်လိုင်းမှတစ်ဆင့် အလှူငွေများ ကောက်ခံ ထောက်ပံ့ပေးခဲ့ကြောင်း သိရှိရပါသည်။

ထို့နောက် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ တတိယပတ်ခန့်တွင် မုံရွာမြို့သို့ ပြန်လည်ရောက်ရှိနေထိုင်စဉ် အောက်တိုဘာလ ၃၀ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရကြောင်း၊ ၎င်းနောက် နိုဝင်ဘာလ ၁၄ ရက်တွင် မုံရွာမြို့၊ အမှတ်(၁)ရဲစခန်း၌ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ-၅၀(ည)/၅၂(က)တို့ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး မုံရွာခရိုင်တရားရုံးမှ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလတွင် ထောင်ဒဏ် ၂ နှစ် ပြစ်ဒဏ်ချမှတ်ခဲ့သည့်အတွက် မန္တလေးမြို့ရှိ လူငယ်ထိန်းသိမ်းရေးသင်တန်းကျောင်း၌ ထိန်းသိမ်းစောင့်ရှောက်ခြင်းခံခဲ့ရကာ ၂၀၂၃ ခုနှစ်၊ ဇွန်လတွင် ပြန်လည်လွတ်မြောက်လာခဲ့ကြောင်း သိရှိရပါသည်။

ဂျွန်မိုးသဲအနေဖြင့် ထောင်မှလွတ်မြောက်ပြီးနောက် ဗေဒင်လက္ခဏာပညာအား အသုံးချ၍ ပြည်သူလူထုထင်ယောင်ထင်မှားဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် Johnmoe5.t အမည်ဖြင့် Tiktok အကောင့်ဖွင့်လှစ်ကာ အကြမ်းဖက်အဖွဲ့အစည်းများနှင့်ပတ်သက်သည့် Post များအားလည်းကောင်း၊ မြေငလျင်နှင့်ပတ်သက်သည့် Post များအားလည်းကောင်း အများပြည်သူအထိတ်တလန့်ဖြစ်စေရန်ရည်ရွယ်၍ မဟုတ်မမှန်ရေးသားဖော်ပြခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် ၎င်းအား ဥပဒေအရထိထိရောက်ရောက် အရေးယူသွားမည်ဖြစ်ပြီး နောင်အလားတူ မဟုတ်မမှန်သတင်းအမှားများ ရေးသားဖြန့်ဝေသူများကိုလည်း စိစစ်ဖော်ထုတ်၍ ထိထိရောက်ရောက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိဘပြည်သူများအနေဖြင့်လည်း သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ သတင်းအတုသတင်းအမှားများကို မသမာသူများမှ ဖြန့်ဝေရေးသားဖော်ပြလျက်ရှိသဖြင့် ယုံကြည်မှုမရှိရန်နှင့် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သည့် သတင်းများအား သက်ဆိုင်ရာမိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အချိန်နှင့်တစ်ပြေးညီ တိကျစွာထုတ်ပြန်ပေးလျက်ရှိကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၁၀၀)

ဂျွန်မိုးသဲ အသုံးပြုသည့် Tiktok အကောင့်မှ မြေငလျင်နှင့်ပတ်သက်၍ Post တင်ထားမှုမှတ်တမ်းဓာတ်ပုံ။



## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ ၂၀၂၅ ခုနှစ်၊ ဧပြီလ(၂၅)ရက် (သောကြာနေ့)ညတွင် အများပြည်သူ အပန်းပြေ/စိတ်ချမ်းမြေ့စေရန်နှင့် စိတ်ခွန်အားဖြစ်စေရန်အတွက် ခေတ်ဟောင်း/ခေတ်ပေါ်တေးသီချင်းများနှင့်ရေဒီယိုတေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပ/ဌာနအဆိုရှင်များဖြင့် စုပေါင်း၍ **“မေတ္တာရေစင်”** တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့အသုံးပြုမည်ဖြစ်ပါကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေးအကြောင်းကြားပါသည်–

**(၂၅–၄–၂၀၂၅)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ “မေတ္တာရေစင်” တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | မေတ္တာဝေသံဆန်း | တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၂။ | ပြန်လည်ထူထောင်ရေး | ပြင်ပအဆိုရှင် |
| ၃။ | နဂါးနီ | ပြင်ပအဆိုရှင် |
| ၄။ | ဘယ်ပန်းသာလိုယှဉ် | ပြင်ပအဆိုရှင် |
| ၅။ | မေတ္တာရေစင် | ဌာနအဆိုရှင် |
| ၆။ | မေတ္တာလက်ဆောင် | တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၇။ | အဝေရာဟန္တ | တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၈။ | မင်္ဂလာရှိသောနေ့သစ်ဆီသို့ | ပြင်ပအဆိုရှင် |
| ၉။ | လက်ရည်တစ်ပြင်တည်း | တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၁၀။ | လာဘ်မိုးစည်းစိမ်တထိန်ထိန် | ပြင်ပအဆိုရှင် |

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာသည့် မာလဝီနိုင်ငံသားသုံးဦးကို မြန်မာ-ထိုင်းအမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ပြည်နှင့်လွှဲပြောင်းပေးအပ်

နေပြည်တော် ဧပြီ ၂၃



မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာသည့် မာလဝီနိုင်ငံသားသုံးဦးကို မြန်မာ–ထိုင်းအမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ပြည်နှင့်လွှဲပြောင်းပေးအပ်စဉ်။

မြန်မာ–တရုတ်–ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation)ဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု(Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု(Online Gambling) လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိရာ ယနေ့တွင် အဆိုပါလုပ်ငန်းများ၌ ဆက်စပ်ပါဝင်ခဲ့ကြသည့် မာလဝီနိုင်ငံသားသုံးဦးကို မြန်မာ–ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှ တစ်ဆင့်သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့်နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံ၍ ပြည်နှင့်လွှဲပြောင်းပေးသည်။

အဆိုပါပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့်အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က လိုက်လံကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများကို လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကိုကျင်းပခဲ့ရာ ကရင်ပြည်နယ်လူမှုရေးရာဝန်ကြီးဦးစောထွန်းအောင်နှင့်တာဝန်ရှိသူများ၊ တရုတ်နိုင်ငံဆိုင်ရာ မာလဝီသမ္မတနိုင်ငံသံရုံးမှ Deputy Ambassador Mr.Oliver K.Chimphambano နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တဲ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှ ဧပြီလ ၂၃ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၃၂ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၇၃၁၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့်သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ပြည်ပနိုင်ငံသား ၁၇၂၀ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး အထူးသဖြင့် မြန်မာနိုင်ငံ၏နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများအား အမျိုးသားရေးအသွင်ဖြင့် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဧပြီ ၂၃

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့်ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “@mtk-mobile29” TikTok အကောင့် ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့နယ်၊ သရက်ကြီးကျေးရွာနေ ချမ်းငြိမ်းအား ည ၉ နာရီ ၂၀ မိနစ်တွင် ဘုရားကြီးနယ်မြေ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၄-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၄၀ | ၂၈၅၅ | ၂၈၂၀ | ၂၇၅၅ | ၂၈၆၀ | ၂၈၇၅ | ၂၈၉၀ | ၂၈၁၀ | ၄၅၀၅ | ၃၁၀၅ | ၂၈၃၀ | ၂၈၃၀ | ၂၉၀၀ | ၂၈၆၅ | ၂၈၈၅ | ၃၁၄၅ |
| 95 Ron | ၂၈၀၀ | ၂၉၁၀ | ၂၈၇၅ | ၂၈၁၀ | ၂၉၂၀ | ၂၉၃၅ | ၂၉၅၀ | ၂၈၇၀ | ၄၅၆၀ | ၃၁၆၀ | ၂၈၈၅ | ၂၈၈၅ | ၂၉၅၅ | ၂၉၂၀ | ၂၉၄၅ | ၃၂၀၀ |
| HSD (500 ppm) | ၂၃၉၀ | ၂၅၀၅ | ၂၄၇၀ | ၂၄၀၅ | ၂၅၁၀ | ၂၅၂၅ | ၂၅၄၅ | ၂၄၆၅ | - | ၂၇၅၅ | ၂၄၈၀ | ၂၄၈၀ | ၂၅၅၀ | ၂၅၁၅ | ၂၅၄၀ | ၂၇၉၅ |
| HSD (50 ppm) | ၂၉၆၀ | ၃၀၇၅ | ၃၀၄၀ | ၂၉၇၅ | ၃၀၈၀ | ၃၀၉၅ | ၃၁၁၅ | ၃၀၃၀ | ၄၈၃၀ | ၃၃၂၅ | ၃၀၅၀ | ၃၀၅၀ | ၃၁၂၀ | ၃၀၈၅ | ၃၁၀၅ | ၃၃၆၅ |
| HSD (10 ppm) | ၂၉၆၀ | ၃၀၇၅ | ၃၀၄၀ | ၂၉၇၅ | ၃၀၈၀ | ၃၀၉၅ | ၃၁၁၅ | ၃၀၃၀ | - | ၃၃၂၅ | ၃၀၅၀ | ၃၀၅၀ | ၃၁၂၀ | ၃၀၈၅ | ၃၁၀၅ | ၃၃၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၇၉ | ၂၆၆၄ |
| 95 Ron | ၂၆၃၄ | ၂၇၂၁ |
| HSD (500 ppm) | ၂၂၄၁ | ၂၃၁၆ |
| HSD (50 ppm) | ၂၇၉၂ | ၂၈၇၈ |
| HSD (10 ppm) | ၂၇၉၂ | ၂၈၇၈ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇–၄၁၁၃၇၃၊ ၀၉–၂၅၄၆၂၅၄၇၇

၀၆၇–၄၁၁၂၈၂၊ ၀၉–၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# မန်ယူအသင်းက လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် ဝုဗ်အသင်းတိုက်စစ်ကစားသမားကွန်ဟာ ကိုခေါ်ယူနိုင်ရန်နီးစပ်နေ




မန်ချက်စတာ မေ ၂၃

မန်ယူအသင်းက လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ဝုဗ်အသင်း တိုက်စစ်ကစားသမားကွန်ဟာ ကိုခေါ်ယူနိုင်ရန် နီးစပ်နေကြောင်း သိရသည်။

မန်ယူအသင်းသည် လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းတောင်ပံတိုက်စစ်ပိုင်းတွင် ရက်ရှ်ဖို့ဒ်၊ ဆန်ချိုနှင့် အန်တိုနီတို့ကို ရောင်းချသွားမည့်အပြင် နောက်ထပ်တိုက်စစ်ကစားသမားတစ်ဦးဖြစ်သည့် ဂါနာချိုအနေဖြင့်လည်း အနာဂတ်မရေမရာဖြစ်နေသည့်အတွက် ဝုဗ်အသင်းမှ တိုက်စစ်ကစားသမားကွန်ဟာ ကိုခေါ်ယူပြီး အင်အားဖြည့်တင်းရန် ပြင်ဆင်နေခြင်းဖြစ်သည်။

အသက် ၂၅ နှစ်အရွယ် ကွန်ဟာသည် ယခုဘောလုံးရာသီတွင် ဝုဗ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြလျက်ရှိနေပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ၂၈ ပွဲကစားပြီးချိန်တွင် ၁၄ ဂိုးသွင်းယူနိုင်ပြီး ဂိုးဖန်တီးမှုလေးကြိမ် ပြုလုပ်နိုင်သည်အထိ အကောင်းဆုံးခြေစွမ်းပြလျက်ရှိသောကြောင့် မန်ယူအသင်းအပါအဝင် ပရီးမီးယားလိဂ်ထိပ်တန်းအသင်းကြီးများက ခေါ်ယူရန် စီစဉ်နေခြင်းဖြစ်သည်။

မန်ယူအသင်းက ကွန်ဟာ ကိုခေါ်ယူရန် အစောပိုင်းကတည်းက ကြိုးပမ်းနေပြီး တခြားပြိုင်ဘက်အသင်းများထက် လက်ဦးမှုရယူကာ ခေါ်ယူနိုင်ရန် လက်ရှိအချိန်ကတည်းက ဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိသည်။ လက်ရှိတွင် သဘောတူညီမှုရရှိနိုင်ရန် နီးစပ်နေပြီး ပြောင်းရွှေ့ကြေးစတာလင်ပေါင် သန်း ၆၀ ခန့် အသုံးပြုရဖွယ်ရှိကြောင်း သိရသည်။

*Ref;The Guardian*

# ရီးယဲလ်မက်ဒရစ်အသင်းတိုက်စစ်ကစားသမား ဗင်နီစီးယက်စ်အကြောင်း မှတ်တမ်းအဖြစ်ရိုက်ကူးထားသည့် မှတ်တမ်းရုပ်ရှင် မေလ ၂၅ ရက်တွင် ထွက်ရှိမည်

မက်ဒရစ် မေ ၂၃

ရီးယဲလ်မက်ဒရစ်အသင်း တိုက်စစ်ကစားသမား ဗင်နီစီးယက်စ်၏ ပရော်ဖက်ရှင်နယ်ကစားသမားဘဝအကြောင်း ရိုက်ကူးထားသည့် မှတ်တမ်းရုပ်ရှင်သည် လာမည့် မေလ ၂၅ ရက်တွင် ထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဗင်နီစီးယက်စ်၏မှတ်တမ်းရုပ်ရှင်ကို Baila Viniဟု အမည်ပေးထားပြီး ဗင်နီစီးယက်စ်၏လူငယ်ကစားသမားဘဝမှစတင်ပြီး ရီးယဲလ်မက်ဒရစ်အသင်းတွင်ကစားခဲ့သည့်အချိန်ထိ မှတ်တမ်းရုပ်ရှင်အဖြစ်ရိုက်ကူးထားခြင်းဖြစ်သည်။

အဆိုပါမှတ်တမ်းရုပ်ရှင်တွင် ဗင်နီစီးယက်စ်၏ ပရော်ဖက်ရှင်နယ်ကစားသမားဘဝ ဖြတ်သန်းခဲ့ရသည့် စိန်ခေါ်မှုများအပြင် ၎င်း၏ကိုယ်ရေးကိုယ်တာနှင့်ပတ်သက်သောဖြတ်သန်းမှုများကို စုစည်းရိုက်ကူးထားခြင်းဖြစ်သည်။

အသက် ၂၄ နှစ်အရွယ် ဗင်နီစီးယက်စ်သည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ဘရာဇီးကလပ် ဖလာမင်ဂိုအသင်းနှင့် စတင်ခဲ့သူဖြစ်သော်လည်း ဖလာမင်ဂိုအသင်းတွင် တစ်ရာသီသာကစားပြီး ၂၀၁၈ ခုနှစ်က ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ပြီးနောက် ဥရောပဘောလုံးလောကသို့ စတင်ရောက်ရှိခဲ့သူဖြစ်သည်။

ဗင်နီစီးယက်စ်သည် ရီးယဲလ်မက်ဒရစ်အသင်း၌ ကစားသမားဘဝအစပိုင်းက အသင်းကြီးတွင် ကစားခွင့်မရရှိခဲ့ဘဲ အရန်အသင်းတွင် ၂၀၂၀ ပြည့်နှစ်အထိ ကစားခဲ့ရပြီး ၂၀၂၀ ပြည့်နှစ်မှသာ အသင်းကြီးနှင့် ပူးပေါင်းခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

တိုက်စစ်ကစားသမား ဗင်နီစီးယက်စ်သည် အသင်းကြီးနှင့်ပူးပေါင်းခဲ့သော်လည်း ပုံမှန်ကစားခွင့်မရရှိဘဲ နည်းပြအန်ဆယ်လော့တီလက်အောက်မှသာ ပွဲထွက်ကစားခွင့်များရရှိပြီး အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ ထိပ်တန်းအဆင့်ကစားသမားများတွင် တစ်ဦးအပါအဝင်ရပ်တည်နိုင်ခဲ့သူဖြစ်ကြောင်း သိရသည်။

*Ref;One Football*

# စပါးအသင်းက ယူရိုပါလိဂ်ဖလားဆွတ်ခူးနိုင်လျှင်လည်း နည်းပြပိုစတီနိုကိုဂလူကို ရာထူးမှထုတ်ပယ်ရန် ဆုံးဖြတ်ထား




လန်ဒန် မေ ၂၃

စပါးအသင်းက ယခုဘောလုံးရာသီအကုန်တွင် ယူရိုပါလိဂ်ဖလားဆွတ်ခူးနိုင်လျှင်လည်း နည်းပြအပြောင်းအလဲလုပ်ဆောင်မည်ဖြစ်ပြီး နည်းပြပိုစတီနိုကိုဂလူကို ရာထူးမှထုတ်ပယ်ရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

နည်းပြပိုစတီနိုကိုဂလူသည် ၂၀၂၃ ခုနှစ် ဇူလိုင်လက အသင်းကို စတင်တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်ပြီး ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးထားနိုင်ခဲ့ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အဆင့် (၅) နေရာ၌ ရပ်တည်အောင် စွမ်းဆောင်ပေးနိုင်ခဲ့ကာ ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်နှင့်ပင် နီးစပ်အောင်စွမ်းဆောင်နိုင်ခဲ့သော်လည်း ယခုဘောလုံးရာသီတွင် စံချိန်တင်ရလဒ်ဆိုးများနှင့် တွေ့ကြုံနေရခြင်းဖြစ်သည်။

ယခုဘောလုံးရာသီတွင် စပါးအသင်းသည် နည်းပြပိုစတီနိုကိုဂလူလက်အောက်တွင် ယူရိုပါလိဂ်ပြိုင်ပွဲ၌ ဆီမီးဖိုင်နယ်အဆင့်တက်ရောက်အောင် စွမ်းဆောင်ပေးထားနိုင်ခဲ့သော်လည်း ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ရလဒ်များဆက်တိုက်ဆိုးရွားနေပြီး ပြီးခဲ့သည့် နော်တင်ဟမ်အသင်းနှင့်ပွဲစဉ်တွင် ၂ ဂိုး - ၁ ဂိုးဖြင့် ရှုံးနိမ့်ပြီးနောက် နည်းပြပိုစတီနိုကိုဂလူအနေဖြင့် အနာဂတ်မရေမရာဖြစ်နေရခြင်းဖြစ်သည်။

စပါးအသင်းသည် ယခုဘောလုံးရာသီတွင် အက်ဖ်အေဖလား၊ ကာရာဘောင်းဖလားပြိုင်ပွဲတို့မှ ထွက်ခွာခဲ့ရသကဲ့သို့ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင်လည်း ၃၃ ပွဲကစားပြီးချိန်တွင် ၁၁ ပွဲအနိုင်ရရှိခဲ့ပြီး လေးပွဲသရေရလဒ်နှင့် ၁၈ ပွဲ ရှုံးပွဲနှင့်တွေ့ကြုံနေရကာ အဆင့်(၁၆)နေရာ၌သာ ရပ်တည်နေသည်။ စပါးအသင်းက ဝုဗ်အသင်းကို ဂိုးပြတ်ရှုံးနိမ့်ပြီးနောက် နည်းပြပိုစတီနိုကိုဂလူကို ရာထူးမှထုတ်ပယ်ရန် ဆုံးဖြတ်ထားခြင်းဖြစ်သည်။

စပါးအသင်းသည် ယူရိုပါလိဂ်ပြိုင်ပွဲဆီမီးဖိုင်နယ်အဆင့်တွင် ဘိုဒိုဂလင့်အသင်းနှင့်တွေ့ဆုံနေသည့်အတွက် ဗိုလ်လုပွဲသို့တက်ရောက်ရန် အလားအလာကောင်းနေပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ရန် မျှော်လင့်ချက်ရှိနေသော်လည်း စပါးအသင်းက နည်းပြပိုစတီနိုကိုဂလူကို ထုတ်ပယ်ရန်ဆုံးဖြတ်ထားပြီး နည်းပြသစ်အဖြစ် နည်းပြဟောင်းတစ်ဦးဖြစ်သည့် မော်ရင်ဟိုနှင့် သတင်းများထွက်ပေါ်လျက်ရှိကြောင်း သိရသည်။

*Ref;Fotmob*

# ဘာစီလိုနာအသင်းဂိုးသမား တာစတီဂျန် ကိုပါဒယ်ရေးဖလား ဗိုလ်လုပွဲတွင် ပါဝင်နိုင်ဖွယ်ရှိ

ဘာစီလိုနာ မေ ၂၃

ဘာစီလိုနာအသင်းဂိုးသမား တာစတီဂျန်သည် ဒဏ်ရာမှ ပြန်လည်သက်သာလာပြီးနောက် ကိုပါဒယ်ရေးဖလားဗိုလ်လုပွဲတွင် ပြန်လည်ပါဝင်နိုင်ဖွယ်ရှိကြောင်း သိရသည်။

အသက် ၃၂ နှစ်အရွယ် ဂိုးသမားတာစတီဂျန်သည် ဘာစီလိုနာအသင်းတွင် ပွဲထွက်ဂိုးသမားအဖြစ် ကာလရှည်ပါဝင်ခဲ့သူဖြစ်ပြီး ယခုဘောလုံးရာသီအစပိုင်းဖြစ်သည့် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၃ ရက်က ကစားခဲ့သည့် ဘာစီလိုနာအသင်းက ဗီလာရီးယဲလ်အသင်းကို ၅ ဂိုး- ၁ ဂိုးဖြင့် အနိုင်ရရှိသည့်ပွဲစဉ်တွင် ဒူးအရွတ်စုတ်ပြဲဒဏ်ရာရရှိပြီးနောက် ခွဲစိတ်ကုသမှုခံယူခဲ့ရသည့်အတွက် ကာလရှည်အနားယူနေခဲ့ရသည်။

တာစတီဂျန်သည် ဒဏ်ရာမှပြန်လည်သက်သာလာပြီးနောက် အသင်းနှင့်အတူ ပြန်လည်ပူးပေါင်းကာ အပေါ့စားလေ့ကျင့်ခန်းများ စတင်လုပ်ဆောင်နေပြီး မကြာမီ ကြံ့ခိုင်မှုပြန်လည်ပြည့်ဝလာနိုင်သည့်အခြေအနေများကြောင့် ကိုပါဒယ်ရေးဖလားဗိုလ်လုပွဲတွင် ပါဝင်နိုင်ဖွယ်ရှိသည်။

ဘာစီလိုနာအသင်းသည် ကိုပါဒယ်ရေးဖလားဗိုလ်လုပွဲအဖြစ် ဧပြီလ ၂၇ ရက်တွင် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ကစားရမည်ဖြစ်ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကော်မတီအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း တက်ရောက်ပြီး ရုံးလုပ်ငန်းများ ပုံမှန်ဆောင်ရွက်နေမှုလိုက်လံကြည့်ရှု



နေပြည်တော် ဧပြီ ၂၃

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကော်မတီအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးက လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကြောင့်ထိခိုက်ပျက်စီးခဲ့သော ဆေးရုံများနှင့် ရုံးဌာနအဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာများ အမြန်ဆုံးပြန်လည်တည်ဆောက်နိုင်ရေးတို့အတွက်အဆောက်အအုံများ ထိခိုက်ပျက်စီးမှု၊ ဆက်လက်အသုံးပြုနိုင်မှု၊ မြေအမျိုးအစားနှင့် ငလျင်ဒဏ်ခံနိုင်မှုအခြေအနေတို့အားစစ်ဆေး၍ လုပ်ငန်းများအချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်အောင် တာဝန်ရှိသူများက စီမံခန့်ခွဲဆောင်ရွက်သွားရန်နှင့် သဘာဝဘေးစီမံခန့်ခွဲမှုဗဟိုကော်မတီ၏ မှာကြားချက်များကို ဝန်ထမ်းများသိရှိအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ နိုင်ငံတော်မှ နိုင်ငံတကာအဆင့်မီ ငလျင်ဒဏ်ခံအဆောက်အအုံများ ဆောက်လုပ်ပေးသွားမည်ဖြစ်ပြီး ပြည်သူများ၊ ဝန်ထမ်းများအနေဖြင့် ငလျင်မလှုပ်မီ၊ လှုပ်နေစဉ်နှင့် လှုပ်ပြီးအချိန်များတွင် ဆောင်ရန်/ရှောင်ရန်များကို လုပ်ငန်းလမ်းညွှန်များရေးဆွဲပြီး ပုံမှန်လေ့ကျင့်ခန်း (Drill)များ ပြုလုပ်သွားရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနသို့သွားရောက်၍ ဝန်ထမ်းများ ရုံးလုပ်ငန်းများပုံမှန်ဆောင်ရွက်နေမှုနှင့် ဝန်ထမ်းများ၏နေထိုင်စားသောက်ရေးအခြေအနေများကိုလိုက်လံကြည့်ရှုပြီး အားပေးစကားပြောကြားကာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မိုဘိုင်းဆက်သွယ်ရေးစခန်း ၂၇၃ စခန်းသာ ပြုပြင်ရန်ကျန်ရှိ

နေပြည်တော် ဧပြီ ၂၃

မတ်လ ၂၈ ရက်ကလှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့် မိုဘိုင်းဆက်သွယ်ရေးစခန်း ၆၇၃၀ ချွတ်ယွင်းပျက်စီးခဲ့ကြောင်း၊ မိုဘိုင်းအော်ပရေတာများကပြန်လည်ပြုပြင်မှုများ ဆောင်ရွက်ခဲ့သဖြင့် ဧပြီလ ၂၂ ရက်အထိ စခန်း ၆၄၅၇ စခန်း ပြုပြင်ကောင်းမွန်သွားပြီဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်းအနေဖြင့် ပြုပြင်ရန်ကျန် MPT စခန်း ၈၈ စခန်း၊ Atom စခန်း ၁၁၅ စခန်း၊ Ooredoo စခန်း ၄၉ စခန်း၊ Mytel စခန်း ၂၁ စခန်း စုစုပေါင်း ၂၇၃ စခန်းသာ ကျန်ရှိကြောင်းနှင့်ဆက်လက်ပြုပြင်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

**○ WBC နှင့် OPBF မှ**

မြန်မာပရော်ဖက်ရှင်နယ်ဘောက်ဆင်သမားများ သွားရောက်ယှဉ်ပြိုင်နေပြီဖြစ်သည်။

မြန်မာဘောက်ဆင်ကော်မရှင်(MBC)ကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် အဖွဲ့ဝင် ၁၆၁ နိုင်ငံရှိသော WBC နှင့် WBC လက်အောက်ခံ OPBF တို့က အဖွဲ့ဝင်နိုင်ငံအဖြစ် တရားဝင်လက်ခံလိုက်သည့်အတွက် အဆိုပါအဖွဲ့အစည်းများမှပေးအပ်မည့် ချန်ပီယံခါးပတ်များတွင် မြန်မာနိုင်ငံတော်အလံကို ထည့်သွင်းပေးခြင်းဖြစ်ကြောင်းလည်း သိရသည်။

ကမ္ဘာပေါ်တွင် ဆုကြေးစားပရော်ဖက်ရှင်နယ် ဘောက်ဆင်အဖွဲ့အစည်းကြီးလေးခုရှိပြီး အဆိုပါအဖွဲ့ကြီးလေးခုချိတ်ဆက်ထားသည့်အတွက် WBC အဖွဲ့ဝင်ဖြစ်လာသော မြန်မာဘောက်ဆင်ကော်မရှင်(MBC)ကို အဖွဲ့ဝင်အဖြစ်ယင်းအဖွဲ့ကြီးလေးခုစလုံးက အသိအမှတ်ပြုလက်ခံလိုက်ခြင်းဖြစ်သည်။ ကျန်အခြားအဖွဲ့များ၏ခါးပတ်များတွင်လည်း မြန်မာနိုင်ငံတော်အလံကို ထည့်သွင်းဖော်ပြမည်ဟုသိရသည်။

**ဝန်းရံခ**

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန်ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၃˚c | / | ၃၈˚c |
| ရန်ကုန် | ၂၄˚c | / | ၃၈˚c |
| မန္တလေး | ၂၉˚c | / | ၄၀˚c |

**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

**အဖိုးတန်ရေချိုကို ချွေတာကြပါစို့**

## ၂၃-၄-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၅,၆၆၀,၀၀၀)ကျပ်ဖြစ်သည်။ **ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## နေရာကျဲကျဲ မိုးထစ်ချုန်း ရွာမည်

နေပြည်တော် ဧပြီ ၂၃

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ **(မိုး/ဇလ)**






## လျှော့ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဧပြီ ၂၃

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့်ငလျင်ဒဏ်ကိုပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ်ခြောက်ခုတွင် ဧပြီလ ၂၃ ရက်အထိ သေဆုံးသူ ၃၇၅၉ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၇ ဦးနှင့် ပျောက်ဆုံးသူ ၁၀၄ ဦး ရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအားရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၆၇ ဦးအားရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ဧပြီလ ၂၂ ရက် ည ၇ နာရီမှ ဧပြီလ ၂၃ ရက် ညနေ ၅ နာရီအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ International Organization For Migration–IOM (မြန်မာ)က ငလျင်ဘေးသင့်သူများအတွက် ထောက်ပံ့ပေးမည့် ရွက်ဖျင်တဲများ၊ ရေသန့်စင်ဆေးပြားများ စုစုပေါင်းတန်ချိန် (၁၀ ဒသမ ၉၆) တန်၊ တရုတ်နိုင်ငံ Shenzhen Salubris Pharmaceuticals Co.,Ltd. က China–Myanmar Economic Cooperation and Development Promotion Association မှတစ်ဆင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် မန္တလေးပြည်သူ့ဆေးရုံကြီး ခုတင်-၁၅၀၀ သို့ ပေးပို့မည့် ဆေးဝါးများ စုစုပေါင်း တန်ချိန် ၂ ဒသမ ၀၀၄ တန် အသီးသီးရောက်ရှိခဲ့သည်။

ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများထံသို့ လက်ဝယ် အရောက် အမြန်ဆုံး ခွဲဝေထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ရေနံစိမ်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ




ညောင်ခါးရှည်ကျေးရွာ အောင်စိုးမိုးဆီဆိုင်အနီး၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် ဧပြီ ၂၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ထိုသို့ဆောင်ရွက်လျက်ရှိရာ ဧပြီလ ၂၁ ရက်**က အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည်ကျေးရွာ၊ Famous ဆီဆိုင်အနီး၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြ နိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၂)မျိုး၊ စားသောက်ကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၀၄၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ညောင်ခါးရှည်ကျေးရွာ၊ အောင်စိုးမိုးဆီဆိုင်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၈၆၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည် (၂)ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း(၂)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၅၅၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၁၂၄၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဧပြီလ ၂၂ ရက်**က မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းဘူးမြို့နယ်၊ ဆင်ခေါင်းကျေးရွာအနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားမဝင် ရေနံစိမ်း ဂါလန် (၃၅၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၂၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကို ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးအက်ဥပဒေအရလည်းကောင်း၊ ပခုက္ကူမြို့၊ မြို့ရှောင်လမ်းနှင့်သီတာလမ်းဆုံ၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၂၉၂၅၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သထုံခရိုင်နှင့် ကျိုက်ထိုခရိုင်တို့အတွင်း၌ တရားမဝင် အခြားသစ် (၃ ဒသမ ၃၆၇)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၉၈၅၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ မော်လမြိုင်မြို့နယ်နှင့် ပေါင်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ မော်တော်ယာဉ်(၂)စီးနှင့်လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် (၃)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀၀)ကို ပို့ကုန် သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၁၉၉၈၅၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

**ဧပြီလ၂၃ ရက်**တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်၌ တရားမဝင် အခြားသစ် (၁ ဒသမ ၁၃၄)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၄၆၂)**ကိုဖမ်းဆီးရမိခဲ့ပြီးသစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၁ ရက်၊ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၇)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၆၇၂၄၃၁၂)**ကို ဖမ်းဆီးရမိခဲ့သည်။

တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။**(သတင်းစဉ်)**

## မိုးညှင်းမြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများနှင့် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ




စောသာထူးနှင့်စောနိုင်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



မလဲ့ဇာလီဌေးအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဧပြီ ၂၃

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီလ ၂၁ ရက် ည ၆ နာရီတွင် မိုးညှင်းမြို့နယ်၊ ပင်လုံကျေးရွာအုပ်စု၊ နန့်စီးအောင်ကျေးရွာအနီးတွင် စောသာထူးမောင်းနှင်ပြီး စောနိုင် လိုက်ပါလာသည့် MITSUBISHI CANTER အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဆီခဲ ၄၃ ဒသမ ၅ ကီလို (တစ်ကီလိုလျှင်ငွေကျပ် ၁၄ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၆၀၉ သိန်းနှင့် ဘိန်းစိမ်း ၃၅ ကီလို(တစ်ကီလိုလျှင်ငွေကျပ် ၁၂ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၄၂၀)တို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ပူးပေါင်းအဖွဲ့သည် ဧပြီလ ၂၁ ရက် ညနေ ၃ နာရီတွင် မြောက်ဥက္ကလာပမြို့နယ်၊ (စျ)ရပ်ကွက်၊ သုခမ္မာလမ်းရှိကားဂိတ်တွင် ပါဆယ်ပစ္စည်းလာရောက်ထုတ်ယူသူ မလဲ့ဇာလီဌေးအား စစ်ဆေးရှာဖွေရာ ၎င်းထုတ်ယူသည့် စက္ကူဂျပ်ဖာများအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၀၀၀ ပြား(တစ်ပြားလျှင်ငွေ ၁၀၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၄၈၀) သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အားမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၃-၄-၂၀၂၅

**ထူးခြားသည့် နေ့အပူချိန်များ**

| | | | | | |
|---|---|---|---|---|---|
| ချောက် | ၄၄ ဒသမ ၆ ဒီဂရီဆဲလ်စီးယက် | ဆင်ဖြူကျွန်း | ၄၃ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် | ဂန့်ဂေါ | ၄၂ ဒသမ ၆ ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၄၃ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် | မကွေး | ၄၂ ဒသမ ၈ ဒီဂရီဆဲလ်စီးယက် | အောင်လံ | ၄၂ ဒသမ ၃ ဒီဂရီဆဲလ်စီးယက် |
| မင်းဘူး | ၄၃ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် | ကလေးဝ | ၄၂ ဒသမ ၈ ဒီဂရီဆဲလ်စီးယက် | မြင်းခြံ | ၄၂ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |

## မြန်မာ့သစ်လုပ်ငန်း
## ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန
## အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ ကျွန်း/သစ်မာ(သစ်လုံး/ခွဲသား)များကို အောက်ဖော်ပြပါအတိုင်း ရောင်းချမည်ဖြစ်ပါသည်-

(က) **ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန**
ကျွန်းသစ်လုံး(ရန်ကုန်)(၃၅၀)တန်ခန့်၊ သစ်မာသစ်လုံး **(ရန်ကုန်/နယ်)**(၁၂၅၀)တန်ခန့်နှင့် ကျွန်းခွဲသား(၄၁)တန်ခန့်

(ခ) **သစ်အခြေခံစက်မှုလုပ်ငန်းဌာန**
ကျွန်းခွဲသား(၂၇၀)တန်ခန့်

(ဂ) ရောင်းချမည့်ရက်နှင့်အချိန် - (၈-၅-၂၀၂၅)၊ နံနက်(၉:၀၀)နာရီ

(ဃ) ရောင်းချမည့်နေရာ - တော်ဝင်ခန်းမ၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ (တင်ဒါကျင်းပမည့်ရက် ပြောင်းလဲမှုရှိပါက ထပ်မံအကြောင်းကြားပါမည်။)

၂။ MSMEs လုပ်ငန်းရှင်များအနေဖြင့် လိုအပ်သောကုန်ကြမ်းများအား ဝင်ရောက်ယှဉ်ပြိုင်ဝယ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)နှင့် **website** ဖြစ်သော **www.mte.com.mm** တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၄။ ဆက်သွယ်ရန်-**Ph; 01-287430, 01-528771, 01-528764**

**ပျောက်ဆုံးကြောင်း**
မင်းစည်သူအောင်(ဘ)ဦးဝင်းဆွေ ၈/ရစက(နိုင်)၁၉၅၀၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၆၃၃၉၇၂၀

**ပျောက်ဆုံးကြောင်း**
ပြည့်စုံထွန်း ၁၂/ဥကတ(နိုင်)၂၁၂၈၀၅ ကိုင်ဆောင်သူ၏ BST 4 ticket certificate မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၈၀၆၀၂၁၀

**ပျောက်ဆုံးကြောင်း**
ဒေါ်လှဲ့လှဲ့ခိုင်(ဘ)ဦးပန်းဆိုင် ၈/အလန(နိုင်)၁၃၆၃၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
စောဖတာလောင်(ဘ)ဦးကြာစိုက် ၃/လဘန(နိုင်)၁၆၁၇၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 134087)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
မဝင်းရန့်အေး(ဘ)ဦးဝင်းသိန်း ၁၀/မဒန(နိုင်)၂၇၂၈၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၃၅၉၉၆၅၂၄

**ပျောက်ဆုံးကြောင်း**
ဦးဇော်လင်း(ဘ)ဦးမော်နား ၁၀/သထန(နိုင်)၀၉၉၂၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၂၂၁၁၁၈

**ပျောက်ဆုံးကြောင်း**
မအေးဆန်း(ဘ)ဦးကိုင်းမောင် ၁၀/ဘလန(နိုင်)၀၀၁၂၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၀၆၃၀၀၄၂

**ပျောက်ဆုံးကြောင်း**
လှဌေး(ဘ)ဦးမြင့်လွင် ၁၀/မပန(နိုင်)၁၄၂၂၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။
ဖုန်း-၀၉-၄၄၇၄၀၀၀၄၆

**ပျောက်ဆုံးကြောင်း**
ယဉ်ယဉ်လှ(ဘ)ဦးကျော်စိန်ဝင်း ၁၂/မရက(နိုင်)၀၄၀၃၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 199691)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၂၁၄၀၃၅၉

**ပျောက်ဆုံးကြောင်း**
မောဘရဏီထွန်မှု(ဘ)ဦးမျိုးထွန်မှု ၁၂/ဗဟန(နိုင်)၀၈၆၉၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၉၆၉၅၄၁၄

**ပျောက်ဆုံးကြောင်း**
ထွန်းထွန်းနိုင်(ဘ)ဦးခင်မောင်အေး ၁၂/ဒဂမ(နိုင်)၀၀၈၄၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၀၆၆၄၈၈

**ပျောက်ဆုံးကြောင်း**
ဇေယျာလင်း(ဘ)ဦးခင်မောင်ဝင်း ၈/ခမန(နိုင်)၁၀၂၇၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၀၃၁၅၀၈

### လူမှုခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၄၇ အရ
### Rainmaker Services Co.,Ltd. ကို
### အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာချက်

၁။ Rainmaker Services Co.,Ltd. ကို အစုရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းရန် (၂၃-၄-၂၀၂၅)နေ့တွင်ကျင်းပသော သာမန်ထက်ထူးကဲသောအထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးတွင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါက်တာမြမာလာအေး ၁၂/လသန(နိုင်)၀၀၅၁၈၂ အားခန့်အပ်ရန်ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံပေးရန်-ရရန်ရှိသည်များကို (၂၃-၅-၂၀၂၅)နေ့နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဒေါက်တာမြမာလာအေးထံ အထောက်အထားဖြင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **Saw Thein Oo** | ဒေါက်တာမြမာလာအေး |
| **Managing Director** | ၁၂/လသန(နိုင်)၀၀၅၁၈၂ |
| **Rainmaker Services Co.,Ltd.** | တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၅၂) |
| | အမှတ်(၁၉၅)၊ မြသီတာလမ်း၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၁၄၈၇၄ |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## ရန်ကုန်တိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ်(၁/၂၀၂၅-၂၀၂၆)

၁။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအောက်ရှိ မြို့နယ်များတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ကျေးလက်လမ်း၊ တံတားနှင့် Box Culvert လုပ်ငန်းများအားအကောင်အထည်ဖော်ဆောင်ရွက်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ရန်ကုန်တိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်-

(က) တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - (၂၅-၄-၂၀၂၅) (သောကြာနေ့)

(ခ) တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက် - (၉-၅-၂၀၂၅) (သောကြာနေ့) ၁၆:၃၀ နာရီအထိ

(ဂ) တင်ဒါဖွင့်ဖောက်မည့်ရက်နှင့်အချိန် - (၁၂-၅-၂၀၂၅) (တနင်္လာနေ့) နံနက်(၀၉:၀၀)နာရီ

(ဃ) တင်ဒါတင်သွင်းရမည့်နေရာနှင့် ဖွင့်ပွဲကျင်းပမည့်နေရာ - ညွှန်ကြားရေးမှူး(မြို့ပြ)(ရုံး)၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ အမှတ်(၁၁+၁၂)၊ (၉၁)ရပ်ကွက်၊ ဇလွန်မြစ်(၃)လမ်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာများအား ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် လာရောက်ကြည့်ရှုခြင်းဖြင့်လည်းကောင်း၊ ဖုန်း ၀၉-၄၂၅၀၀၀၁၇၉ နှင့် ၀၉-၄၅၁၃၉၂၂၀၇ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

**ပျောက်ဆုံးကြောင်း**
ပုလဲမြို့နယ်နေ မခင်မျိုးနှင်း(ဘ)ဦးကြီးမာ ၅/ပလန(နိုင်)၁၂၉၅၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 617947)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၃၀၄၂၆၆၁

**ပျောက်ဆုံးကြောင်း**
ဇော်ဇော်အောင်(ဘ)ဦးသိန်းစိုး ၃/ဘအန(နိုင်)၂၃၃၆၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 634258)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ဇေယျာအောင်(ဘ)ဦးအောင်ကွန့် ၈/ဆဖန(နိုင်)၀၆၂၅၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
နော်နေးလာသော(ဘ)စောအယ်သောနီ ၁၄/မမန(နိုင်)၂၃၃၀၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 772919)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ခင်အောင်ဖိ(ဘ)ဦးကျော်သာ ၁၁/မတန(နိုင်)၀၁၁၇၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 491708)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
မနှင်းနှင်းအေး(ဘ)ဦးညီလှိုင် ၉/ပဘန(နိုင်)၂၇၈၈၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
စန်းမောင်(ဘ)ဦးချစ်ခင် ၁၀/မဒန(နိုင်)၀၉၈၂၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၉၆၇၂၃၅၀

**ပျောက်ဆုံးကြောင်း**
ဖြူစင်လင်း(ဘ)ဦးဝင်းမြင့်စိုး ၁၀/သထန(နိုင်)၂၆၃၇၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၉၂၀၁၅၄၈၉

**ပျောက်ဆုံးကြောင်း**
မြမြမင်း(ဘ)ဦးနေဝင်း ၁၂/စခန(နိုင်)၀၅၇၇၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၁၀၁၁၂၁၈၇

**ပျောက်ဆုံးကြောင်း**
ညီသူရိန်(ဘ)ဦးညီညီလတ် ၁၂/အစန(နိုင်)၂၁၈၂၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 756810)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၄၇၁၁၅၅၄

**ပျောက်ဆုံးကြောင်း**
သူဇာလင်း(ဘ)ဦးသိန်းမြင့် ၇/ဖမန(နိုင်)၁၅၉၇၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၆၇၇၀၇၃၄

**ပျောက်ဆုံးကြောင်း**
စန္ဒာခိုင်(ဘ)ဦးတင်ညို ၇/အဖန(နိုင်)၀၇၁၇၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 376954)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၀၀၁၄၅၀၃

**ပျောက်ဆုံးကြောင်း**
မနွဲ့(ဘ)ဦးလွင် ၉/ကဆန(နိုင်)၁၄၀၃၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### (အစုရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းဆဲကုမ္ပဏီ)
### Final Meeting - နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း

မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာဥပဒေအရ Novel Shinning Star Company Limited ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၂၄၆၀၈၆၅၁/(၃၁-၀၁-၂၀၂၀)၏ဖျက်သိမ်းခြင်းကို (၂၃-၅-၂၀၂၅) နေ့ နံနက် ၉:၀၀ နာရီတွင် အပြီးသတ် စာရင်းရှင်းလင်းခြင်းနှင့် နောက်ဆုံးအစည်းအဝေးကို ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များအားလုံး မပျက်မကွက် အောက်ပါလိပ်စာအတိုင်းတက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဒေါက်တာမြမာလာအေး
၁၂/လသန(နိုင်)၀၀၅၁၈၂
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၅၂)
အမှတ်(၁၉၅)၊ မြသီတာလမ်း၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏ၊
သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၁၄၈၇၄

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန၊ (၂၀၂၅-၂၀၂၆)ခု ဘဏ္ဍာရေးနှစ် (၄/၂၀၂၅ လမှ ၃/၂၀၂၆)လအထိ မန္တလေးနေ့စဉ်သတင်းစာများပုံနှိပ်ထုတ်ဝေနိုင်ရန်အတွက် သတင်းစာစက္ကူ (News Print Paper Brite 48.8gsm 30" Size)အမျိုးအစား(၁၁၇)တန် ဝယ်ယူခြင်းကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

(က) တင်ဒါပုံစံ စတင်ရောင်းချမည့်နေ့ရက် - ၂၈-၄-၂၀၂၅ ရက်

(ခ) တင်ဒါပုံစံရောင်းချမည့်နေရာ - မန္တလေးနေ့စဉ်သတင်းစာတိုက် ၃၅ လမ်းနှင့် ၃၆ လမ်းကြား လမ်း ၇၀ နှင့် ၇၁ လမ်းကြား

(ဂ) တင်ဒါနောက်ဆုံး တင်သွင်းရန်နေ့ရက်နှင့်အချိန် - ၁၉-၅-၂၀၂၅ ရက် ညနေ(၄:၃၀)နာရီ

(ဃ) တင်ဒါတင်သွင်းရမည့်နေရာ - မန္တလေးနေ့စဉ်သတင်းစာတိုက် ၃၅ လမ်းနှင့် ၃၆ လမ်းကြား လမ်း ၇၀ နှင့် ၇၁ လမ်းကြား

(င) တင်ဒါရွေးချယ်မည့် နေ့ရက်နှင့်အချိန် - ၂၂-၅-၂၀၂၅ နံနက်(၀၉:၃၀)နာရီ

(စ) တင်ဒါရွေးချယ်မည့်နေရာ - မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီရုံး၊ အစည်းအဝေးခန်းမ

(ဆ) တင်ဒါလျှောက်လွှာတစ်စုံ ရောင်းချဈေးနှုန်း - ၁၀၀၀၀/-ကျပ်

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၉-၂၀၅၁၇၅၂၊ ၀၂-၂၈၄၇၃၉၈၊ ၀၉-၇၉၇၅၇၅၂၇၄ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စီမံရေးဌာနမှ ဓာတ်အားခွဲရုံကြီးများ တည်ဆောက်ရေးဌာနစိတ်၊ မြေအောက်ဓာတ်ကြိုးဌာနစိတ်တို့မှ ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သောပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံများနှင့် အချက်အလက်များကို ဌာနမှသတ်မှတ်နှုန်းထားအတိုင်း (၂၄-၄-၂၀၂၅) ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၈-၅-၂၀၂၅)ရက်နေ့၊ (၁၄:၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဌာနသို့ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

**ပျောက်ဆုံးကြောင်း**
တန့်ယန်းမြို့နေ မပြုံးရီ(ဘ)ဦးကောလိန် ၁၃/တယန(နိုင်)၀၃၉၃၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၈၂၁၁၂၀၈

**ပျောက်ဆုံးကြောင်း**
မိုင်းလားမြို့နေ ဒေါ်အေးအေးမြင့်(ဘ)ဦးအားဆား ၁၃/ကတန(နိုင်)၁၂၀၀၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၈၂၂၁၅၂

**ပျောက်ဆုံးကြောင်း**
အေးမို့မို့အောင်(ဘ)ဦးတင်ဝင်း ၁၂/ဒဂတ(နိုင်)၀၆၃၂၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၄၁၅၉၉၉၃

**ပျောက်ဆုံးကြောင်း**
မိုးသူရိန်မြင့်(ဘ)ဦးသိန်းမြင့် ၁၂/သလန(နိုင်)၀၇၃၁၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(086444)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၁၆၀၃၉၂

**ပျောက်ဆုံးကြောင်း**
မခရောစတန်မွေး(ဘ)ဦးလိန်းအောင် ၅/မလန(နိုင်)၀၃၁၉၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၉၆၆၄၁၆၀

**ပျောက်ဆုံးကြောင်း**
ဦးကိုကိုခိုင်(ဘ)ဦးကျော်ကျော်သောင်း ၁၂/ဒဂမ(နိုင်)၀၀၆၇၇၈ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မောင်ကောင်း(ဘ)ဦးဖန်ချောင် ၁၂/တကန(နိုင်)၈၀၂၀၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဇင်မေပြုံး(ဘ)ဦးလှပြုံး ၈/ဖခက(နိုင်)၂၁၈၀၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ပဲခူးမြို့၊ ဘုရားကြီးနေ မနီလာဝင်း(ဘ)ဦးစန်းဝင်း ၇/ပခန(နိုင်)၂၉၉၄၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**သစ်တောမှန်လျှင်**
**အသုံးဝင်**
**အစဉ်ထာဝရ**
**ထိန်းသိမ်းကြ**


OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar


MYAWADDY TRADING LIMITED
ပို့ကုန်
လယ်ယာထွက်သီးနှံ၊ဆန်စပါး၊သကြား၊ရာဘာ၊
ရေထွက်ပစ္စည်း၊နှင့်အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန်
စားအုန်းဆီ၊လူ့အသုံးအဆောင်၊ရေနံနှင့်
ဓာတုပစ္စည်း၊ကတ္တရာ၊ဓာတ်မြေဩဇာ။
Tel: 95-01-8373255,8373265, 8373267, 8373291
Fax:95-01-8373257
E-mail: myawaddytrading@gmail.com


အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊
ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
DAGON
Non-Sparkling Lemon Tea
Sparkling Lemon Tea
LEMON
Lemon Barley Sparkling
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
PYIN OO LWIN
Nan Myaing 2+1 coffee
Black Coffee
PYIN OO LWIN NAN MYAING
PYIN OO LWIN NAN MYAING PURE ARABICA Coffee
PURE ARABICA COFFEE
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ **စာမတတ်သူသည် ထိုင်နေသည့်လူနှင့်တူ . . .**

❖ **စာတတ်ပြီးစာမဖတ်သည့်သူမှာ ရပ်နေသည့်လူနှင့်တူ. . .**

❖ **စာတတ်ပြီး စာလည်းဖတ်သည့်သူမှာတော့ လမ်းလျှောက်နေသည့်သူနှင့်တူ . . .**

❖ **လူငယ်များအပါအဝင် ပြည်သူများ စာဖတ်ကြစေရန် မိမိတို့ အားပေးကြရမည်ဖြစ် . . .**

❖ **စာပေလေ့လာဖတ်ရှုနိုင်မည့် ပတ်ဝန်းကျင်များ ဖန်တီးပေးကြရမည်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင်ပြုလုပ်သော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိစာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ/တပ်ရင်းတပ်ဖွဲ့စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

## WBC နှင့် OPBF ချန်ပီယံခါးပတ်တွင် မြန်မာအလံပါရှိလာ




ရန်ကုန် ဧပြီ ၂၃

မြန်မာလက်ဝှေ့ကော်မရှင် (MBC)၏ ဆောင်ရွက်မှုဖြင့် WBC (ကမ္ဘာ့ဘောက်ဆင်ကောင်စီ)နှင့် OPBF(အာရှပစိဖိတ်ဘောက်ဆင်အဖွဲ့ချုပ်)တို့မှ ပေးအပ်မည့် ချန်ပီယံခါးပတ်များတွင် မြန်မာနိုင်ငံတော်အလံ ပါဝင်လာပြီဖြစ်ကြောင်း သိရသည်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် မြန်မာဘောက်ဆင်ကော်မရှင်ကို ၂၀၂၄ ခုနှစ်တွင်ဖွဲ့စည်းခဲ့ပြီး ပြည်တွင်း၌ ပရော်ဖက်ရှင်နယ်ဘောက်ဆင်ပြိုင်ပွဲများကျင်းပသည့်နည်းတူ ဂျပန်နိုင်ငံတွင် ကျင်းပသည့် ဂျပန်ဘောက်ဆင်ကော်မရှင်၏ WBC ပြိုင်ပွဲ၊ ထိုင်းနိုင်ငံတွင် ကျင်းပသည့် OPBF ပြိုင်ပွဲများတွင်လည်း **စာမျက်နှာ ၂၈ ကော်လံ ၄** ❍




## Max Cement တောင်ဖီလာဘိလပ်မြေစက်ရုံမှ ဘိလပ်မြေဈေးနှုန်းများ ၂၃၀၀၀ မှ ၂၀၀၀၀ အထိ လျှော့ချရောင်းချပေး

နေပြည်တော် ဧပြီ ၂၃

ငလျင်ဘေးသင့်ဒေသများတွင် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် Max Cement တောင်ဖီလာဘိလပ်မြေစက်ရုံက နေ့စဉ်တန်ချိန် ၁၅၀၀ မှ ၁၈၀၀ အထိ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ ယနေ့မှစ၍ အများပြည်သူများ ဈေးနှုန်းသက်သာစွာ **စာမျက်နှာ ၁၁ ကော်လံ ၃** ■

### ဆောင်းပါး

**တန်ခူး = တာကူး** စာ - ၁၃ သို့

---

**ပဲပုပ်ကို သီးထပ်အဖြစ်တိုးချဲ့စိုက်ပျိုးခြင်းဖြင့် စားသုံးဆီနှင့်တိရစ္ဆာန်အစာတင်သွင်းမှုကို လျှော့ချလာနိုင်** စာ - ၇ သို့

**မြေငလျင်ကြီးမားစွာလှုပ်ခတ်မည်ဖြစ်ကြောင်း Tiktok အကောင့်မှတစ်ဆင့် မဟုတ်မမှန်သတင်းအမှားဖြန့်ဝေခဲ့သူ John(Palmistry)အကောင့်ပိုင်ရှင် ဂျွန်မိုးသဲအား ဖမ်းဆီးရမိ** စာ - ၂၅ သို့

**တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ရေနံစိမ်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ** စာ - ၂၉ သို့

